# ‘၂၀၀၈ ခုနှစ် မြန်မာဖွဲ့စည်းပုံအခြေခံဥပဒေ သုံးသပ်အကဲဖြတ်ချက်’

**Yash Ghai**
(အငြိမ်းစားပါမောက္ခ) ဟောင်ကောင် တက္ကသိုလ်
ယခု ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေ အကြံပြု အထောက်အကူပြုအဖွဲ့ခေါင်းဆောင်
နီပေါလ် နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်
ကမ္ဘောဒီးယားနိုင်ငံ

# " မာတိကာ "


၁။ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖန်တီးမှုလုပ်ငန်းစဉ်များ ၁
၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုအခြေအနေ ၄
၃။ လုပ်ငန်းစဉ် ၆
ဖွဲ့စည်းပုံအခြေခံဥပဒေအတွက်ပြင်ဆင်မှုလုပ်ငန်းစဉ် ၇
၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁
ဖွဲ့စည်းပုံအခြေခံဥပဒေ၏ဦးတည်ချက်များနှင့်အခြေခံဥပဒေသများ ၁၁
ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်မှု ၁၂
ရွေးကောက်ပွဲစံနစ် ၁၆
ဥပဒေပြုအဖွဲ့များ ၂၀
ပြည်နယ်နှင့်ဒေသဆိုင်ရာဥပဒေပြုအဖွဲ့များ ၂၂
ပြည်ထောင်စုပိုင်နက်နယ်နမိတ်ဥပဒေပြုအဖွဲ့ ၂၂
ကိုယ်ပိုင်အုပ်ချုပ်ရေးဇုန်(သို့)တိုင်းဥပဒေပြုအဖွဲ့ ၂၃
အလုပ်အမှုဆောင်များနှင့်သမတရုံး ၂၃
ပြည်ထောင်စုအစိုးရ ဖွဲ့စည်းတည်ဆောက်မှု ၂၄
သမတ၏အခွင့်အာဏာများနှင့်တာဝန်ဝတ္တရားများ ၂၅
သမတ၏တာဝန်ယူမှု ၂၆
တပ်မတော်နှင့်စစ်ဦးစီးချုပ် ၂၆
တရားစီရင်ရေး ၂၈
ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး ၂၉
ပြည်ထောင်စု၊ပြည်နယ်များနှင့်ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများအကြား ဆက်သွယ်မှု ၃၀
တရားဥပဒေများ၏ပြေပြစ်ညီညွတ်မှု ၃၂
ဘဏ္ဍာရေးနှင့်ရင်းမြစ်များပြည်ထောင်စုပြည်နယ်များနှင့်ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများအကြားဆက်သွယ်မှု ၃၃
စီမံအုပ်ချုပ်မှု ပြည်ထောင်စု၊ ပြည်နယ် နှင့် ဒေသများ ၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ အကြားဆက်သွယ်မှု ၃၃
အရေးပေါ်အခြေအနေအခွင့်အာဏာများ ၃၄
ပြင်ဆင်မှုလုပ်ထုံးလုပ်နည်း ၃၆
အသွင်ကူးပြောင်းမှုဆိုင်ရာပြဌာန်းသတ်မှတ်မှုများ ၃၆
သုံးသပ်အကဲဖြတ်ချက် ၃၇

## (၁) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများ၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖန်တီးမှု လုပ်ငန်းစဉ်များ

၂၀၀၈ခုနှစ်၊ ဇူလိုင်လ မြန်မာနိုင်ငံကပြည်သူလူထုတွေဟာ ဆယ်စုနှစ်တွေထဲမှာ အဆိုးဆုံး ဆိုင်ကလုံးမုန်တိုင်းကြီးရဲ့ ခြောက်ခြားစရာပျက်စီးဆုံးရှုံးမှုတွေ တွေ့ကြုံခံစားရပြီး လူထောင်ပေါင်းများစွာ သေဆုံး၊ ထောင်ပေါင်းများစွာ ပျောက်ဆုံးသွားခဲ့ရပါတယ်။ တိုင်းပြည်ရဲ့နေရာဒေသများစွာမှာ ဆက်သွယ်ရေး တွေ ပြတ်တောက်သွားခဲ့ရပြီး ဆိုင်ကလုံးမုန်တိုင်းကြီးအတွင်း အသက်ရှင်ကျန်ရစ်သူတွေကို ကယ်ဆယ် စောင့်ရှောက်ရေးကို တနိုင်ငံလုံးက ဂရုတစိုက်လုပ်ဆောင်ခဲ့ရပါတယ်။ အဲဒီအချိန်မှာ စစ်အစိုးရက သူတို့စီစဉ် ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်ကို အတည်ပြုပြဌာန်းဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး ကျင်းပခဲ့ပါတယ်။ သူတို့အနေနဲ့ လူအတော်များများဟာ မဲလာထည့်ဖို့ မဖြစ်နိုင်တဲ့အတွက် ဆန္ဒခံယူပွဲကျင်းပ သင့်တဲ့အချိန် မဟုတ်ဘူးဆိုတာကို သိခဲ့ပါတယ်။ ဒါပေမယ့် စစ်အစိုးရဟာ မှန်ကန်တရားမျှတတဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူ ပွဲကျင်းပလို့ရအောင် ပြည်တွင်းနဲ့ နိုင်ငံတကာက ဆန္ဒခံယူပွဲကို ရွှေ့ဆိုင်းပေးဖို့ တောင်းဆိုမေတ္တာရပ်ခံတာတွေအားလုံးကို လစ်လျူရှုခဲ့ပါတယ်။ ကြိုတင်ပြောလို့ရနေတဲ့ ရလဒ်တွေအဖြစ် ၉၀% အထက်ရှိတဲ့ ပြည်သူလူထုအများစုကြီးက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြု ခဲ့တယ်လို့ စစ်အစိုးရက ကြေငြာခဲ့ပါတယ်။ မြောက်များလှတဲ့ အစီရင်ခံတင်ပြမှုတွေကတော့ မဲဆန္ဒပေး သူတွေရဲ့ဆန္ဒကိုဂရုမစိုက်ဘဲ အစိုးရတာဝန်ရှိပုဂ္ဂိုလ်တွေက မဲပြားတွေကို ထောက်ခံမှတ်သားထားခဲ့တယ်လို့ ဆိုပါတယ်။ မဲပေးသူတွေကလည်း သူတို့အနေနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ကန့်ကွက်မဲ ပေးခဲ့မယ်ဆိုရင် အပြစ်ပေးခံရမယ်ဆိုတာကို သိနေခဲ့ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူလူထုအများစု ကြီးကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ဖတ်ဖို့ အခွင့်အရေးမရခဲ့ကြပါဘူး။ လေ့လာဆွေးနွေးဖို့ ဆိုတာတော့ ပိုလို့တောင်မဖြစ်နိုင်ခဲ့ကြပါဘူး။ စစ်အစိုးရက ဆန္ဒခံယူပွဲကျင်းပပြီးရလဒ်ကို အာဏာသုံး ထိန်းချုပ်လိုက်တာကို အကောင်းမမြင်နိုင်ကြသလို ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းကို စီစဉ်ရေးဆွဲတုန်းက အတင်းအကျပ်၊ ဖိအားပေးခဲ့တာကိုလည်း အကောင်းမမြင်ခဲ့ကြပါဘူး။

ဒီစာတမ်းမှာ ကျနော်က စစ်အစိုးရဟာ ဘာဖြစ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် မူကြမ်း ရေးဆွဲတဲ့အလုပ်နဲ့ စီစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်ကို တာဝန်ယူခဲ့တယ်ဆိုတာကို ဖော်ပြမှာပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်အချက်တွေလို့ စစ်အစိုးရက တောင်းဆိုခဲ့တဲ့ အခြေခံစည်းမျဉ်းတွေကို ကျနော် စစ်ဆေးကြည့်ပြီး (အဓိကအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ နိဒါန်းပိုင်းတွေမှာ ဖော်ပြထားပါတယ်) ချပေးထားတာတွေရဲ့ အများတွေကို ပြသပါ့မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံအကြောင်း အရင်းတွေလို့ ကျနော် စဉ်းစားမိတာတွေကို ကျနော်ပြရရင် -

အဓိကတစ်ခုက စစ်တပ်စိုးမိုးချယ်လှယ်မှုကို အခွန့်ရှည်အောင်လုပ်ထားတာပါပဲ။ စာတမ်းကို ကျနော်က မြန်မာ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို စိတ်ဖြာသုံးသပ်မှု တစ်ခုရရှိအောင် ဖွဲ့စည်းပုံ အခြေခံဥပဒေတွေရဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖန်တီးရေးလုပ်ငန်းစဉ်တွေရဲ့ ဖြစ်နိုင်တဲ့ အခန်းကဏ္ဍတွေကို အသေအချာ စစ်ဆေးလေ့လာပြီး စတင်ခဲ့တာပါ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရတဲ့ရည်ရွယ်ချက်တွေနဲ့ ဆက်စပ်ဖွင့်ဆိုမှုတွေကို လေ့လာအကဲဖြတ်ရပါမယ်။ အဲဒီလိုပဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖန်တီးမှုလုပ်ငန်းစဉ်ကိုလည်း လေ့လာ အကဲဖြတ်ရပါမယ်။ မကြာမတင်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတော်များများဟာ လူမှုဘဝနဲ့ အများအားဖြင့် လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ဆက်စပ်ပြီး ရေးဆွဲအတည်ပြုခဲ့ကြတာပါ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ခု ချမှတ်အခြေတည်ဖို့ကို ရှေ့ရှုစေတဲ့ လုပ်ငန်းစဉ်တွေဟာ အများအားဖြင့် ပဋိပက္ခမတိုင်ခင် ဒါမှမဟုတ် တိုက်ခိုက်မှုတွေ နိဂုံးချုပ်သွားပြီးမှ စတင်ခဲ့ကြတာပါ။ လူမှုဘဝပဋိပက္ခအတော်များများဟာ နိုင်ငံတော်တည်ဆောက်ပုံ၊ အာဏာခွဲဝေမှု၊ အမျိုးသားသယံဇာတသုံးစွဲပိုင်ခွင့် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပါလေ့ပါထရှိတာတွေနဲ့ ဆက်စပ်တဲ့ဥပဒေတွေနဲ့ ပတ်သက်တတ်ကြပါတယ်။ အငြင်းပွားပဋိပက္ခဖြစ်မှု နောက်အဓိပ္ပါယ်တစ်ခုအနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းပါပဲ။ နောက်ဆုံးမှာတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ခုကို ပဋိပက္ခရဲ့ အောင်မြင်တဲ့ နိဂုံးချုပ်မှုတစ်ခုအဖြစ် နားလည်သဘောပေါက် ကြပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖန်တီးမှုလုပ်ငန်းစဉ်ကလည်း ထွက်ပေါ်လာမယ့်အရာလိုပဲ အရေးကြီးတာပါဘဲ။ တကယ်တော့ လုပ်ငန်းစဉ်ကပဲ ထွက်ပေါ်လာမယ့်ဥပဒေကို ပြဌာန်းပါတယ်။ ဒါပေမယ့် ပြန်လည်သင့်မြတ်ရေးနဲ့ ယုံကြည်မှုတည်ဆောက်ရေးအပါအဝင် တခြားရည်ရွယ်ချက်တွေအတွက်လည်း သူက ဆောင်ရွက်ပေးပါတယ်။ နောက်ထပ်အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးရဲ့နည်းနာနဲ့ တိုးမြှင့်မှုတွေနဲ့ ပတ်သက်ပြီး မဟာဗျူဟာကျတဲ့ စဉ်းစားတွေးမြင်မှုတွေလည်း ရှိနေပါတယ်။ ဝေဖန်ဆန်းစစ်မှုအရတော့ ပဋိပက္ခတွင်းနဲ့ပဋိပက္ခလွန်ကာလတွေမှာ ကြံဆပြဌာန်းသတ်မှတ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ အခြေအနေတွေဟာ ဆွေးနွေးညှိနှိုင်းမှုတွေရဲ့ရလဒ် ဒါမှမဟုတ် အောင်မြင်မှုရဖို့အတွက်သာ ဖြစ်သင့်ပါတယ်။

အဲဒါကြောင့် မြန်မာအစိုးရ(SPDC)က ပြည်သူလူထုကိုချပြလိုက်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အစိုးရက အဲဒီအတွက် တန်ဘိုးထားသတ်မှတ်ပေးလိုက်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွင့်ဆိုဖော်ပြမှုတွေနဲ့ အဆုံးအ ဖြတ်ပေးရပါလိမ့်မယ်။

ဖွင့်ဆိုဖေါ်ပြမှု(မတူကွဲပြားတဲ့ မျှော်မြင်မှုတွေ ရှိနိုင်ကြပါတယ်)တွေဟာ ရည်ရွယ်ချက်တွေ(ဖွဲ့စည်းပုံခြေခံဥပဒေထဲမှာ ရှင်းရှင်းလင်းလင်းဖော်ပြထားပြီးနောက်ပိုင်း ဒီစာတမ်းမှာ အကျဉ်းဖော်ပြထားပါတယ်) ဖွင့်ဆိုဖော်ပြမှုတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးစရာ ပြဿနာတွေ အမျိုးမျိုးထွက်ပေါ်လာပါတယ်။ မြန်မာနိုင်ငံဟာ စစ်အစိုးရက ဆယ်စုနှစ်ပေါင်းများစွာ အုပ်ချုပ်ခံလာခဲ့ရပြီး အခုအချိန်မှာ လက်နက်ကိုင်တပ်မတော်ရဲ့ လုံးဝလွှမ်းမိုးမှုနဲ့ ပါတီစုံဒီမိုကရေစီစံနစ်ကို ရှေ့ရှုလုပ်ဆောင်နေပြီလို့ ကြေငြာထားတာကို ကျနော်သိပါတယ်။ တကယ်လို့ ဒီမိုကရေစီဟာ ဦးတည်ချက်တစ်ခုဖြစ်တယ်ဆိုရင် အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုတွေ(အသွင်ကူးပြောင်းရေးကာလအတွက်)နဲ့ ဒီမိုကရေစီပိုပြီး ခိုင်မာအားကောင်းလာရေးကို ရှေ့ရှုတဲ့ လုပ်ငန်းစဉ်ရဲ့အစဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်ပါသလား ဒါမှမဟုတ် အဲဒါဟာ ဒီမိုကရေစီအခြေခံဥပဒေရဲ့ အခြေခံအုတ်မြစ်ရဲ့ နောက်ဆုံးပုံစံဖြစ်နေပါသလား။ အသွင်ကူးပြောင်းရေးကာလအတွက်ရေးဆွဲလိုက်တဲ့ဥပဒေတစ်ခုဟာ နောက်ဆုံး ပုံစံတစ်ခုနဲ့ မတူခြားနားတဲ့ ဦးတည်ချက်တွေ၊ နည်းနာတွေနဲ့ လမ်းကြောင်းတွေ သူ့မှာရှိပြီး အဲဒီလိုမျိုး အဆုံးအဖြတ် အပေးခံသင့်ပါတယ်။

တကယ်လို့သာ အဲဒါဟာ အသွင်ကူးပြောင်းရေးဖြစ်တယ်ဆိုရင် လူတစ်ယောက်အနေနဲ့ ပိုပြီး ကျယ်ပြန့်တဲ့ မဟာဗျူဟာတစ်ခုရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စစ်ဆေးကြည့်ရှုရပါမယ်။ အဲဒါဟာ လုံးဝပြည့်ဝတဲ့ဒီမိုကရေစီကို ရှေ့ရှုစေတဲ့ လုံလောက်တဲ့အပြောင်းအလဲတွေကို ဆောင်ယူပေးနိုင်မလား၊ စစ်တပ်နဲ့အပြုသဘောချိတ်ဆက်ဆောင်ရွက်နိုင်မယ့် ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုတွေ ဖြစ်လာနိုင်မလား၊ အနာဂတ်အတွက် ပါဝင်ဆောင်ရွက်ခြင်းနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနဲ့ နိုင်ငံရေးဆိုင်ရာရွေးချယ်မှုအတွက် ပိုပြီးကြီးမားတဲ့ သိမြင်နားလည်မှုတွေနဲ့ ညှိနှိုင်းဆွေးနွေးမှု၊ တွေ့ဆုံဆွေးနွေးမှုတွေကို လမ်းဖွင့်ပေး၊ လူမှုအဖွဲ့အစည်းတွေကို အားဖြည့်နိုင်မလား၊ ဒါမှမဟုတ် ဆန့်ကျင်ဖက်အားဖြင့် ဒီမိုကရေစီ အခြေခံပြောင်းလဲမှုတွေ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတွေကို လက်ခံဖို့၊ လူနည်းစုတွေရဲ့ ယဉ်ကျေးမှုလိုအင်ဆန္ဒတွေကို လေးစားဖို့၊ စိတ်လိုလက်ရမရှိတဲ့ လက်ရှိအုပ်စိုးသူတွေကိုပဲ အတုအယောင်တရားဝင်ဖြစ်ခြင်းကို ပေးမှာလား။ တစ်နည်းအားဖြင့် ရေးဖွဲ့လိုက်တဲ့ ဖွဲ့စည်း ပုံအခြေခံဥပဒေသစ်ရဲ့ ပြယုဂ်အောက်ကနေ အာဏာရှင်စံနစ်ကို ဆက်ပြီး ရှင်သန်ဖွံ့ဖြိုးစေမှာလား ဆိုတာမျိုးပေါ့လေ။

မြန်မာအစိုးရကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြောင်းအလဲလုပ်လို့မရနိုင်တဲ့ ဥပဒေလို့ သဘောထားမှာကတော့ အသေအချာပဲဖြစ်ပါတယ်။ အဲဒီလို အဆုံးအဖြတ်ပြု ပြီး ဒီစာတမ်းကို နိဂုံးချုပ်ရသလို စစ်အစိုးရက အဲဒီအခြေခံဥပဒေကို တန်ဘိုးဖြတ်သတ်မှတ်ပေးလိုက်တဲ့ ရည်ရွယ်ချက်တွေ ကင်းမဲ့နေနိုင်ပါတယ်။ ဒါပေမဲ့ တခြားသူတွေကတော့ ဒီမိုကရေစီနည်းလမ်းမကျတဲ့ အာဏာရှင်စစ်အစိုးရရဲ့ တချို့လုပ်ရှားမှုတွေကို ကိုယ်စားပြုနေတဲ့ အသွင်ကူးပြောင်းရေးကာလအတွက် ရေးဆွဲထားတဲ့ ဥပဒေအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ယှဉ်တွဲထားတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ထောက်ခံဖို့ သူတို့ရဲ့စိတ်ကို ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပါတယ်။

ဖွင့်ဆိုဖော်ပြမှုနဲ့ နောက်ထပ်အရေးပါတဲ့အရာတစ်ခုကတော့ လူမှုနိုင်ငံရေးအခြေအနေပါပဲ။ မကြာမတင်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတော်များများဟာ အစဉ်အလာဒီမိုကရေစီပုံစံမျိုး

(လက်တင်အမေရိကနဲ့ အရှေ့ဥရောပမှာလို)ကို ရယူဖို့ အဓိကထားခဲ့ကြပါတယ်။ တခြားသူတွေကတော့ သူတို့ရဲ့အတွင်းပိုင်းဆိုင်ရာ၊ လူမျိုးစုဆိုင်ရာနဲ့ ပဋိပက္ခတွေရဲ့ အဆုံးအဖြတ်တွေပေါ်မှာ အဓိက အခြေခံ ဦးတည်ခဲ့ကြပါတယ်။(လူ့အဖွဲ့စည်းတွင်း ဆက်ဆံရေးရဲ့ လတ်တလောအခြေအနေတွေအတွက် လက်တွေ့ ဆောင်ရွက်မှုတွေနဲ့ အစဉ်အလာဒီမိုကရေစီအယူအဆတွေကို ထိန်းညှိပြီး)။

လုပ်ငန်းစဉ်နဲ့ ဆက်စပ်နေသလောက် မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ အဓိကပြသနာတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လူများစု မြန်မာ့လူ့အဖွဲ့အစည်းနဲ့ တိုင်းရင်းသားလူနည်းစုများပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီထောက်ခံအားပေးသူတွေနဲ့ စစ်အာဏာရှင်စံနစ်ထောက်ခံအားပေးသူတွေကြား ပြန်လည် သင့်မြတ်ရေးကို အဆုံးအဖြတ်ပေးတဲ့နေရာမှာ ပြည်သူလူထုက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေး တွေပဲဖြစ်ကြပါတယ်။ အနစ်သာရအားဖြင့်တော့ ပြဿနာတွေက မြန်မာနိုင်ငံက လူမျိုးစုတွေနဲ့ ဘာသာ စကား များပြားမှုတွေကို အသိအမှတ်ပြုမှုနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးပဲ ဖြစ်ပါတယ်။

ဒီကျယ်ပြန့်တဲ့ နိဒါန်းပိုင်းမှာပဲ ဒီစာတမ်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း စီစဉ်ရေးဆွဲမှုနဲ့ အတည်ပြု ပြဌာန်းမှုတွေပါဝင်တဲ့ လုပ်ငန်းစဉ်ကို ပထမဆုံး စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ နောက်အစိုးရရဲ့ စီမံအုပ်ချုပ်ပုံစံနစ်ကို ဆုံးဖြတ်ပြဌာန်းဖို့ သူတို့ရဲ့ အခွင့်အရေးနဲ့ ပြည်သူလူထုရဲ့ အချုပ်အခြာအာဏာ ပိုင်စိုးမှုကို အသိအမှတ်ပြုဖို့ သင့်လျော်ကောင်းမွန်တဲ့ လုပ်ငန်းစဉ်တစ်ခုလို့ အခုသဘောထားခံရတဲ့ ဥပဒေနဲ့ နှိုင်းယှဉ်ကြည့်ရပါတယ်။ ဒီစာတမ်းဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ရေရေရာရာရှိတဲ့ ပါဝင်အကြောင်း အရာတွေကိုလည်း စစ်ဆေးကြည့်ရှုသွားမှာဖြစ်ပြီး စစ်အစိုးရကကြေငြာထားခဲ့တဲ့ ဦးတည်ချက်တွေနဲ့ တိုင်းပြည်က ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တွက်ချက် အကဲဖြတ်သွားမှာပါ ။

## (၂) <u>ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအခြေအနေ</u>

မြန်မာနိုင်ငံက ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအခြေအနေကို အခြေခံအကြောင်း အချက်ပေါင်းများစွာနဲ့ လက္ခဏာသတ်မှတ်ပါတယ်။ အခုဆိုရင် တိုင်းပြည်ကို အာဏာရှင်စံနစ်နဲ့ ဖိနှိပ်အုပ် စိုးနေတဲ့ အစိုးရတစ်ရပ်က အုပ်ချုပ်နေတာ ဆယ်စုနှစ်အတော်ကြာခဲ့ပါပြီ။ လက်ရှိအစိုးရဟာ ဒီမိုကရေစီပြု ပြင်ပြောင်းလဲမှုတွေကို ဆန့်ကျင်တိုက်ဖျက်ပြီး ၁၉၉၀ခုနှစ် ရွေးကောက်ပွဲရလဒ်အရ ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီးဖြစ်တဲ့အတိုင်း ပြည်သူလူထုတွေက သူတို့ရဲ့ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့တဲ့ ခေါင်းဆောင်တွေကိုလည်း လက်မခံပဲ ငြင်းဆန်ထားခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူကြိုက်များ အထင်ရှားဆုံးဖြစ်တဲ့ ခေါင်းဆောင်ဟာ နှစ်ပေါင်းများစွာ နေအိမ်အကျယ်ချုပ် ချထားခံနေရပါတယ်။ တရားဥပဒေစိုးမိုးမှု လုံးဝမရှိတော့ပါဘူး။ ပြည်သူလူထုပေါင်းမြောက်များစွာဟာ ဒီမိုကရေစီအတွက် တိုက်ပွဲ ဝင်နေကြပါတယ်။ အခွင့်အလမ်းတစ်ခုရတာနဲ့ တပြိုင်နက် ပြည်သူလူထုဟာ တာဝန်ယူမှုရှိတဲ့ ဒီမိုကရေစီအစိုးရတစ်ရပ်ကို လိုလားနှစ်သက်ကြောင်း သူတို့ရဲ့ဆန္ဒကို တညီတညွတ်တည်း ပြသခဲ့ ကြပါတယ်။

ပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးတွေနဲ့ လူ့အဖွဲ့အစည်းဆိုင်ရာ အခွင့်အရေးတွေကို ဖိစီးနှိပ်ကွပ်မှု၊ ဒီမိုကရေစီကို ငြင်းပယ်မှုနဲ့ အားဖြည့်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့အခြေခံအကျဆုံး အခွင့်အရေး တွေနဲ့ လွတ်လပ်မှုတွေကို အကြီးအကျယ်ချိုးဖောက်မှုတွေ ရှိနေပါတယ်။ လွတ်လပ်စွာပြောဆိုခွင့်လည်း မရှိပါဘူး။ အစိုးရနဲ့ ဘယ်လိုသဘောထား ဆန့်ကျင်ကွဲလွဲမှုမျိုးကိုမှ သည်းညီးမခံပါဘူး။ မြောက်များစွာ အရေအတွက်ရှိတဲ့ မြန်မာတွေဟာ နိုင်ငံပြင်ပကိုမလွှဲမရှောင်သာ ထွက်ပြေးတိမ်းရှောင်နေထိုင်ကြရပါတယ်။ စစ်အစိုးရက ပြည်သူလူထုရဲ့လုပ်အားကို ခေါင်းပုံဖြတ်ခဲ့ပါတယ်။ ကလေးသူငယ်တွေနဲ့ တခြားသူတွေကို အတင်းအကျပ် လုပ်အားစေခိုင်းကြပါတယ်။ တိုင်းပြည်က ချမ်းသာပေမယ့် ပြည်သူလူထုကြီးရဲ့အများစုဘဝ အခြေခံလိုအပ်ချက်တွေကို ငြင်းပယ်ထားတဲ့အတွက် ဆင်းရဲခြင်းအဆင့်အခြေအနေဟာ ကြောက်စရာ ကောင်းလောက်အောင် ဆိုးဝါးလှပါတယ်။ မြန်မာနိုင်ငံရဲ့ရင်းမြစ်တွေနဲ့ သယံဇာတတွေကို မတရား ထုတ်ယူပြီး စစ်တပ်နဲ့ အဆက်အသွယ်ရှိတဲ့ အတန်းအစားလေးတစ်ခုကပဲ အလွဲသုံးစား ပြုနေကြပါတယ်။

မြန်မာနိုင်ငံကပြည်သူတွေဟာ အတော်များများသောအစိတ်အပိုင်းအရ ဒီမိုကရေစီဟောပြောပို့ချချက်တွေနဲ့ ကျင့်သုံးမှုမရှိတာတွေကြောင့် အမျိုးသားအမှတ်လက္ခဏာ ဆုံးရှုံးမှုတွေ ခံစားနေကြရပါတယ်။ မြန်မာနိုင်ငံရဲ့ ရေပေါ်ဆီအထက်လွှာတွေကြားမှာ ရန်လိုမုန်းတီးမှုနဲ့ အပြန်အလှန် သံသယစိတ်တွေ ရှိနေကြပါတယ်။ မြန်မာနိုင်ငံရဲ့ ကိုလိုနီစုစည်းသိမ်းသွင်းမှုကြောင့် ကိုလိုနီခေတ်လွန် နိုင်ငံရေးခေတ်မှာ ပြည်သူတွေကြားမှာ နက်နက်ရှိုင်းရှိုင်း သွေးကွဲမှုတွေ ရှိနေပါတယ်။ ပြည်သူအများစု(သုံးပုံနှစ်ပုံလောက်)က ဘာသာစကားယဉ်ကျေးမှုနဲ့ ဘာသာရေးမတူကွဲပြားမှုတွေ ရှိနေပေမယ့် အမျိုးသားနိုင်ငံတစ်ခုအဖြစ် ရှုမြင်ကြပါတယ်။ အများစုအတွက်ကတော့ ဦးစားပေးပြုပြင်ပြောင်းလဲရေးဟာ ဒီမိုကရေစီ ဖော်ဆောင်ရေးပဲ ဖြစ်ပါတယ်။ ကျန်တဲ့သူတွေမှာတော့ အများစုဟာ ဒေသခံတိုင်းရင်းသားလူမျိုးစု လူ့အဖွဲ့အစည်းတွေဖြစ်ကြပြီး အဓိကအားဖြင့် အုပ်စု ခုနစ်ခု ကွဲပြားနေပါတယ်။ သူတို့ဟာ သမိုင်းကြောင်း ဒါမှမဟုတ် လိုအင်ဆန္ဒ မတူညီကြပါဘူး။ တစ်မျိုးစီက မတူကွဲပြားတဲ့ အမျိုးသားလက္ခဏာ သိမြင်နားလည်မှုနဲ့ သူတို့လူ့အဖွဲ့အစည်းက ခေါင်းဆောင်တွေကိုပဲ သူတို့ကို ကိုယ်စားပြုစေချင်ကြပါတယ်။ တချို့တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေဟာ လေးနက်တဲ့ ခရစ်ယာန်တွေဖြစ်နေတဲ့အတွက် လူများစုကြီးနဲ့ သီးခြားကွဲထွက်နေကြပါတယ်။ အတော်များများက လွတ်လပ်ရေးအတွက် ဘုံအလိုဆန္ဒရှိကြ ဒါမှမဟုတ် လောက်လောက်လားလားရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ရလိုစိတ်ရှိကြပြီး သူတို့ရဲ့ ရိုးရာအစဉ်လာမိခင်ဒေသဒေသတွင်းမှာရှိတဲ့ သဘာဝသယံဇာတပစ္စည်းတွေရဲ့ အကျိုးစီးပွားကို ခံစားခွင့်ရလိုစိတ်မှာ တူညီကြပါတယ်။

စာရေးဆရာတစ်ယောက်က ဗမာမဟုတ်တဲ့ တိုင်းရင်းသားလူမျိုးစုအုပ်စုတွေဖြစ်တဲ့ အဓိကခုနစ်အုပ်စုကို နိုင်ငံရေးအရ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်နီ၊ ကရင်နဲ့ မွန်ပြည်နယ်တွေအဖြစ် တရားဝင်နိုင်ငံရေးအရ အသိအမှတ်ပြုရေးအတွက် သူတို့ကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီမှုရယူရေးအတွက် အကြံပြု တင်ပြခဲ့ပါတယ်။ အဲဒီပြည်နယ်တွေဟာ အဓိကအားဖြင့် ဗမာတွေလွှမ်းမိုးတဲ့မြေနိမ့်ဗဟိုဒေသကိုဝိုင်းရံထားတဲ့ အဓိကအားဖြင့် တောင်ကုန်းဒေသတွေ ဖြစ်ပါတယ်။ (ဗြိတိသျှလက်အောက်'ဗမာစစ်')။ ရန်ကုန်ဟာ မြစ်ဝကျွန်းပေါ်ဒေသနဲ့ တနင်္သာရီတိုင်းတည်ရှိမှုအရ ရောထွေးနေပေမယ့် သူတို့ဟာ ဗမာမဟုတ်တဲ့ ပြည်သူတွေ အများစုနေထိုင်ရာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကြတဲ့ အချိန်မှာ တိုင်းရင်းသားလူနည်းစုလူမျိုးစုတွေက သူတို့ရဲ့ကိုယ်ပိုင်လွတ်လပ်ရေးကို အလိုရှိခဲ့ကြပါတယ်။ သူတို့ရဲ့နေရာဒေသတွေကို ဗြိတိသျှတွေက အုပ်ချုပ်ခဲ့ကြပြီး မြန်မာနိုင်ငံရဲ့ အစိတ်အပိုင်းအပြည့်ထက် နည်းပါတယ်။ စိတ်လိုလက်ရမဟုတ်ပဲ တိုင်းပြည်ရဲ့ ကျန်တဲ့အစိတ်အပိုင်းနဲ့ပေါင်းစည်းဖို့ သဘောတူညီခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့က ဖက်ဒရယ်ပြည်ထောင်စုပုံသဏ္ဍာန်နဲ့ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပေးရမယ်ဆိုတဲ့ ကန့်သတ်မှုနဲ့ပါ။ ဒါပေမယ့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုတွေကြောင့် ပိုပြီးအားနည်းသွားခဲ့ရတဲ့ အားပျော့တဲ့ ဖက်ဒရယ်ပြည်ထောင်စုပုံစံကိုသာ ချမှတ်ခဲ့တာဖြစ်ပါတယ်။

သူတို့တွေရဲ့ သူစိမ်းပြင်ပြင်စိတ်ဓာတ်ဟာ သူပုန်ထမှုတွေနဲ့ သူတို့ရဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်ခွင့် ဒါမှမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဩဇာလွှမ်းမိုးနေတဲ့ ဗမာလူမျိုးတွေနဲ့ တိုင်းရင်းသားလူနည်းစုတွေ ဒါမှမဟုတ် တိုင်းရင်းသားလူမျိုးစုတွေကြားမှာရှိတဲ့ ပဋိပက္ခဟာ လွတ်လပ်ရေးရပြီးကတည်းက တိုင်းပြည်ကို ဒုက္ခပေးနေတဲ့ သမိုင်းရဲ့အဓိကဗဟိုချက်ဖြစ်ပါတယ်။ တဘက်ကပြောမယ်ဆိုရင် ဗဟိုစုစည်းပေါင်းဖွဲ့မှုဖြစ်ပြီး တခြားတဘက်ကပြောမယ်ဆိုရင် တိုင်းရင်းသားလူမျိုးစုတွေရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးကို အသိအမှတ်ပြုဖို့ တောင်းဆိုမှုဖြစ်ပါတယ်။

ဗမာနိုင်ငံရေး ရေပေါ်ဆီအထက်လွှာဟာ ဗမာမဟုတ်တဲ့ တိုင်းရင်းသားလူမျိုးစုတွေရဲ့နာကျည်းမှုတွေနဲ့ အလိုဆန္ဒတွေရဲ့ တရားဝင်ဖြစ်မှုပြဿနာပေါ်မှာ သဘောထားကွဲလွဲခဲ့ကြပါတယ်။ ဗမာဩဇာလွှမ်းမိုးတဲ့ စစ်တပ်ကတော့ မြန်မာနိုင်ငံကနေ တိုင်းရင်းသားလူမျိုးစုတွေခွဲထွက်ကြမှာကို ရင်ဆိုင်နိုင်ဖို့ တိုင်းရင်းသားလူနည်းစုတွေကို ဗမာအဖြစ် ပြောင်းလဲပစ်နိုင်ဖို့ သူတို့ရဲ့အမျိုးသားရေးဝါဒကို သွတ်သွင်းဖို့ကို

အတင်းအကျပ် တောင်းဆိုနေပါတယ်။ စစ်တပ်ကို အတိုက်အခံလုပ်နေကြတဲ့ ဗမာနိုင်ငံရေးခေါင်းဆောင်တွေကတော့ ဗမာမဟုတ်တဲ့သူတွေရဲ့ နာကျည်းမှုတွေကို အသိအမှတ်ပြုဖို့နဲ့ ဗမာမဟုတ်သူတွေရဲ့ အလိုဆန္ဒတွေကို ကျေနပ်အောင် လုပ်ပေးနိုင်တဲ့ နည်းလမ်းတွေကို ရှာလို့ရနိုင်ရမယ်လို့ အသိအမှတ်ပြုဖို့ ပိုပြီး လိုလိုလားလားရှိကြပါတယ်။

ဒီတိုင်းရင်းသားလူမျိုးစုလူ့အဖွဲ့အစည်းတွေ ဒါမှမဟုတ် လူနည်းစုတွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ နိုင်ငံရေးစံနစ်တွေကြောင့် ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရပါတယ်။ သူတို့ပိုင်ဆိုင်တယ်လို့ စဉ်းစားတွေးထင်ခဲ့တဲ့ သဘာဝသယံဇာတပစ္စည်းတွေဟာလည်း တခြားလူတွေရဲ့ လုယူခေါင်းပုံဖြတ်တာကို ခံခဲ့ရပါတယ်။ သူတို့မွေးဖွားကြီးပြင်းနေထိုင်ရာ နေရာဒေသတွေဟာလည်း လစ်လျူရှုထားခံခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့ပါဘူး။ သူတို့ကတော့ အစိုးရအဖွဲ့အစည်းတွေ၊ ဌာနတွေက သူတို့ကို ဆိုးဆိုးဝါးဝါး ကိုယ်စားပြု ဆောင်ရွက်ခဲ့တယ်လို့ပဲ ခံစားနေကြရပါတယ်။ သူတို့ရဲ့အသံကို ကြားရခဲ့ပါတယ်။ သူတို့တွေရဲ့နယ်မြေတွေနဲ့ သယံဇာတပစ္စည်းတွေကို ခေါင်းပုံဖြတ်ခံရင်း တိုးလို့သာ ခြိမ်းခြောက်ခံနေကြရတဲ့အတွက် သူတို့ကိုကာကွယ်စောင့်ရှောက်တာမျိုး မခံခဲ့ရသလောက် သူတို့ရဲ့ ယဉ်ကျေးမှုတွေကို မြှင့်တင်ပေးတာမျိုး မရှိသလောက် ဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံရင်ဆိုင်နေရတဲ့ ဖိအားအပြင်းထန်ဆုံးနဲ့ အရေးအကြီးဆုံးပြဿနာတွေကတော့ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတည်ဆောက်ရေး၊ လက္ခဏာဖော်ဆောင်မှု၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီရေးနဲ့ ပါဝင်ဆောင်ရွက်ရေးတွေပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ တိုင်းရင်းသားလူမျိုးစုပဋိပက္ခ နိဂုံးချုပ်သွားနိုင်ပြီး မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းတွေမှာ ညီညွတ် အဆင်ပြေပြေနေထိုင်နိုင်လို့၊ သူတို့တွေရဲ့ ယဉ်ကျေးမှုတွေကို လေးစားခံရနိုင်ဖို့တွေပါဝင်တဲ့ လုပ်ငန်းဘောင် တစ်ခုကို ချပေးနိုင်ရပါမယ်။ တိုင်းပြည်ရဲ့၊ ပြဿနာအများစုရဲ့၊ ဗဟိုချက်မဖြစ်နေတဲ့ စစ်တပ်အသွင် သဏ္ဌာန်တည်ဆောက်မှု ဖျက်သိမ်းရေးလည်း ပါဝင်ရပါမယ်။

## (၃) <u>လုပ်ငန်းစဉ်</u>

ဒီလုပ်ငန်းစဉ်ရဲ့ ထင်ရှားအရေးပါတဲ့ လုပ်ငန်းဆောင်တာကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တစ်ခုကို ဖန်တီးဖော်ဆောင်တာပါပဲ။ မကြာသေးခင်နှစ်တွေအတွင်းက ပြုလုပ်ခဲ့တဲ့ မတူကွဲပြားတဲ့ လုပ်ငန်းစဉ်တွေကို လေ့လာမှုတချို့က လုပ်ငန်းစဉ်တစ်ခုရဲ့ ပါဝင်ဖွဲ့စည်းမှုတွေနဲ့ ကောင်းမွန်ပြီးအလုပ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ထိထိရောက်ရောက်ရယူနိုင်ဖို့ ချမှတ်ပုံဖော်လို့ရနိုင်တဲ့ နည်းလမ်းတွေကို တသီးတခြားစီ ခွဲထုတ်ဖို့ကြိုးစားခဲ့ကြပါတယ်။ အဲဒါက ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲပြဌာန်းဖို့၊ ဆုံးဖြတ်ချက်ယူဖို့ မဲပေးမှုစံနစ်၊ အထွေထွေတွေးမြင်ယူဆမှုတည်ဆောက်ရေးအတွက် ဆွဲဆောင်မှု၊ မြင်သာ ထင်ရှားပွင့်လင်းမှုအတိုင်းအဆ၊ ကျွမ်းကျင်ပညာရှင်များ အသုံးပြုမှု၊ အနိုင်းပြုအတွေ့အကြုံတွေနဲ့ အရေးကြီး ဆုံးအနေနဲ့ နိုင်ငံရေးပါတီတွေ၊ အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ အပြည်ပြည်ဆိုင်ရာ လူ့အဖွဲ့အစည်းတွေနဲ့ သာမန်ပြည်သူလူထုတွေရဲ့ ပါဝင်ဆောင်ရွက်နိုင်မှုအတွက် အခွင့်အလမ်းနဲ့ ဖြစ်နိုင်ခြေဖန်တီးမှုစတာတွေ လုပ်ကိုင်ဆောင်ရွက်ဖို့ အသုံးပြုတဲ့ အဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ပါတယ်။

ဒါပေမဲ့ လုပ်ငန်းစဉ်က တခြားအရေးကြီးတဲ့ ဦးတည်ချက်တွေကိုလည်း ရရှိလာစေနိုင်ပါတယ်။ အဲဒီထဲက အများစုအားဖြင့်တော့ ပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်ဟာ မရှိမဖြစ်အရေးကြီးတယ်ဆိုတာကို အခုအချိန်မှာ ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ခဲ့ကြပါပြီ။ ပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ခုမှာ ပေါ်ထွက်လာမယ့်အရာပေါ်မှာ အလေးအနက် စဉ်းစားတွေးခေါ်မှုနဲ့ ဩဇာသက်ရောက်မှုရှိရေးမှာ ကြီးမားတဲ့ ပြည်သူလူထုရဲ့ ပါဝင်ဆောင်ရွက်မှု ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို စီစဉ်ရေးဆွဲအတည်ပြုကြတဲ့ အဖွဲ့အစည်း ဒါမှမဟုတ် အဖွဲ့အစည်းတွေဟာ ပြည်သူလူထုနဲ့မတူ ကွဲပြားမှုတွေအတွက် ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုမှု ရှိရပါ့မယ်။ ပြည်သူလူထုမှာ လုပ်ငန်းစဉ်နဲ့ ပတ်သက်တာတွေ ၊ ဖွဲ့စည်းပုံအခြေခံဥပဒေက မလွှဲမရှောင်သာ ကိုင်တွယ်ရမယ့်အရာတွေရဲ့ အရေးပါတဲ့ ပြဿနာတွေကို လေ့လာသိရှိနိုင်ဖို့ အခွင့်အလမ်း

တွေ ရှိပါတယ်။ သူတို့ကို အဆုံးအဖြတ်ပေးမယ့်အဖွဲ့ကို သူတို့ရဲ့အမြင်တွေ တင်ပြနိုင်ဖို့ အတည်ပြုပြဋ္ဌာန်းမှုမလုပ်သေးခင်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပေါ်မှာ ဝေဖန်သုံးသပ်ဖို့ အချိန်ပေးရပါမယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းက အစိုးရရဲ့အခြေခံဟာ ပြည်သူလူထုရဲ့ စိတ်ဆန္ဒဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ကုလသမဂ္ဂက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို တခြားအခွင့်အရေးအားလုံးရဲ့ အခြေခံအုတ်မြစ်အဖြစ် ကြေငြာခဲ့ပါတယ်။ အခုအချိန်မှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဖန်တီးပြုစုရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထုရဲ့ ပါဝင်ဆောင်ရွက်မှုအခွင့်အလမ်းတွေကို ပေးအပ်ပြဆိုထားတဲ့ သူတို့ရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေကို ဆုံးဖြတ်ပြဋ္ဌာန်းဖို့ အခွင့်အရေးကို ဒီအခြေခံစည်းမျဉ်းဥပဒေသက ပေးအပ်ထားတယ်ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားခဲ့ကြပါပြီ။ ပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာတမ်း(ICCPR) အခန်း ၂၅ မှာ နိုင်ငံသားတိုင်းရဲ့ ပြည်သူ့ရေးရာများလုပ်ကိုင်ဆောင်ရွက်ရာမှာ တိုက်ရိုက် ဒါမှမဟုတ် ကိုယ်စားလှယ်တွေကတဆင့် ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို အာမခံခြင်းအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံစည်းမျဉ်းဥပဒေသကို အားဖြည့်ပေးခဲ့ပါတယ်။လူ့အခွင့်အရေးကော်မတီက အပိုဒ် ၂၅ ဟာ ပြည်သူတွေရဲ့ သဘောတူညီမှုကိုအခြေခံတဲ့ ဒီမိုကရေစီအစိုးရတစ်ရပ်ရဲ့ ဗဟိုချက်မဖြစ်ပြီး ပဋိညာဉ်စာတမ်းရဲ့ အခြေခံစည်းမျဉ်းဥပဒေသတွေနဲ့လည်း ညီညွတ်မှုရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဖန်တီးတည်ဆောက်ရေးလုပ်ငန်းစဉ်မှာ လူ့အဖွဲ့အစည်းအားလုံးရဲ့ အပြည့်အဝပါဝင်ဆောင်ရွက်မှု ဖြစ်ပေါ်လာစေတယ်လို့ ရှင်းလင်းဖော်ပြခဲ့ပါတယ်။

ပြည်သူလူထုရဲ့ အချုပ်အခြာအာဏာပိုင်ခွင့်အပြင် ပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်မှာ အကျိုးစီးပွားအတော်များများ ရှိနေပါတယ်။ တိုင်းပြည်အတော်များများမှာ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံနဲ့ ပတ်သက်တဲ့ ပြည်သူလူထုပဋိပက္ခရဲ့နောက်ကွယ်မှာ အမျိုးသားရေးဝါဒနဲ့ လက္ခဏာဖော်ဆောင်မှု ပတ်သက်ပြီး ပိုမိုနက်ရှိုင်းတဲ့ သဘောထားကွဲလွဲမှုတွေ တည်ရှိနေပါတယ်။ တိုင်းပြည်ရဲ့ ယဉ်ကျေးမှုအခြေခံအုတ်မြစ်တွေအပေါ်မှာ သဘောတူညီမှု မရှိသလို နိုင်ငံတော်အမှတ်အသားတွေနဲ့ အဖွဲ့အစည်းတွေအပေါ်မှာ သစ္စာရှိမှုပတ်သက်တဲ့ ဘုံခံစားမှုလည်း မရှိခဲ့ပါဘူး။ နိုင်ငံတော်ပြန်လည်ဖွဲ့စည်းတည်ထောင်ရေး လုပ်ငန်းစဉ်ဟာလည်း မတူကွဲပြားနေကြတဲ့ ပြည်သူလူထုအတွက် နိုင်ငံတော်ဆိုတာပေါ်မှာ ကိုယ်စီတိုင်းမှာ သဘောထားမတူညီနိုင်ကြတဲ့အတွက် မကြာခဏ မအောင်မမြင် ဖြစ်နေပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးဟာ နိုင်ငံတော်အစိုးရ ပြန်လည်တည်ဆောက်ရေးမတိုင်ခင် ဖြစ်ရပါမယ် ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖန်တီးတည်ဆောက်ရေးရဲ့ ပါဝင်ဆောင်ရွက်ရေးလုပ်ငန်းစဉ်က နိုင်ငံတော်အစိုးရရဲ့ သဘာဝပေါ်မှာ ဆွေးနွေးသဘောတူညီမှု ရှိဖို့နဲ့၊ သီးခြားကျတဲ့အကျိုးစီးပွားတွေနဲ့ လက္ခဏာဖော်ဆောင်မှုနဲ့ ယေဘုယျအကျိုးစီးပွားတွေနဲ့ လက္ခဏာဖော်ဆောင်အမှုတွေကို မျှခြေဖြစ်လာရအောင် ဆွေးနွေးပွဲတွေနဲ့ အခွင့်အလမ်းတွေ ဖြစ်ပေါ်လာစေပါတယ်။ အဲဒီနည်းအားဖြင့် အမျိုးသားရေးဝါဒရဲ့ လက်ခံနိုင်တဲ့အခြေခံတစ်ခုနဲ့ တိုင်းပြည်အနာဂတ်အတွက် ထိုးထွင်းအမြင်တွေကို ပေါ်ပေါက်လာစေနိုင်ပါတယ်။

ပါဝင်ဆောင်ရွက်မှုက သူတို့တွေကို သွေးကွဲစေတဲ့ မတူခြားနားမှုတွေကို ရှင်းရှင်းလင်းလင်းဖော်ပြခြင်းနဲ့ ဖြေရှင်းခြင်းအားဖြင့် အရင်က ပဋိပက္ခရဲ့ဆန့်ကျင်ဘက်မှာ ရှိခဲ့ကြတဲ့အုပ်စုတွေနဲ့ လူ့အဖွဲ့အစည်းတွေ ပြန်လည်သင့်မြတ်ရေးအတွက်လည်း အထောက်အကူဖြစ်နေပါတယ်။ ဒါဟာ သူတို့တွေရဲ့ကြားမှာ ယုံကြည်မှုတည်ဆောက်ရေးနည်းလမ်းတစ်ခုပဲ ဖြစ်ပါတယ်။ ပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ခုဟာ ဒီမိုကရေစီရဲ့ လုပ်ငန်းနည်းလမ်းတွေနဲ့ တန်ဘိုးတွေ၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး၊ နိုင်ငံရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ဆောင်ရေးမှာ ပြည်သူလူထုရဲ့ ကူညီပံ့ပိုးမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ပညာပေးရေးလုပ်ငန်းစဉ် တစ်ခုလည်း ဖြစ်ပါတယ်။ နက်နက်ရှိုင်းရှိုင်းတည်ရှိနေတဲ့ ပဋိပက္ခတွေဟာ ပြည်သူလူထုကို သူတို့နဲ့လက်တွဲမခေါ်ဆောင်တတ်ကြတဲ့ ရေပေါ်ဆီအထက်လွှာတွေကြားမှာ သဘောတူညီမှု ရှိရုံနဲ့တော့ ဖြေရှင်းလို့ ရခဲပါတယ်။ အကြမ်းဖက်မှု၊ နေရာရွှေ့ပြောင်းမှု၊ အိုးအိမ်ဥစ္စာပစ္စည်း အလုပ်အကိုင်နဲ့ ပညာရေးအခွင့်အလန်း ဆုံးရှုံးမှုနဲ့ မိသားစုဘဝတွေက အများဆုံးခံစားကြရသူတွေဟာ ပြည်သူတွေသာဖြစ်ပြီး အခြေကျတည်ငြိမ်ရေးအောင်မြင်မှုရရှိဖို့ အရေးကြီးတဲ့အခြေအနေတစ်ရပ်ဟာ အစီအစဉ်သစ်တွေပေါ်မှာ သူတို့ရဲ့ သဘောတူညီမှုပဲ ဖြစ်ပါ တယ်။

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းစီစဉ်ဆောင်ရွက်မှုလုပ်ငန်းစဉ်

ဒီလုပ်ငန်းစဉ် မူလအစဟာ ၁၉၉၀ ခုနှစ်က အမျိုးသားလွှတ်တော်အတွက် အထွေထွေ ရွေးကောက်ပွဲရဲ့ ရလဒ်ကို စစ်အစိုးရက လေးစားလိုက်နာဖို့ ငြင်းဆန်ခဲ့တဲ့အပေါ်မှာ အခြေတည်ပါတယ်။ စစ်အုပ်စုဟာ ၁၉၈၈ ခုနှစ်မှာ အာဏာသိမ်းယူခဲ့ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ ကတိပေးခဲ့ပါတယ်။ နောက် ၂ နှစ်အကြာမှာ အချိန်ကိုက်ပဲ ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)က လွှတ်တော်ကိုယ်စားလှယ် ဦးရေရဲ့ ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိခဲ့ပြီး တခြားဒီမိုကရေစီအင်အားစုတွေက ကျန်တဲ့ဆယ်ရာခိုင်နှုန်း ကျော်ကို အနိုင်ရရှိခဲ့ပါတယ်။ ဒါဟာ စစ်အစိုးရက မျှော်လင့်ထားခဲ့တဲ့ ဒါမှမဟုတ် လိုချင်ခဲ့တဲ့ရလဒ် မဟုတ်ခဲ့ပါဘူး။ စစ်အစိုးရက အမျိုးသားလွှတ်တော်ခေါ်ယူပေးဖို့ ငြင်းဆန်ခဲ့ပါတယ်။ ဒါပေမယ့် ပြည်တွင်းနဲ့ နိုင်ငံတကာဖိအားတွေ တိုးများလာတဲ့အချိန်မှာတော့ ၁၉၄၇ ခုနှစ်ရော၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ဟာ ခိုင်မာတဲ့အစိုးရတစ်ရပ်ဖွဲ့စည်းဖို့ မသင့်လျော်ဘူးလို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အစိုးရတစ်ရပ်ကို အမျိုးသားညီလာခံတစ်ရပ်က ရေးဆွဲတင်ပြလာတဲ့ အခြေခံစည်းမျဉ်းဥပဒေသတွေပေါ်မှာ အခြေခံထားတဲ့ လွှတ်တော်တစ်ရပ်က အတည်ပြု ပြဋ္ဌာန်းပေးလိုက်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ် အနေဖြင့်သာ ဖွဲ့စည်းနိုင်မယ်လို့ ဆိုခဲ့ပါတယ်။ အဲဒါဟာ လွှတ်တော်ကိုယ်စားလှယ်တွေက ရှိနှင့်ပြီးသား ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အသုံးပြုပြီးပဲဖြစ်ဖြစ် ဒါမှမဟုတ် အခြေခံဥပဒေအသစ်တစ်ခုကို ပြဋ္ဌာန်းအတည်ပြုလို့ပဲဖြစ် ဖြစ် လွတ်လွတ်လပ်လပ်ဆုံးဖြတ်ရွေးချယ်ပြီး အစိုးရဖွဲ့ဆောင်ရွက်နိုင်ကြောင်း ပြောဆိုခဲ့တဲ့ စစ်အစိုးရရဲ့ အခြေအနေဟောင်းနဲ့ ဆန့်ကျင်နေပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ပြည်သူလူထုနဲ့ လူ့အဖွဲ့ အစည်းအများစုက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံအတည်ပြုထားပြီးဖြစ်တဲ့ လွတ်လပ်တဲ့ ၁၉၄၇ ခုနှစ် အရပဲ အစိုးရ ဖွဲ့စည်းလိုပြီး ၈၀%ကျော်ရှိတဲ့ ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်တွေရဲ့ သဘောတူညီမှုနဲ့ အခြေခံဥပဒေအသစ်တခုကို ရေးဆွဲအတည်ပြုခဲ့ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအသစ်တရပ်ရေး ဆွဲရေးမှာ စစ်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ညှိနှိုင်းဆွေးနွေးဖို့ကို ငြင်းဆန်ခဲ့ပါတယ်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းရေးမှာ အဆင့်နှစ်ဆင့် ရှိခဲ့ပါတယ်။ လုပ်ငန်းစဉ်ကို ရွေးကောက်ပွဲပြီး နှစ်နှစ်ခွဲအကြာ ၁၉၉၃ ခုနှစ် ဇန္နဝါရီလမှာ စတင်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းစဉ်အရ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်အတွက် အခြေခံရမယ့် စည်းမျဉ်းဥပဒေသတွေကို အမျိုးသားညီလာခံက မူကြမ်းရေးဆွဲရပါမယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(SLORC)က အထူးသဖြင့် တိုင်းရင်းသားလူမျိုးတွေ၊ လူနည်းစုတွေဖြစ်တဲ့ လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းအားလုံးကို အကာအကွယ်ပေးရေးအတွက် စူးစိုက်ဆောင်ရွက်မှာဖြစ်ပါတယ်။ နိုင်ငံရေးအုပ်စုအမျိုးမျိုးနဲ့ စစ်တပ်က အဖွဲ့ဝင်တွေနဲ့ အမျိုးသားညီလာခံကို အစိုးရက ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ၊ ၁၀ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဖွဲ့ဝင် (၇၀၂)ယောက်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က စိစစ်ရွေးချယ်ခဲ့ပါတယ်။ အမျိုးသားညီလာခံမှာ ၁၉၉၀ခုနှစ်ရွေးကောက်ပွဲမှာ အနိုင်ရရွေးချယ်ခံခဲ့ရသူ ကိုယ်စားလှယ် (၄၈၅)ဦးထဲက (၉၉)ဦးသာပါဝင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အဖွဲ့ဝင်(၈၈)ဦးပဲ ခွင့်ပြုခဲ့ပါတယ်။ လုပ်ငန်းစဉ် ကိုယ်နှိုက်ဟာ ဒီမိုကရေစီနည်းလမ်းမကျပဲ မတရားကိုင်တွယ်ထိန်းချုပ် ခံခဲ့ရပါတယ်။ ညီလာခံဥပဒေကို ချိုးဖောက်မယ်ဆိုရင် ပြင်းပြင်းထန်ထန် အရေးယူမယ်ဆိုတဲ့အမိန့်နဲ့ လွတ်လပ်စွာဖော်ပြပြောဆိုခွင့်ကို တင်းတင်းကျပ်ကျပ် ကန့်သတ်ခဲ့တဲ့အတွက် မြင်သာထင်ရှားဖြစ်မှုမရှိသလောက် ဖြစ်ခဲ့ပါတယ်။ တချို့ အရေးကြီးတဲ့ အခြေခံစည်းမျဉ်းဥပဒေတွေ(နိုင်ငံရေးမှာ စစ်တပ်က စိုးမိုးချယ်လှယ်ခွင့်လိုမျိုး)ကို ကြိုတင် အမိန့်ပေး ထည့်သွင်းပြီးဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုပ်ထုံးလုပ်နည်းတွေနဲ့ စည်းမျဉ်းဥပဒေတွေကို လျှော့ချပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားဆောင်ရွက်ခွင့်ကို တောင်းဆိုဖိအားပေးလာခဲ့ပါတယ်။ နောက်တစ်လမှာတော့ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်ကို စစ်အစိုး ရက ငြင်းဆန်မှုအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ညီလာခံကို သပိတ်မှောက်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။ (နောက်ပိုင်းမှာ အဲဒီအဖွဲ့ဝင်တွေဟာ မတက်ရောက်တော့တဲ့အတွက် သူတို့ရဲ့ ကိုယ်စားလှယ်နေရာတွေကို လိမ်လည်အရွေးခံသူတွေအဖြစ် ထုတ်ပြန်ကြေငြာတာကို ခံခဲ့ရပါတယ်)။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲဖို့ စဉ်းစားကြံဆလာတဲ့အချိန်မှာတော့ အမျိုးသားညီလာခံရဲ့ ဘောင်ကိုကျော်လွန်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲဖို့ ကြိုးစားမှုတွေကို အရေးယူအပြစ်ပေးဖို့ ပြင်းထန်၊ ကြမ်းတမ်းတဲ့ဥပဒေအသစ်တွေကို ထုတ်ပြန်လာခဲ့ပါတယ်။ အဲဒီတားမြစ်ကန့်သတ်မှုအသစ်တွေက လုပ်ထုံးလုပ်နည်းပေါ်မှာ စစ်အစိုးရကပိုပြီး လျှို့ဝှက်လုပ်ဆောင်၊ ပိုပြီး ကိုင်တွယ်ထိန်းချုပ်လာစေခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အမျိုးသားညီလာခံအစည်းအဝေးတွေကို ကျင်းပပြုလုပ်ခဲလာခဲ့ပြီး အရှိန်အဟုန်နဲ့ ကျင်းပနိုင်စွမ်းမရှိတော့ပါဘူး။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတည်ဆောက်ရေးအတွက် အဆင့်ဆင့် စံနစ်တကျလိုက်နာဆောင်ရွက်ရမယ့် နိုင်ငံရေးအစီအစဉ်တွေအတွက် အချိန်ဇယားအသစ်တစ်ခု ကြေငြာလိုက်တဲ့အချိန် ၂၀၀၃ ခုနှစ်မှာတော့ ဒုတိယအဆင့် သူ့ရဲ့ စီမံချက်အရ အမျိုးသားညီလာခံကို သူ့ရဲ့ 'အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံအချက်အလက်များ' အပြီးသတ်ရေးအတွက် ပြန်လည်ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပွဲနဲ့(၁၉၉၀ ခုနှစ်က ရွေးချယ်တင်မြှောက်ခံခဲ့ရတဲ့ အမျိုးသားလွှတ်တော်နဲ့ အတည်ပြုပြဌာန်းဖို့ မူလက ကြေငြာထားခဲ့သော်လည်း) အတည်ပြုပြဌာန်းမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲကို နောက်ပိုင်းမှာ ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းတွေရဲ့ တွေ့ဆုံစည်းဝေးမှုတွေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုကို စတင်တည်ဆောက်ရမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံအစည်းအဝေးကို ၂၀၀၃ ခုနှစ်၊ မေလ၊ ၁၇ ရက်နေ့ရောက်မှပဲ ပြန်ပြီး ကျင်းပခဲ့ပါတယ်။ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖိတ်ကြားခဲ့ပေမယ့် ကိုယ်စားလှယ်အရေအတွက်နဲ့ ပတ်သက်ပြီး သဘောတူညီမှုမရခဲ့တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တက်ရောက်ဖို့ ငြင်းဆန်ခဲ့ပါတယ်) ဒါပေမယ့်လို့ အစိုးရရဲ့ သတင်းရပ်ကွက်ကအဆိုတခုအရ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်(၆၀၀)ကျော် အပါအဝင် ကိုယ်စားလှယ်ပေါင်း (၁၀၈၆)ယောက် တက်ရောက်ခဲ့ပြီး ညီလာခံကို ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ၊ ၃ ရက်နေ့မှာ အဆုံးသတ်လိုက်တယ်လို့ ဆိုပါတယ်။ နောက်ပိုင်းမှာတော့ ပြည်နယ်နဲ့တိုင်းတွေက ဥပဒေရေးရာကျွမ်းကျင်သူတွေ၊ ပညာရပ်နယ်ပယ်အသီးသီးက ပါမောက္ခတွေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကိစ္စတွေမှာ နှံ့စပ်ကျွမ်းကျင်သူပညာရှင်တွေပါဝင်တဲ့ (၅၄)ဦးကော်မရှင်ကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲဖို့ ခန့်အပ်ဖွဲ့စည်းပေးခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ၊ ၃ ရက်နေ့မှာတော့ အခြေခံဥပဒေမူကြမ်းကို ထုတ်ပြန်တင်ပြခဲ့ပြီး ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။ အဲဒီမတိုင်ခင် ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခု၊ မေလမှာ ကျင်းပမယ့်အကြောင်း ထုတ်ပြန်ကြေငြာခဲ့ပြီး ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်မှာ ကျင်းပမယ်လို့ ကြေငြာခဲ့ပါတယ်။

ကြည့်လိုက်တာနဲ့ လုပ်ငန်းစဉ်ဟာ နိုင်ငံတကာကချမှတ်ထားတဲ့ ဥပဒေအရရော တရားဝင်ဖြစ်မှုနဲ့ ပြန်လည်သင့်မြတ်ရေးအရပါ လူထုပါဝင်ရေးစံချိန်စံညွှန်းတွေနဲ့ ကိုက်ညီမှုမရှိဘူးဆိုတာ တွေ့ရပါတယ်။ ပထမဆုံး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မှုအောက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိခဲ့တဲ့ ၁၉၉၀ အထွေထွေရွေးကောက်ပွဲရဲ့ရလဒ်ကို လက်မခံဘဲ ငြင်းဆန်ခဲ့ပါတယ်။ အစိုးရက အမျိုးသားညီလာခံကို ချမှတ်ဆောင်ရွက်တဲ့အခါမှာလည်း ဖော်ပြခဲ့ပြီးတဲ့အတိုင်း ကိုယ်စားလှယ် (၇၀၇)ယောက်မှာ အများစုကို သူတို့စိတ်ကြိုက် ရွေးချယ်ခဲ့ပါတယ်။ ၁၉၉၅ခုနှစ်အနှောင်းပိုင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှုတ်ထွက်မှုနဲ့အတူ တချို့တခြားအုပ်စုတွေလည်း နှုတ်ထွက်သွားတဲ့အတွက် တရားဝင်ဖြစ်တဲ့ ဒါမှမဟုတ် လူထုက အခွင့်အာဏာအပ်နှင်းခံရတဲ့ ကိုယ်စားလှယ်ဆိုလို့ မကျန်ခဲ့တော့သလောက်ပါပဲ။

စစ်တပ်အတွက် နိုင်ငံရေးမှာ ဦးဆောင်မှုအခန်းကဏ္ဍအပါအဝင် အခြေခံမူတွေထဲက အရေးကြီးဆုံးအချက်တွေကို အမျိုးသားညီလာခံ အစည်းအဝေးမတိုင်ခင်မှာကတည်းက အစိုးရက ချမှတ်ပေးထားခဲ့ပါတယ်။ အမျိုးသားညီလာခံက အတည်ပြု ပြဌာန်းခဲ့တဲ့ အခြေခံမူအများစုဟာ အစိုးရက တခြားကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေကို ဆန့်ကျင်ပြီး အတင်းအကျပ် တိုက်တွန်းတင်ပြထားခဲ့တာတွေ ဖြစ်ပါတယ်။ အဲဒီအခြေခံမူတွေထဲမှာ ကိုယ်စားလှယ်အဖွဲ့ဝင်တွေရဲ့ ၂၅%ဟာ စစ်တပ်က ခန့်အပ်ထားတဲ့ သူတွေဖြစ်ပြီး အမှုဆောင်အဖွဲ့ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်နေပါတယ်။ ကိုယ်စားလှယ်တွေရဲ့ ပြောကြားချက်တွေကို ပိတ်ပင်

တားမြစ်ထားခဲ့ပြီး အမျိုးသားညီလာခံရဲ့ ပြုမူဆောင်ရွက်မှုတွေကိုလည်း လူထုကြားမှာချပြီး မဆွေးနွေးရအောင် အပြစ်ဒဏ်နဲ့ ခြိမ်းခြောက်ပိတ်ပင် ဟန့်တားထားခဲ့ပါတယ်။ အစိုးရက မည်သူမဆို အမျိုးသားညီလာခံရဲ့ လုပ်ငန်းဘောင်ပြင်ပမှာ ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းရေးဆွဲမယ် ဒါမှမဟုတ် အမျိုးသားညီလာခံနဲ့ သူ့ရဲ့ အခြေခံမူတွေကို ဝေဖန်မယ်ဆိုရင် အနှစ် ၂၀ အထိ ထောင်ဒဏ်အပြစ်ပေးနိုင်တဲ့ ဥပဒေတစ်ခု(၅/၉၆)ကို ထုတ်ပြန်ပြဌာန်းခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကလွှတ်ပြီး စည်းမျဉ်းဥပဒေသတွေကို လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်အောင် လုပ်ပေးခြင်းအားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်ဆောင်ရွက်လာပြီး လုပ်ငန်းစဉ်ကို ပြန်လည်စတင်ဖို့ ကြိုးစားအားထုတ်မှုတွေကိုလည်း အစိုးရက နှောက်ယှက်၊ ဟန့်တားခဲ့ပါတယ်။ လူနည်းစုတိုင်းရင်းသားအုပ်စုတချို့လည်း နှုတ်ထွက်သွားခဲ့ကြပြီး တက်ရောက်လာကြတဲ့သူတွေကလည်း သူတို့တင်ပြတောင်းဆိုထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုစံနစ်ကိုလည်း အလေးအနက်မထားသလောက်ဖြစ်နေပြီး ညီလာခံကိစ္စအတွက် ဖွဲ့စည်းပေးထားတဲ့ စစ်တပ်ဩဇာလွှမ်းမိုးတဲ့ ကော်မီတီရဲ့ ကန့်သတ်စိစစ်ခံရပြီး အမျိုးသားညီလာခံမှာ တင်ပြခွင့်တောင်မှ မရရှိခဲ့တာကို တွေ့လာခဲ့ကြရပါတယ်။ အမျိုးသားညီလာခံရဲ့အခြေခံမူတွေဟာ သိပ်အသေးစိတ်လွန်းတဲ့အတွက် မူလအစက ကတိပြုထားတဲ့အတိုင်း ရွေးချယ်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တွေနဲ့မဟုတ်ပဲ စစ်တပ်ကတင်သွင်းသူတွေနဲ့ ဖွဲ့စည်းထားခဲ့တဲ့ မူကြမ်းရေးဆွဲရေးကော်မတီမှာ အခွင့်အရေးမရှိခဲ့သလောက်ဖြစ်ခဲ့ရပါတယ်။

စစ်အစိုးရဖက်ကတော့ လုပ်ငန်းစဉ်ဟာ ပါဝင်ဆောင်ရွက်ခွင့်ရှိတယ်လို့ ဖော်ပြပြောဆိုပါတယ်။ အစိုးရက 'အမျိုးသားညီလာခံကျင်းပမှု၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှာ တိုင်းရင်းသား လူမျိုးအမျိုးမျိုးက ကိုယ်စားလှယ်တွေနဲ့ ပြည်သူလူထုတွေ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပမှု၊ အခြေခံဥပဒေမူကြမ်းက ထောက်ခံမှုနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေမှာ ပြည်သူလူထုတရပ်လုံးက ပါဝင်ဆောင်ရွက်ကြလိမ့်မယ်။ အဲဒါကြောင့် လူထုပါဝင်ဆောင်ရွက်မှုက တိုင်းပြည်ရဲ့သမိုင်းကို ဖန်တီးပါလိမ့်မယ်။'လို့ ဆိုပါတယ်။ ဆန္ဒခံယူပွဲကော်မရှင်က ကုလသမဂ္ဂသံတမန် အီဗရာဟင်ဂန်ဘာရီကို အမျိုးသားညီလာခံကိုယ်စားလှယ်တွေကို အစိုးရကခန့်အပ်တာ မဟုတ်ပါဘူး။ ပါတီတွေနဲ့ကိုယ်စားလှယ်အုပ်စုတွေက ရွေးချယ်ခဲ့ကြတာပါလို့ ပြောဆိုခဲ့ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၈ ရက်နေ့မှာ ပြည်သူ့ဆန္ဒခံယူပွဲအတွက် ဥပဒေကို ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ပြည်သူ့ဆန္ဒခံယူပွဲကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခန့်အပ်ခဲ့တဲ့ ၄၅ ဦးကော်မတီ(ဆန္ဒခံယူ ပွဲ ကျင်းပရေးကော်မတီ)က ကြီးကြပ်ကျင်းပခဲ့တာပါ။ ကော်မတီက အနည်းဆုံး ၂၁ ရက်ကြိုတင်အသိပေးရမှာဖြစ်တဲ့ ပြည်သူ့ဆန္ဒခံယူပွဲရဲ့ အချိန်သတ်မှတ်မှုကို ဆုံးဖြတ်ခဲ့ရပါတယ်။ ကော်မရှင်ဟာ မဲစာရင်းပြင်ဆင်ရေးအတွက် တာဝန်ရှိတဲ့ ပြည်နယ်တိုင်းနဲ့ ခရိုင်ကော်မရှင်တွေကနေ တဆင့်လုပ်ကိုင်ဆောင်ရွက်ခဲ့ ပါတယ်။ (ဒါပေမယ့် မဲပေးပိုင်ခွင့်ရှိသူအတွက် စံသတ်မှတ်ချက်ကို ချမှတ်မပေးခဲ့ပါဘူး) အစိုးရခွင့်ပြုချက်နဲ့ နိုင်ငံရပ်ခြားရောက်ရှိနေသူတွေနဲ့ မူလနေရာတွေကနေ အဝေးကိုရောက်ရှိနေကြတဲ့ သတ်မှတ်ထားတဲ့သူတွေ(အများစု ကျောင်းသားနဲ့စစ်သား)အနေနဲ့ မဲပေးခွင့်ရှိပါတယ်။ သူတို့မှတ်ပုံတင်ထားတဲ့နေရာတွေကနေ အခြားတစ်နေရာကိုသွားကြရမယ့်သူတွေအတွက် ကြိုတင်မဲပေးခွင့်ကိုလည်း ပေးအပ်ထားပါတယ်။ ဘာသာရေးအဖွဲ့တစ်ခုခုရဲ့ အဖွဲ့ဝင်တွေဟာ မဲပေးခွင့် မရရှိကြပါဘူး။ အကျဉ်းကျခံနေရသူတွေနဲ့ ဒေဝါလီခံထားဆဲသူများလည်း မဲပေးခွင့် မရရှိကြပါဘူး။

ဥပဒေက မဲဆန္ဒပေးရမယ့် သက်တမ်းမကုန်ဆုံးခင်မှာ အနိမ့်ဆုံးမဲဆန္ဒပေးရမယ့် မဲပေးသူဦးရေကို တိတိကျကျ မဖော်ပြထားပါဘူး။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြု ပြဌာန်းနိုင်ဖို့ ထောက်ခံမဲရာခိုင်နှုန်း ဘယ်လောက်လိုအပ်တယ်ဆိုတာကိုလည်း သတ်မှတ်ဖော်ပြထားတာမရှိပါဘူး။ အတည်ပြုပြဌာန်းခြင်းနဲ့ပတ်သက်ပြီး အခြေခံဥပဒေမူကြမ်း(အခန်း ၁၄၊ အပိုဒ် ၁)မှာ မဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ ထက်ဝက်ကျော်တဲ့ထောက်ခံမဲနဲ့ အတည်ပြု ပြဌာန်းရမယ်လို့ ဖော်ပြထားခဲ့ပါတယ်။ အတည်ပြုပြဌာန်းဖို့ အနည်းဆုံး တိုင်းနဲ့ပြည်နယ်အရေအတွက်က အများစုအရေအတွက်လည်း မလိုအပ်ပါဘူး။ ဒါကြောင့်ပဲ မဲပေးသူတွေရဲ့ အများစုဖြစ်ရင်လုံလောက်တယ်လို့ ယူဆရပါတယ်။ (ကော်မရှင်အနေနဲ့ ထောက်ခံမဲ၊ ကန့်ကွက်မဲနဲ့ ပယ်မဲတွေကို တိုင်းပြည်ကိုမကြေငြာခင်မှာ နေရာဒေသအားလုံးက ပေါင်းစုဖို့သာ

လိုအပ်ပါတယ်) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုဖို့ လုပ်ထုံးလုပ်နည်းဟာ ဆန္ဒခံယူပွဲဥပဒေလို တင်ကြိုဥပဒေထဲမှာထက် တရားဥပဒေနဲ့ညီညွတ်တဲ့၊ အခွင့်အာဏာမရှိတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းထဲမှာ ထည့်သွင်းထားတာကတော့ ထူးဆန်းပါတယ်။ အစိုးရရဲ့လမ်းညွှန်မြေပုံကလည်း အခြေခံ ဥပဒေမူကြမ်းဟာ ကန့်ကွက်ငြင်းပယ်ခံခဲ့ရရင် ဘာဖြစ်မယ်ဆိုတာကို ဖော်ပြမထားခဲ့ပါဘူး။ စာတမ်းရဲ့အစမှာ ဖော်ပြထားခဲ့သလို အဲဒီလိုရုတ်ချည်းဖြစ်တတ်တာမျိုးကို စဉ်းစားထားတာ မရှိပါဘူး။ စစ်တပ်ထဲမှာသာ မဟုတ်ပါဘူး၊ တခြားဘယ်သူကမှလည်း တရားမျှတလွတ်လပ်တဲ့ဆန္ဒခံယူပွဲတစ်ခုကို မျှော်လင့်မထား ခဲ့ပါဘူး။ အခြေအတင်ငြင်းခုန်ဆွေးနွေးဖို့ အခွင့်အလမ်းလည်းမရှိပါဘူး။ အဲဒါကိုဆန့်ကျင်တဲ့သူတွေဟာလည်း အရေးယူအပြစ်ပေးခံခဲ့ရပြီး အဓိက တက်ကြွလှုပ်ရှားသူတွေနဲ့ အဖွဲ့အစည်းတွေဟာလည်း ပြည်ပမှာရောက် နေကြပြီး ဖမ်းဆီးခံရမှာကြောက်ရွံ့လို့ ပြန်မလာနိုင်ကြပါဘူး။ ဆန္ဒခံယူပွဲကော်မရှင်က မြန်မာနိုင်ငံကို စေလွှတ်တဲ့ ကုလသမဂ္ဂသံတမန် မစ္စတာဂမ်ဘာရီနဲ့ နိုင်ငံတကာက လေ့လာသူတွေကို ဖိတ်ကြားဖို့ အကြံပြုတာကိုလည်း "ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်ခုရဲ့အချုပ်အခြာအာဏာအတွင်းမှာ ရှိ ပြီး ဆန္ဒခံယူပွဲလိုကိစ္စမျိုးတွေမှာ နိုင်ငံခြားကလေ့လာသူတွေက လေ့လာစောင့်ကြည့်တာမျိုး နမူနာမရှိခဲ့ ပါဘူး" ဆိုပြီး ငြင်းပယ်ခဲ့ပါတယ်။

ဒီလုပ်ငန်းစဉ်ကို ၁၉၆၂ ခုနှစ်မှာ ဒီမိုကရေစီအစိုးရလက်ထဲက အာဏာကိုလုယူခဲ့ပြီး ၁၉၉၀ခုနှစ် ရွေးကောက်ပွဲအနိုင်ရပါတီရဲ့ အစိုးရဖွဲ့စည်းခွင့်ကိုလည်း ငြင်းဆန်ခဲ့တဲ့စစ်အုပ်စုက ပုံဖော်ကြီးကြပ် စီမံခဲ့တာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ရဲ့အစိတ်အပိုင်းတစ်ခုခုကို ဘယ်လွတ်လပ်တဲ့အဖွဲ့အစည်းကိုမှ တာဝန်ယူခိုင်းတာ မျိုး စီမံကြီးကြပ်ရတာမျိုး မရှိပါဘူး။ လုပ်ငန်းစဉ်ဟာ လျှို့ဝှက်ဖြစ်ပါတယ်။ စစ်တပ်က စီစဉ်ရေးဆွဲခဲ့တဲ့ မူကြမ်းကိုပဲ အမျိုးသားညီလာခံမှာ တင်သွင်းခဲ့တာပါ။ တကယ်တော့ အစိုးရမှာ အခြေခံဥပဒေမူကြမ်းကို ပြင်ဆင်ရေးဆွဲခွင့် အခွင့်အာဏာမရှိပါဘူး။ အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာတွေ၊ ရွေးချယ်မှုတွေကို ပြည်သူလူထုကြားမှာ ချပြအသိပေးတာမျိုး ဒါမှမဟုတ် ပါဝင်ဆောင်ရွက်ဖို့ အသိစိတ်ဓါတ် ပေးတာမျိုး မလုပ်ခဲ့ပါဘူး။ တချို့ အဓိကနိုင်ငံရေးခေါင်းဆောင်တွေဟာ အကျဉ်းထောင်ထဲမှာ ရောက်နေကြ ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တွေးမြင်ယူဆချက်နဲ့ ရွေးချယ်မှုတွေမှာ တခြားရွေးချယ်စရာရှိတာ တွေကို ပိတ်ပင်တားဆီးထားတာဟာ အခြေအတင်ဆွေးနွေးငြင်းခုန်မှုကို ပိုပြီး ဆိုးဝါးသွားစေပြီး တွေးမြင် ယူဆချက်များစွာဟာ ပြည်ပရောက်အုပ်စုတွေကြားကိုပဲ ရောက်ရှိသွားခဲ့ပါတယ်။ လုပ်ငန်းစဉ်ဟာ တိုင်းပြည် တည်ဆောက်ရေး ဒါမှမဟုတ် အမျိုးသားညီညွတ်ရေး အစီအစဉ်တွေကို တိုးတက်မြင့်မားလာအောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒီမိုကရေစီတည်ဆောက်ရေးနဲ့ လူနည်းစုတွေရဲ့ အခွင့်အရေးတွေ ယဉ်ကျေးမှုတွေကို ကာကွယ်စောင့်ရှောက်ရေးနဲ့ သက်ဆိုင်သူတွေကိုလည်း ကျေနပ်နှစ်သိမ့်မှု မပေးနိုင်ခဲ့သလို ပြင်ပကမ္ဘာ ကိုလည်း အစိုးရဲ့ နိုင်ငံရေးစံနစ် ပြုပြင်ပြောင်းလဲရေးအပေါ် အလေးအနက်ထားလာအောင် သိမ်းသွင်းပြော ဆိုမှုမလုပ်နိုင်ခဲ့ပါဘူး။ ပဋိပက္ခဖြစ်နေတဲ့ အုပ်စုတွေအကြားမှာ ယုံကြည်မှုတည်ဆောက်ရမယ့်အစား သံသယ တွေကိုသာ တိုးများလာခဲ့စေပါတယ်။ အခုအချိန်မှာတော့ ကမ္ဘာတဝှမ်းလုံးက မှားယွင်းတဲ့ လုပ်ငန်းစဉ်လို့ ယုံကြည်လက်ခံထားတဲ့ လုပ်ငန်းစဉ်ကဖန်တီးထုတ်လုပ်လိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရနဲ့ နိုင်ငံရေးပါတီတွေ၊ လူနည်းစုအုပ်စုတွေကြားမှာရှိတဲ့ သဘောထားကွဲလွဲမှုတွေကို ပိုပြီး ပြင်းထန်လာစေခဲ့ပါပြီ။

## (၄) <u>ဖွဲ့စည်းပုံအခြေ ခံဥပဒေ</u>

## <u>ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဦးတည်ချက်များနှင့် အခြေခံမူများ</u>

ဖွဲ့စည်းပုံအခြေခံဥပဒေက အခန်း ၁ (အခြေခံနိုင်ငံတော်မူများ)တွင် နိုင်ငံတော်၏ အဓိကဦးတည် ချက် ၆ ခုကို ဖော်ပြထားပါသည်။

(က) ပြည်ထောင်စု မပြိုကွဲရေး

( ခ ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး

( ဂ ) အချုပ်အခြာအာဏာတည့်တံ့ခိုင်မြဲရေး

(ဃ) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစံနစ်ထွန်းကားရေး

( င ) တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားထွန်းကားရေး နှင့်

( စ ) နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နိုင်ရေး ( အခန်း ၁၊ အ ပိုဒ် ၂ )

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အာဏာခွဲဝေမှုကို (ဥပဒေပြုမှု၊ စီမံအုပ်ချုပ်မှုနှင့် တရားစီရင်မှု) ဖြစ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး ၎င်းအာဏာများကို အပြန်အလှန် ထိန်းချုပ်စစ်ဆေးမှု ရှိရမည်ဟု ပြဌာန်းထားပါသည်။(အခန်း ၁ အပုဒ် ၅) ဤအလျားလိုက်ခွဲဝေမှုတွင် အာဏာများအား ပြည်ထောင်စု၊ ဒေသကြီးများ (သို့)ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကြား ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေမည်။ တရားဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခွင့်လည်း ရှိရမည်။( အခန်း ၁ ၊ အပိုဒ် ၈ (င) )

မြန်မာနိုင်ငံ၏ လူမျိုးပေါင်းစုံလက္ခဏာအား အသိအမှတ်ပြုသည်။ ( နိုင်ငံတော်သည် အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်ကြသော အမျိုးသားနိုင်ငံဖြစ်သည်။(အခန်း ၁ အပုဒ် ၅) နိုင်ငံတော်၏ အဓိကပုံသဏ္ဍာန်မှာ တည်ဆဲတိုင်းများ(အဓိကအားဖြင့် ဗမာလူမျိုးအများစုနေထိုင်ရာ)နှင့် ပြည်နယ်များ (တိုင်းရင်းသားများ (သို့) လူနည်းစုလူမျိုးများနေထိုင်ရာ)အား ဒေသကြီးများအဖြစ် အစားသုံးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ(လူမျိုးစုအုပ်စုများ၊ သင့်လျော်သောလူဦးရေအချိုးအစားနှင့် တူညီသော နယ်မြေအကျယ်အဝန်းဖြင့် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ(အခန်း ၁ ၊ အပိုဒ် ၄ (င) ) မြို့တော်နှင့် ဝန်းကျင်ဒေသများမှာ ပြည်ထောင်စုအာဏာပိုင်များ၏ တရားစီရင်ပိုင်ခွင့်အပြည့်အဝရှိသည့် ပြည်ထောင်စုနယ်မြေပိုင်နက်တစ်ခုဖြစ်ရမည်။ တိုင်းပြည်၏ အခြားအစိတ်အပိုင်းများအားလည်း ပြည်ထောင်စုနယ်မြေပိုင်နက်အဖြစ်ကြေငြာနိုင်သည်။

ပြည်သူလူထု၏မတူ ခြားနားမှုအား တိုင်းရင်းသားလူမျိုးများ၏ကိုယ်စားပြုမှုတွင် အသိအမှတ်ပြုထားပြီး ဥပဒေပြုမှုနှင့် စီမံအုပ်ချုပ်မှုတွင်လည်း ကွဲပြားခြားနားသောအဆင့်အရ အသိအမှတ်ပြုသည်။ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုများ၊ ၎င်းတို့အကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ လေးစားမှု၊ အပြန်အလှန်ကူညီရိုင်းပင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းသေးသည့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ (အခန်း ၁ ၊ အပိုဒ် ၁၁)

ကျွန်ုပ်တို့အနေဖြင့် ခြေခြေမြစ်မြစ်ရှိသော ခန့်ခွဲပေးအပ်မှုအား ပြောမည်ဆိုပါက အဆိုပါ ဦးတည်ချက်များအား အမှန်တကယ်နားလည် (သို့) နားလည်နိုင်သူမရှိသလောက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ (တပ်မတော်၏ သြဇာလွှမ်းမိုးမှုအပြင်) ထိရောက်သောအာဏာပိုင်းခြားခွဲဝေမှု မရှိပါ။ နိုင်ငံတော် အာဏာအများစုမှာ သမတကိုသာ အပ်နှင်းထားပြီး (သို့) သမတ၏သြဇာအာဏာ (သို့) ညွှန်ကြားမှုကိုနာခံရမည် ဖြစ်ပါသည်။ အာဏာ၏အများစုပမာဏမှာလည်း လက်နက်ကိုင်တပ်များ၏ ဦးစီးချုပ်တွင်သာ စုစည်းနေပါသည်။ သမတနှင့် စစ်ဦးစီးချုပ်ကြားတွင် ဒီမိုကရေစီအတွက် အခွင့်အလမ်းမရှိသလောက် (သို့) အမှုဆောင်အာဏာပိုင်များ၏တာဝန်ခံမှု(ဥပဒေပြုအမတ်များ၏ဖွဲ့စည်းမှုအရ ပြည်သူလူထု၏စစ်မှန်သော ကိုယ်စားပြုမှု နည်းပါးလွန်းသည့်အတွက်)မရှိသလောက် ဖြစ်နေပါသည်။ တရားသူကြီးများမှာ ဘက်မလိုက်သောတရားစီရင်ရေးအတွက် လိုအပ်သော လွတ်လပ်မှု မရရှိကြပါ။ လူနည်းစု လူမျိုးစုများ၏ ယဉ်ကျေးမှု (သို့) ဘာသာစကား (သို့) ၎င်းကိစ္စများအတွက် ပေးအပ်ထားသည့်အခွင့်အာဏာ၊ အသိအမှတ်ပြုပေးအပ်ထားသည့် ပြဌာန်းသတ်မှတ်ချက်များ နည်းပါးလွန်းလှပါသည်။(တရားဝင်ရုံးသုံးဘာသာစကားမှာ ဗမာဘာသာတစ်ခုတည်းသာ) အမျိုးသားလက်အောက်ခံအဆင့်များမှ အစိုးရများတွင် အရေးပါသောအာဏာများမရှိပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရဟု မခေါ်ဆိုနိုင်ပါ။ ၎င်းတို့မှာ ပြည်ထောင်စု၏ လက်အောက်ခံဖြစ်သလို အတိအကျအားဖြင့် သမတ၏ လက်အောက်ခံသာ ဖြစ်ပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ပြဌာန်းသတ်မှတ်ချက်များ၏ လေလုံးထွားမှုနှင့်ယုတ္တိကြား ကွဲပြားကွာဟမှုမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အခြားနေရာအတော်များများတွင် အထင်အရှားပြသနေပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပယ်ဖျက်ရေးစွမ်းဆောင်နိုင်စွမ်းမှာ လက်နက်ကိုင်တပ်များ၊ ပြည်ထောင်စုမပြိုကွဲရေး တားဆီးကာကွယ်မှု၊ အမျိုးသားသွေးစည်းညီညွတ်မှု နှင့် နိုင်ငံတော်အချုပ်အခြာ

အာဏာပိုင်စိုးမှု၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ရှိနေပါသည်။ တိုင်းပြည်၏အစိတ်အပိုင်းတစ်ခုခုမှ ခွဲထွက်ခြင်းကို ပိတ်ပင်၊ တားမြစ်ထားပါသည်။(၂/၇) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အခြေခံမူတိုင်းသည် ဤအရေးပါသည့်အချက်ကို နာခံရပါသည်။ လိုအပ်လျှင် အကြပ်ကိုင်မည့်နည်းကို သုံးမည်ဖြစ်ပါသည်။ သမတ (သို့) စစ်ဦးစီးချုပ်က ဆုံးဖြတ်မှုပြုသည့်အတွက် အခွင့်အရေးများ၊ ဒီမိုကရေစီနှင့် လူနည်းစုလူမျိုးစုများ၏ လိုအင်ဆန္ဒများနှင့် ယဉ်ကျေးမှုများအား ဖိစီးနိုပ်ကွပ်ရန် ဆင်ခြေကောင်းတစ်ခု ဖြစ်နေပါသည်။ ဤလုံခြုံရေးစိတ်အစွဲမှာ ၄င်းတို့၏ပူပင်သောက၊ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီအပေါ် မယုံကြည်မှုများကြောင့် လိုသည်ထက်ပို၍ ချီးဖောက်နေကြသော အုပ်စိုးသူ ရေပေါ်ဆီအထက်လွှာများ၏ အကျိုးစီးပွားများအတွက် ဆောင်ရွက်ပေးနေပြီး တိုင်းရင်းသားလူမျိုးစု (သို့) နိုင်ငံရေးလူနည်းစုများ၏ ဥပဒေနှင့်ညီညွတ်သော အလေးထားစရာများနှင့် အများသဘောတူနိုင်ငံရေးအတွက် ပေးအပ်သည့်မက်လုံးများကို လျော့ချပစ်နိုင်ရန်အတွက်လည်း အသုံးတော်ခံနေပါသည်။

## <u>ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်မှုအပေါ် ခြုံငုံသုံးသပ်ချက်</u>

မြန်မာနိုင်ငံမှာ ဖက်ဒရယ်နိုင်ငံအသွင်သဏ္ဌာန်ရှိပြီး ပြည်ထောင်စုစံနစ်ဖြစ်သည်ဟု ဖော်ပြကြပါသည်။(၂/၁) ပြည်ထောင်စုနယ်မြေပိုင်နက်မှလွဲ၍ ဒေသကြီး ခုနစ်ခု (ဗမာအများစု)နှင့် ပြည်နယ် ခုနစ်ခု (လူနည်းစု တိုင်းရင်းသားလူမျိုး လူ့အဖွဲ့အစည်းများပါဝင်) နှင့် ဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိပါသည်။ အဆိုပါ ကွဲပြားဒေသများ၏ နယ်နိမိတ်များအား(၂/၉) ပြောင်းလဲမှု၏ သက်ရောက်မှုကြောင့် ဒေသတွင်းရှိ ပြည်သူလူထု၏ သဘောတူညီမှုမရှိပဲ ပြောင်းလဲ၍မရပါ။ (နယ်နိမိတ်များအား အကယ်၍ ဒေသ/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ပြန်လည်အသေးစိတ်ရေးဆွဲမှုအား ဆန့်ကျင်ဆုံးဖြတ်ချက်ချလျှင် ၂/၉/င-စ အရလုပ်ဆောင်နိုင်သော်လည်း ၄င်းမှာ မြို့နယ်အများစုက ထောက်ခံမဲပေးပြီးကြောင်း မှန်ကန်ရမည်။ သမတနှင့် လေးပုံသုံးပုံသော ပြည်ထောင်စုလွှတ်တော် ထောက်ခံမှုဖြင့် ပြင်ဆင်ပြောင်းလဲနိုင်သည်) ၎င်းအဆင့်များတွင် သီးခြားဥပဒေပြုမှု၊ စီမံအုပ်ချုပ်မှုနှင့် တရားစီရင်မှုအဖွဲ့များ ရှိကြသည်။ ဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေပိုင်နက်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများဖြစ်သည့် ပြည်ထောင်စု မည်သည့်နယ်မြေပိုင်နက်မှ ပြည်ထောင်စုမှ ခွဲထွက်ခွင့်မရှိ။ ပြည်ထောင်စုဥပဒေပြုလွှတ်တော်မှာ ပြည်နယ်များ၊ ဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို ကိုယ်စားပြုသည့် လွှတ်တော်နှစ်ရပ်ပါဝင်သည့် bi-cameral ဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ များစွာသောအပိုင်းများမှာ ၎င်း၏ အဆင့်များအတွင်းမှ ဥပဒေပြုအာဏာပိုင်းခြားမှုများက အလေးအနက်ဆောင်ရွက်ရန်ဖြစ်ပြီး မတူညီသော အဆင့်ဆင့်ရှိ ဥပဒေများအကြား ဆန့်ကျင်ကွဲပြားမှုများကို ကိုင်တွယ်ဖြေရှင်းရန် စည်းမျဉ်းဥပဒေများ ချမှတ်ထားရှိသည်။ အဆင့်တစ်ခုစီတွင် အခွန်နှင့်ဘဏ္ဍာရေး ခွင့်ပြုချက်များ သတ်မှတ်ပြဋ္ဌာန်းထားရှိသည်။ အစိုးရများအကြားရှိ အခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများအား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးမှ ဖြေရှင်းရမည်။ ၄င်းတို့အကြားရှိ အခြားသောအငြင်းပွားမှုများအား တရားလွှတ်တော်ချုပ်မှ ကိုင်တွယ်ဖြေရှင်းရမည်။ သို့ရာတွင် ပြည်ထောင်စုစံနစ်မှာ ဖက်ဒရယ်စံနစ်နှင့် အလှမ်းဝေးလွန်းနေပါသည်။ ပြည်ထောင်စုအောက်ရှိ အားလုံးသော အဆင့်များအားလုံးမှာ တစ်နည်းမဟုတ် တစ်နည်းဖြင့် ပြည်ထောင်စုစီမံအုပ်ချုပ်မှုနှင့် ဥပဒေပြုလွှတ်တော်အား နာခံရပါသည်။ လက်အောက်ခံအမျိုးသားဌာနများ၏ အခွင့်အာဏာများအား ရပ်ဆိုင်းထားရန်အတွက် အရေးပေါ် ပြဋ္ဌာန်း သတ်မှတ်ချက်များရှိပြီး ၎င်းအာဏာများ ကို သမတ (သို့) စစ်ဦးစီးချုပ်သို့ လွှဲပြောင်းပေးအပ်ရပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဒုတိယအဓိကအရေးကြီးသောအချက်မှာ စီမံအုပ်ချုပ်မှု၏ သမတဆိုင်ရာသဘောသဘာဝ ဖြစ်ပါသည်။ သမတအား ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်သော်လည်း (ပြည်သူလူထု (သို့) သူတို့၏ အထူးရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ် များမဟုတ်ပဲ) စံနစ်မှာ အမေရိကန်ပြည်ထောင်စုမှ စံနစ်နှင့်အပေါ်ယံအားဖြင့် ဆင်ဆင်တူပါသည်။ သမတအား အယုံအကြည်မရှိမဲပေး၍ လွှတ်တော်မှ ဖြုတ်ချ၍ မရပါ။ သို့သော်လည်း ကိုယ်ကျင့်သိက္ခာ (သို့) ဥပဒေအရအပြစ်ပေးခံယူထိုက်သော ချိုးဖောက်မှုများ ကျူးလွန်ပါက ဖြုတ်ချနိုင်ပါသည်။ အမှုဆောင်အဖွဲ့ဝင်များမှာ

လွှတ်တော်နှင့် သီးခြားဖြစ်ပါသည်။( မည်သည့်ဝန်ကြီးမှ လွှတ်တော်တွင် မပါဝင်ပါ ) သို့ရာတွင် သမတ၏ အခွင့်အာဏာများ၏ ပါဝင်မှုများတွင် ဥပဒေပြုမှုနှင့် ဆက်နွယ်သောလုပ်ငန်းစဉ်များနှင့် တရားစီရင်ရေးအဖွဲ့ ကို ထိန်းချုပ်သောနေရာများတွင် အမေရိကန်နိုင်ငံထက် ပို၍ကျယ်ပြန့်ပါသည်။ မြန်မာနိုင်ငံသမတမှာ ပြည်ထောင်စုမဟုတ်သော နယ်မြေပိုင်နက်များတွင်ပင် များပြားလှသောအာဏာများ ရရှိထားပါသည်။ သမတရွေးကောက်ပွဲ (သို့) လွှတ်တော်ရွေးကောက်ပွဲအတွက် မဲပေးပုံစံနစ်မှာ အုပ်ချုပ်နေသည့် ရေပေါ်ဆီ အထက်လွှာများ၏ စိတ်တိုင်းကျ ၎င်းတို့၏ ရည်ရွယ်ချက်နှင့်ကိုက်ညီစိတ်ချရသော ပုံစံအား ရွေးချယ်နိုင်ရန် ချန်ထားသဖြင့် တိတိကျကျ ဖော်ပြမထားပါ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ တတိယအရေးကြီးသောအချက်မှာ - ထူးခြားကျယ်ပြန့်သော လက်နက်ကိုင်တပ်ဖွဲ့၏ နိုင်ငံရေးလုပ်ငန်းစဉ်အတွင်းမှ အခန်းကဏ္ဍပင်ဖြစ်ပါသည်။ သမတ၏ကျယ်ပြန့်သော အာဏာများရှိသော်လည်း သူ(သို့)သူမအား အရေးကြီးသော အရေးပေါ်အခြေအနေများအတွင်း စစ်ဦးစီးချုပ် ကဖယ်ရှား၍ ၎င်းက သမတအဖြစ် ဝင်ရောက်တာဝန်ယူနိုင်ပါသည်။ တပ်မတော်မှ လွှမ်းမိုးထားသော အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက အရေးကြီးသော မူဝါဒများနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက လက်နက်ကိုင်တပ်ဖွဲ့များအတွက် သီးခြားအစိုးရ တစ်ရပ်၏ လုပ်ငန်းဘောင်မျိုးကို ပေးအပ်ထားပါသည်။ တပ်ဖွဲ့ဝင်များကို အထူးအခွင့်အရေးများ ပေးအပ်ခြင်း၊ နိုင်ငံတော်အဖွဲ့အစည်းများ (အထူးသဖြင့် ဥပဒေပြုအဖွဲ့နှင့် စီမံအုပ်ချုပ်မှု)အား ကိုယ်စားပြုစေခြင်းနှင့် အခွန်ကင်းလွတ်ခွင့် ပြုခြင်းများ ရှိပါသည်။ ထိုလုပ်ငန်းဘောင်က နိုင်ငံတော်၏ ဒီမိုကရေစီ သဘောသဘာဝ နှင့် အရပ်သားများအား ချိနဲ့အားနည်း စေပါသည်။

အထူးခုံရုံးတခု(တရားစီရင်ရေးအဖွဲ့၏ အစိတ်အပိုင်းအဖြစ်)ဖြစ်သည့် အခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ခု ရှိပါသည်။ ၎င်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား နားလည်ပြန်ဆိုရန် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ရန် ဖြစ်ပါသည်။ ကံအကြောင်းမလှသည်မှာ ၎င်းခုံရုံးအဖွဲ့ဝင်များမှာ လွပ်လပ်မှုများများစားစားမရှိလှသော ရိုးရိုးတရားသူကြီးများထက်ပင် လွတ်လပ်မှုနည်းပါးကြပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အဆုံးပိုင်းသို့ ပို့ထားသည့်အရာမှာ နိုင်ငံသားဖြစ်မှုနှင့် လူ့အခွင့်အရေးအခန်းပင် ဖြစ်ပါသည်။ နိုင်ငံသားဖြစ်ခွင့်ကို တင်းတင်းကျပ်ကျပ် ကန့်သတ်ဖွင့်ဆိုထား(ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခွင့်မှာ ပို၍ပင် တင်းကျပ်ပါသည်)ပါသည်။ အခွင့်အရေးအများစုမှာ နိုင်ငံသားများအတွက်သာ ကန့်သတ်ထားပါသည်။ အခွင့်အရေးများအား ရှင်းလင်းဖွင့်ဆိုပုံမှာ တိကျမှုမရှိဘဲ (အခွင့်အရေးဥပဒေများတွင် အရေးကြီးသည့် အရည်အသွေးတစ်ခု)အခွင့်အရေးများကို ကန့်သတ်(သို့) ရပ်ဆိုင်းထားနိုင်သော သတိမပြုမိနိုင်လောက်သော အကြောင်းများစွာ ပါရှိနေပါသည်။ တိတိကျကျဆိုရလျှင် အခွင့်အရေးများစွာမှာ ၎င်းတို့အား အမှန်တကယ် အဓိပ္ပါယ်ကင်းမဲ့သွားစေနိုင်သည့် "ဥပဒေ"အား နာခံရစေရန် ဖန်တီးထားပါသည်။ အခွင့်အရေးများအား အထူးသဖြင့် မရေမရာဖြစ်သွားစေနိုင်သော အရေးပေါ်အခြေအနေများအတွက် ကျယ်ပြန့်စွာ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များလည်း ပါရှိပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ စိတ်ဝင်စားဖွယ်ကောင်းအောင် ပျောက်ဆုံးနေသော အရာများမှာ နိုင်ငံရေးသြဇာလွှမ်းမိုးမှု (သို့) ဖိအားပေးခံရမှုများမှ အကာအကွယ်ပေးရန် လိုအပ်သော နိုင်ငံရေးအရ အကဲခတ်သည့်လုပ်ငန်းများအား ဆောင်ရွက်ရန် (သို့) တာဝန်ယူမှု ဆောင်ရွက်ရန် နည်းလမ်းများအတွက် လွတ်လပ်သော အဖွဲ့အစည်းများ ဖြစ်ပါသည်။ တရားသူကြီးများအား ခန့်အပ်ရန် (သို့) ထုတ်ပယ်ရန် တရားရေးလုပ်ငန်းကော်မရှင် တိုင်ကြားချက်များအား စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးကော်မရှင်၊ လူနည်းစုအခွင့်အရေးကော်မရှင် လူထုရေးရာတာဝန်ရှိဝန်ထမ်းများအား ပြုမူဆောင်ရွက်မှု ကျင့်ဝတ် မြှင့်တင်ရေး(ခြစားလောက်ကိုက်မှု့ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်မှုများ အပါအဝင်)ပြုလုပ်ပေးသည့် ရိုးသားဖြောင့်မတ်မှု ကော်မရှင်များ လုံးဝ မပါရှိပါ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပါရှိသည်မှာ ရွေးကောက်ပွဲကော်မရှင် လူထုလုပ်ငန်းကော်မရှင်နှင့် စာရင်းစစ်ချုပ်ရုံးများဖြစ်သော်လည်း မကြာသေးမီကာလအတွင်းက ရေးဆွဲပြဋ္ဌာန်းခဲ့ကြသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအများစုတွင်ပါဝင်သော လွတ်လပ်ထိရောက်သော အဖွဲ့အစည်းများအတွက် စံချိန်စံညွှန်းများ ပြည့်မှီမှု မရှိပါ။ လွတ်လပ်သောအဖွဲ့အစည်းများ ကင်းမဲ့မှုမှာ စီမံအုပ်ချုပ်သူများနှင့်

လက်နက်ကိုင်တပ်များအား ပေးအပ်ထားသည့် ကျယ်ပြန့်၍ ထိန်းချုပ်မှုမဲ့သော အခွင့်အာဏာ ပေးအပ်ခြင်း ထက် ပို၍ ကံအကြောင်းမလှသောကိစ္စ ဖြစ်ပါသည်။

<u>နိုင်ငံသားဖြစ်မှုနှင့် လူ့အခွင့်အရေး</u>

ဤပြဋ္ဌာန်းသတ်မှတ်မှုများမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်တွင် နိုင်ငံတော်(သို့) အမျိုးသားနိုင်ငံတစ်ခု ဖွဲ့စည်းဖြစ်ပေါ်စေသော နိုင်ငံရေးဆိုင်ရာလူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်များအား အဓိပ္ပါယ် သတ်မှတ်ရန်နှင့် ၎င်းတို့၏အခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် တာဝန်ဝတ္တရားများအား အဓိပ္ပါယ် သတ်မှတ်ပေးရန် ပုံမှန်အတိုင်း ရှေ့ပိုင်းတွင် ဖော်ပြလေ့ရှိပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင်မူ ၎င်းတို့အားနောက်ဆုံးပိုင်းတွင်သာ တွေ့ရှိရပါသည်။

နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍လည်း အချိုးအစားအားဖြင့် ပြဋ္ဌာန်းသတ်မှတ်မှု နည်းပါးလွန်းလှ ပါသည်။ နိုင်ငံသားဖြစ်မှုအတွက် လိုအပ်ချက်အား ထိန်းချုပ်ထားသည့်တစ်ခုတည်းသော စစ်မှန်သည့် အခြေခံမှုမှာ "ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ" (၈/၁(က)) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ-

ဤပြဋ္ဌာန်းသတ်မှတ်ချက်များ၏ သက်ရောက်မှုမှာ သင့်တင့်လျှောက်ပတ်စွာ အလုံးစုံခြုံငုံသော အခြေခံမှုများအရ နိုင်ငံသားဖြစ်ရန် မျှော်လင့်ကြသော များစွာသောလူများအား နိုင်ငံသားဖြစ်ခြင်းမှ ငြင်းပယ် ရန် ဖြစ်သည်။ တိုင်းပြည်အများစုမှာ ထိုတိုင်းပြည်တွင်မွေးဖွားသူတစ်ဦး(သို့) အနည်းဆုံးနိုင်ငံသား မိဘ တစ်ဦးမှ မွေးဖွားသူဖြစ်ပါက နိုင်ငံသားပေးလေ့ရှိပါသည်။ မိဘတစ်ဦးက မြန်မာနိုင်ငံသားဖြစ်နေသော လူပေါင်းများစွာ ရှိနေပါလိမ့်မည်။ ထိုသူတို့မှာ မြန်မာနိုင်ငံသား ဖြစ်လာကြလိမ့်မည် မဟုတ်ပါ။ ၎င်းတို့မှာ အခြားတိုင်းပြည်တစ်ခုခု၏ နိုင်ငံသား ဖြစ်သွားနိုင်ပါသည်။ အထူးသဖြင့် ၎င်းတို့သည် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများဖြစ်ပါက ၎င်းကြောင့်ပင် နိုင်ငံမဲ့ ဖြစ်သွားပါလိမ့်မည်။ အပြည်ပြည်ဆိုင်ရာဥပဒေအရ လူတိုင်း လူတိုင်းသည် နိုင်ငံသားဖြစ်ခွင့် ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် အခွင့်အရေးများစွာမှာ နိုင်ငံသား ဖြစ်မှုနှင့် ဆက်နွယ်နေပါသည်။ ထို့ကြောင့်ပင် ထိုသူများမှာ ကြီးမားစွာ အခွင့်အရေးကင်းမဲ့သလို နိုင်ငံမဲ့များ ဖြစ်ကြပါလိမ့်မည်။

တခြားနိုင်ငံက လူတစ်ယောက်ကို နိုင်ငံသားပေးအပ်ခြင်းနဲ့ နိုင်ငံသားဖြစ်မှုကို ရုပ်သိမ်းခြင်း အပါအဝင် တခြားနိုင်ငံသားဖြစ်မှုဆိုင်ရာကိစ္စတွေကို ဥပဒေက ဆုံးဖြတ်မှာ ဖြစ်ပါတယ်၊ အဲဒီကိစ္စတွေမှာ အထူးသဖြင့် နိုင်ငံသားဖြစ်မှု ရုပ်သိမ်းခြင်းဟာ အရေးကြီးတဲ့အတွက် နောက်ဆုံးအကျဆုံး ဖွဲ့စည်းပုံအခြေခံ ဥပဒေတွေမှာ စည်းမျဉ်းဥပဒေတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာတင် အသေးစိတ်ထည့်သွင်း ရေးဆွဲကြ ပါတယ်။ မြန်မာနိုင်ငံမှာ အခုလို ကိုယ့်နိုင်ငံသားပြည်သူလူထုတွေရဲ့ အခွင့်အရေးတွေကို ဂရုမစိုက်ဘဲ သူတို့အပေါ်ဝေဖန်ပြောဆိုမှုတွေ တိတ်ဆိတ်သွားစေဖို့ နိုင်ငံသားဖြစ်မှုကို ရုတ်သိမ်းခြင်း၊ ရုပ်သိမ်းရန် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေသည့် အစိုးရတစ်ရပ်ရှိလာသည့်အချိန်တွင် ပို၍ပင် အရေးကြီးလာခဲ့ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်က ကိစ္စတခုအား "ဥပဒေက အဆုံးအဖြတ်ပေးလိမ့်မည်" သို့မဟုတ် " ဥပဒေ အရ" (အခြေခံထားရှိသောအခြေခံမှုအား ရှင်းလင်းဖော်ပြခြင်းမရှိပဲ နိုင်ငံတော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်း ပေးရန် တိုက်တွန်းပြောဆိုခဲ့ပြီး)ဟုဆိုလာလျှင် ထိုကိစ္စမှ မဖြေရှင်းရသေးဘဲ နိုင်ငံတော်အာဏာပိုင်များ၏ သဘောဆန္ဒနှင့် ဆုံးဖြတ်ချက်အရ ဖြေရှင်းရန် ဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ ယေဘုယျ သဘောအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အဆိုပါတောင်းဆိုလာမှုကို ရှောင်ကျဉ်သင့်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိစ္စအား ကျွန်ုပ်တို့ပြောဆိုလျှင် အလားတူ လက်တွန့်နေသောတောင်းဆိုမှုတစ်ခုကိုပင် ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ အခွင့်အရေးဥပဒေများ တွင် ပြဋ္ဌာန်းသတ်မှတ်ချက် များစွာရှိပါသည်။ (အတော်များများမှာ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး ထားခဲ့ သော သဘောတူညီချက်စာချုပ်များ အပါအဝင် အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များစွာကို ချိုးဖောက် ထားပါသည်။) အခွင့်အရေးအများစုမှာ နိုင်ငံသားတို့နှင့်သာ သက်ဆိုင်အောင် ကန့်သတ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေက ထိုသို့သော ကန့်သတ်မှုများကို ရွေးကောက်ပွဲများနှင့် လူထုရေးရာ ကိစ္စများ တွင် ပါဝင်ဆောင်ရွက်မှုများနှင့် ပတ်သက်လာမှသာ ခွင့်ပြုထားပါသည်။

ဒုတိယအားဖြင့် အတော်များများသောအခွင့်အရေးများမှာ ဥပဒေ(အထက်မှာဖော်ပြထားသကဲ့သို့ ကျေနပ်ဖွယ်ရာမရှိဆုံး ဖြစ်ပါသည်)၏လက်အောက်ခံ ဖြစ်ပါသည်။ ဤအချက်နှင့်ပတ်သက်၍ ထင်ရှားသော နမူနာမှာ "မည်သည့်နိုင်ငံသားတစ်ဦးတစ်ယောက်ကိုမှ တည်ဆဲဥပဒေနှင့်အညီမှတပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမဖြစ်စေရ" ဆိုသည့်အပိုဒ် ၉ ဖြစ်ပါသည်။ထို့အတွက် အခြေခံအကျဆုံး အခွင့်အရေးများမှာ အစိုးရ၏ စိတ်ရှုပေါက်မှုများ၏ သနားဂရုဏာပေါ်တွင် မှီတည်နေရပါသည်။ (အခွင့်အရေးအပြည့် အဝရနိုင်မည်လား (သို့ ) ဖြတ်တောက်ခံရမည်လား)

တတိယပြဿနာမှာ အခွင့်အရေးများကို ပြုစုဖော်ပြမှု ဖြစ်ပါသည်။ အခွင့်အရေးများအား လူပုဂ္ဂိုလ် တစ်ဦးချင်းအရ (သို့) လူ့အဖွဲ့အစည်းအရ ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ပေးရန် နိုင်ငံတော်ထံမှ (သို့) လျော်ကန်သင့်မြတ်သောကိစ္စများတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ၎င်းတို့ကိုယ်တိုင်စုဝေး၍ တောင်းဆိုနိုင်သည်ဟု ရသင့်ရထိုက်သည့်အရာအဖြစ် ဖော်ပြသင့်သည်။ အခု အခြေခံဥပဒေတွင် အခွင့်အရေးအတော်များများအား နိုင်ငံတော်မှ ပေးကောင်းပေးနိုင်သည့် အရာပုံ သဏ္ဍာန် ဖြင့် ဖော်ပြထားခဲ့ပါသည်။ (ဥပမာအားဖြင့် နိုင်ငံတော်သည် သတ်မှတ်ဖော်ပြထားပြီးသော အချို့ ဘာသာ တရားများအား အသိအမှတ်ပြုမည်)ဟုဖော်ပြသော ဘာသာရေးအခွင့်အရေးမှာ ကာကွယ်မှု၏ အားအနည်း ဆုံးပုံစံ ဖြစ်ပါသည်။

စတုတ္ထပြဿနာမှာ အခွင့်အရေးများနှင့်လွတ်လပ်မှုများအတွက် ချမှတ်ထားနိုင်သည့် ကျယ်ပြန့်သော ကန့်သတ်ချက်များ ဖြစ်ပါသည်။ အခွင့်အရေးများစွာမှာ အခွင့်အရေး၏ အရေးအကြီးဆုံးအပိုင်းအား တစုံတရာဖော်ပြခြင်းမရှိဘဲ ဥပဒေ၏လက်အောက်ခံဖြစ်နေကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီး ဖြစ်ပါသည်။ အလားတူအခက်အခဲများမှာ အခွင့်အရေးများအပေါ် ခွင့်ပြုထားသောကန့်သတ်မှုများနှင့် ပတ်သက်၍ ပေါ်ပေါက်လာပါသည်။ ဥပမာအားဖြင့် အဓိကအခွင့်အရေးအချို့(လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့် စုဝေးခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ ဘာသာစကားနှင့် ယဉ်ကျေးမှု အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ အပါအဝင်)မှာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းငြိမ်သက်ရေး၊ လူ့အဖွဲ့အစည်း အေးချမ်းတည်ငြိမ်ရေး (သို့) လူထုအေးချမ်းငြိမ်သက်မှုနှင့် ကိုယ်ကျင့်တရားစသည့်အကြောင်းများကြောင့် ကန့်သတ်ခံရကောင်း ခံရနိုင်ပါသည်။ ဤဖန်တီးဖော်ပြမှုအောက်တွင် အကြောင်းပြဆင်ခြေလဲ၍ မရနိုင်သော ကန့်သတ်မှုတစ်ခုကို စဉ်းစားစိတ်ကူးရန် ခက်ခဲပါသည်။ ၎င်းအပြင် အခွင့်အရေးအားလုံးအား အရေးပေါ်အခြေအနေကာလများအတောအတွင်းတွင် ရပ်စဲထားနိုင်ပါသည်။ (အရေးပေါ်အခြေအနေ ပြဌာန်းသတ်မှတ်ချက်များကို သမတနှင့် တပ်မတော်ကဏ္ဍများတွင် ဆွေးနွေးထားပါသည်။ ခွင့်ပြုထားသော ကန့်သတ်မှု နယ်ပယ်များအား ပိုမိုတိကျစွာရှင်းလင်းဖော်ပြသင့်ပြီး၊ ဒီမိုကရေစီအခြေခံမှုများနှင့်တန်ဘိုးများ နှင့် လိုက်လျောပြေပြစ်မှုနှင့် လိုအပ်မှုအခြေခံများဖြင့် ကြပ်မတ်ထိန်းသိမ်းသင့်ပါသည်။

အရေးကြီးသောအခွင့်အရေးများစွာ ပျောက်ဆုံးနေပါသည်။ စုံခြုံပေါင်းစည်းမှုဆိုင်ရာ အခွင့်အရေးများနှင့် ဒေသခံတိုင်းရင်းသားများ၊ လူနည်းစုများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများနှင့်ပတ်သက်သည့် အခွင့်အရေးများအား ပြောဆိုဆွေးနွေးမှု မရှိပါ။

အကျဉ်းချုပ်အားဖြင့်အခွင့်အရေးဥပဒေက ပြည်သူလူထု၏အခွင့်အရေးများနှင့် လွတ်လပ်မှုများအား အစိုးရအပိုင်းမှ ကြီးမားစွာအယုံအကြည်ကင်းမဲ့နေကြောင်း ပြသနေပါသည်။ ၎င်းတို့က တွန့်တိုစွာ ခွင့်ပြုပေး အပ်ပြီး အခြားတစ်ဖက်ပြန်လည် ယူဆောင်သွားကြပါသည်။ နေရာအနှံ့ပျံ့နှံ့နေသော ကြောက်ရွံ့မှုမှာ နိုင်ငံအစိုးရက လူ့အဖွဲ့အစည်းကို ထိန်းချုပ်၍ မရနိုင်တော့သည့် အခြေအနေဖြစ်ပါသည်။ ထိန်းချုပ်ရေး ရောဂါလက္ခဏာများမှာ အပိုဒ်အားလုံးနီးပါးတွင် တွေ့မြင်နိုင်ပါသည်။ အလားတူပင် နိုင်ငံခြားသား မုန်းတီးမှုနှင့် ဘာသာတရားနှင့် ၎င်း၏တန်ဘိုးများအား ကြောက်ရွံ့မှုကိုလည်း တွေ့မြင်နေရပါသည်။

စာတမ်းက ယခု ကူးပြောင်းဖော်ပြတော့မည့် စစ်တပ်ဩဇာလွှမ်းမိုးမှုအပါအဝင် နိုင်ငံတော်၏ တကယ့်ဖွဲ့စည်းတည်ဆောက်မှုများနှင့်အင်အားက အခွင့်အရေးများ ပိုမိုကြီးမားစွာရယူ၍ မူကြမ်းရေးဆွဲ ထားပြီး ၎င်းတို့အား၊ အကာအကွယ်ပေးရန်ကို ပို၍ကြီးမားစွာ ပူပင်ကြောင့်ကျထားကြောင်း၊ ပြည်သူလူထု အနေဖြင့် အခွင့်အရေးများကို ခံစားနိုင်ရန် ဖြစ်နိုင်ခြေအလွန့်အလွန်နည်းပါးကြောင်း ပြသနေပါသည်။

ရွေးကောက်ပွဲ စံနစ်

ဥပဒေပြုအာဏာပိုင်များ စီမံအုပ်ချုပ်မှု အာဏာပိုင်များအကြောင်း၊ မပြောင်းမီ (ပုံမှန်အခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဗဟိုချက်မ ဖြစ်ပြီး၊ နှစ်မျိုးစလုံးမှာ ရွေးကောက်ပွဲများ၏လုပ်ငန်းစဥ်တစ်ရပ်တွင် ပါဝင်နေပါသည်။)ရွေးကောက်ပွဲစနစ်၏ အပြောင်းအကြောင်း အကျဉ်းဖော်ပြပါသည်။ ရွေးကောက်ပွဲများစည်းရုံးဖော်ဆောင်ရန် တာဝန်ရှိမှုမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရှိပါသည်။ သမတက တရားရေးရာ(သို့) ဥပဒေရေးရာ နောက်ခံအတွေ့အကြုံရှိသူ အဖွဲ့ဝင်များကို ပြည်ထောင်စုလွှတ်တော်၏ ထောက်ခံသဘောတူညီမှုဖြင့် (အကယ်၍ အမည်စာရင်းတင်သွင်းခံရသူ ၎င်းရာထူးနေရာအတွက် စည်းမျဉ်းနှင့် ညီညွတ်သောအရည်အချင်းများမရှိပါက ထောက်ခံသဘောတူညီမှုပေးရန် ငြင်းဆန်နိုင်ပါသည်။ သမတအနေဖြင့်အဖွဲ့ဝင်တစ်ဦးအား ပုံမှန်ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှု လုပ်ငန်းစဉ်ဖြင့် ထုတ်ပစ်ဖယ်ရှားနိုင်ပါသည်။

တရားစွဲဆိုမှု

အောက်ဖော်ပြပါတာဝန်ရှိပုဂ္ဂိုလ်များသည် တရားစွဲဆိုခံရနိုင်ပါသည်။

သမ္မတ၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်/ဒေသဝန်ကြီးချုပ်များနှင့် အခြားဝန်ကြီးများ၊ ရှေ့နေချုပ်နှင့် ပြည်ထောင်စုနှင့် ပြည်နယ်စာရင်းစစ်ချုပ်၊ တရားသူကြီးချုပ်နှင့် တရားရုံးများနှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားသူကြီးများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ၎င်းတို့ထဲမှ အချို့သူများအတွက်(သမတနှင့် ဒုတိယသမတ အပါအဝင်) တရားစွဲဆိုမှုသည်သာ တာဝန်ရှိမှုအတွက် တစ်ခုတည်းသောနည်းလမ်းနှင့် ထုတ်ပယ်ပစ်ရန်နည်းလမ်း ဖြစ်ပါသည်။

တရားစွဲဆိုရန်အကြောင်းရင်းများမှာ -

(၁) နိုင်ငံတော်ပုန်ကန်မှု၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်၊ သတ်မှတ်ချက်တစ်ခုခုအား ချိုးဖောက်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) တာဝန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ဥပဒေအရ ပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း၊

၎င်းအချက်အားလုံးမှာ ပုံမှန်အားဖြင့် တရားစွဲဆိုမှုနှင့် မပတ်သက်ပါ။ တရားစွဲဆိုမှုမှာအရေးကြီးသောကိစ္စဖြစ်ပြီး ရှုပ်ထွေးပြီး တရားဥပဒေတစ်ပိုင်းလုပ်ထုံးလုပ်နည်း၊ ရာထူးတာဝန်ယူထားသူက အရည်အချင်းမရှိခြင်း(သို့)အရည်အချင်းမပြည့်မှီနိုင်တော့ခြင်း၊ တာဝန်မကျေပွန်ဟု ပြုမူဆက်ဆံရန် မသင့်လျော်ခြင်း စသောဖြစ်ရပ်များတွင် သင့်လျော်မှုမရှိခြင်း၊ ဦးစွာဖော်ပြခဲ့သော အကြောင်းရင်းများမှာ တရားရုံးများမှ ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး နောက်ဖော်ပြခဲ့သော အကြောင်းရင်းများမှာ နိုင်ငံရေးလုပ်ငန်းစဉ်ဖြင့် ကိုင်တွယ် (ဤနေရာတွင်စာထောက်နေပါသည်၊ ကြည့်ရှုနိုင်ပါရန်)

နိုင်ငံတော်ပုန်ကန်မှုမှာ တရားရုံးများမှ ကိုင်တွယ်ရပါမည်။ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းသတ်မှတ်ချက်တခုခုအား ချိုးဖောက်သည်ဟု တရားစွဲဆိုရန် မသင့်လျော်ဟုလည်း ထင်ရပါသည်။ ပို၍ အရေးကြီးသော ချိုးဖောက်မှုအတွက် လျာထားသင့်ပါသည်။

ပြည်ထောင်စုတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပတ်သက်၍ နမူနာပုံစံပြုလုပ်ထုံးလုပ်နည်းမှာ တရားစွဲဆိုရန်အတွက် ပြည်သူ့လွှတ်တော်၏ လွှတ်တော်တစ်ရပ်မှ အဖွဲ့ဝင်များ (အနည်းဆုံးလေးပုံတစ်ပုံက စတင်လုပ်ဆောင်ရမည်ဖြစ်ပြီး အဖွဲ့ဝင်အားလုံး၏ သုံးပုံနှစ်ပုံ၏ထောက်ခံမှု ရရှိရပါမည်။)အတွက်ဖြစ်ပြီး အခြားလွှတ်တော်တစ်ရပ်က စုံစမ်းစစ်ဆေးပြီး စွဲဆိုချက်များတင်ရပါမည်။ ၎င်းလွှတ်တော်အဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံက စွဲဆိုချက်များအတွက် အချက်အလက်များ အားဖြည့်ရှာဖွေရန် လိုအပ်ပါသည်။ ဤလုပ်ထုံးလုပ်နည်းကို သမတ၊ ဒုတိယသမတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ တရားသူကြီးများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအတွက် အသုံးပြုပါသည်။ ပြည်နယ်(သို့)ဒေသရှိတာဝန်ရှိပုဂ္ဂိုလ်များအတွက်(ဝန်ကြီးချုပ်၊ အခြားဝန်ကြီးများနှင့် စာရင်းစစ်ချုပ်)လွှတ်တော်တစ်ရပ်မှ လုပ်ရှားမှုဆောင်ရွက်ရင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဖွဲ့စည်းပေးထားသောကော်မီတီတစ်ရပ်မှ စုံစမ်းစစ်ဆေးမှုပြုလုပ်ထားသော စွဲချက်များကို

အနည်းဆုံးလေးပုံတစ်ပုံသောအဖွဲ့ဝင်များမှ တင်သွင်းစွဲဆိုရပါမည်။ သမတသည်လည်း တရားသူကြီးများအား တရားစွဲဆိုချက်များကို လွှတ်တော်တရပ်အဖြစ်ဆောင်ရွက်သော ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်သွင်းနိုင်သည်။ ဤနေရာတွင် တရားစွဲဆိုချက်များကို လွှတ်တော်နှစ်ရပ်မှ အဖွဲ့ဝင်များ၏အရေအတွက်နှင့်ညီမျှသောအဖွဲ့ဝင်ဦးရေရှိသည့် ကော်မတီတစ်ရပ်က စုံစမ်းစစ်ဆေးပြီး ပူးတွဲအစည်းအဝေးနှင့် တရားစွဲဆိုရပါမည်။ ပုံမှန်အားဖြင့်ထုတ်ပယ်ဖယ်ရှားမှုကို ၎င်းကိုယ်နိုက်၏ အမှုကိစ္စမှလွဲ၍ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ရှိမှုဖြစ်လာသည့်အချိန်တွင် သမတက လုပ်ဆောင်ပါသည်။ သို့သော်လည်း တရားသူကြီးများ၏အမှုတွင် သမတမှာ စွတ်စွဲသူနှင့် ထုတ်ပယ်ရန်တာဝန်ရှိသူ နှစ်မျိုးစလုံး ဖြစ်နိုင်ပါသည်။ သမတအနေဖြင့် ပြည်ထောင်စုဝန်ကြီးများကိုလည်း ၎င်းဘာသာ ထုတ်ပယ်နိုင်ပါသည်။ သို့ရာတွင် တရားစွဲဆိုမှုမှာ ပြည်ထောင်စုလွှတ်တော်ကသာ ဆောင်ရွက်ရပါမည်။

ကော်မရှင်က မဲဆန္ဒနယ်များရေးဆွဲ၊ မဲပေးသူစာရင်းပြုစု၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် တရားခုံရုံးများထူထောင်၊ ရွေးကောက်ပွဲများနှင့် နိုင်ငံရေးပါတီများအတွက် ဥပဒေများရေးဆွဲကိုင်တွယ်ဆောင်ရွက်(အခြားအပိုဒ်တစ်ခုက နိုင်ငံရေးပါတီများအတွက် ဥပဒေပြုရန် ဤတာဝန်ရှိမှုကို ပြည်ထောင်စုလွှတ်တော်သို့ ပေးအပ်ထားသော်လည်း) ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရွေးကောက်ပွဲတရားရုံးများနှင့် နိုင်ငံရေးပါတီများမှ အယူခံများအတွက် ကော်မရှင်၏ အက်ဥပဒေများနှင့် ဆုံးဖြတ်ချက်များမှာ နောက်ဆုံးနိဂုံး ဖြစ်ပါသည်။(၉/၁၂)

## မဲပေးခွင့်

ရွေးကောက်ပွဲစတင်သည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊ ဥပဒေအရ အရည်အချင်းနှင့်ပြည့်မီသူ မဟုတ်သူ၊ မဲပေးရန် အရည်အချင်းပြည့်မီသူနှင့် ဥပဒေအရ မဲဆန္ဒပေးခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးခွင့်ရှိသည်။ (၉/၁)။ နိုင်ငံသားဖြစ်မှုကိုယ်၌သည် မဲပေးခွင့်အခွင့်အရေးအတွက် ဗဟိုပြုအယူအဆမဖြစ်နိုင်ပါဟု ပြဆိုခြင်းသည် အတော်အတန်အတိတ်နိမိတ်မကောင်းသလို ဖြစ်နိုင်ပါသည်။ မည်သူမဲပေးနိုင်သည်ဆိုသည်မှာ ဥပဒေပေါ်တွင် မူတည်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ မဲပေးခွင့်မရှိဟု ဖော်ပြထားပါသည်။ သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊ စိတ်ပေါ့သွပ်သူဟု သက်ဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူများ၊ ဥပဒေအရ အရည်အချင်းပြည့်မီခြင်းမရှိသော နိုင်ငံသားတစ်ဦးအား ပြည်ထောင်စုလွှတ်တော်မှ တားမြစ်ပိတ်ပင်နိုင်သည်။ (ပုံမှန်အားဖြင့်အစိုးရ ဆောင်ရွက်မှုအရ) မဲဆန္ဒပေးခွင့်သည် နိုင်ငံသားဖြစ်မှု၏အခြေခံဖြစ်ပြီး အရည်အချင်းမပြည့်မီသော အကြောင်းရင်းများသည် ကြောင်းကျိုးဆီလျော်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။ အစိုးရအာဏာပိုင်များ၏ သဘောဆန္ဒအတိုင်း ပြုရန် ခွင့်ပြုမထားသင့်ပါ။ ရွေးကောက်တင်မြှောက်ခြင်း ပထမဥပဒေအား နိုင်ငံရေးနှင့် ကင်းလွတ်သည်ဟု သိမြင်ထားသော လတ်တလောအစိုးရက ရေးဆွဲသည်။ (အသွင်ကူးပြောင်းရေးဆိုင်ရာ အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အောက်တွင်ကြည့်)

## ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခွင့်

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အခြေခံအရည်အချင်းများမှာ ရွေးချယ်တင်မြှောက်ခံအဖွဲ့အစည်းများ အားလုံးအတွက် အတူတူပင် ဖြစ်သည်။ ကိုယ်စားလှယ်လောင်းမှာ အသက်၂၅ နှစ်နှင့် ၂၅နှစ်အထက်(အမျိုးသားလွှတ်တော်မှအပ၊ အနည်းဆုံးအသက် ၃၀နှစ် ရှိရမည့်ဒေသနှင့် ဖုန်ငယ်များမှ တူညီသောကိုယ်စားလှယ်အရေအတွက်ရှိရမည့်/မည်။ လွှတ်တော်နှစ်ရပ်ရှိသည့်အနက် လွှတ်တော်တစ်ရပ်မှအပ(၄/၂(ခ)) ၎င်းသည် နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားလာသော နိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံတွင် ဆယ်နှစ်ဆက်တိုက်အခြေချနေထိုင်ခဲ့သူ ဖြစ်ရမည်။(အစိုးရ၏ခွင့်ပြုချက်ဖြင့် အခြားတွင် သွားရောက် နေထိုင်ကြသူများမှအပ) ၎င်းအပြင်ပြည်ထောင်စုဥပဒေတွင် ပြဋ္ဌာန်းနိုင်သော အခြားအရည်အသွေးများ ရှိရမည်။

လူတစ်ယောက်အား ကိုယ်စားလှယ်လောင်းဖြစ်ခြင်းမှ အရည်အချင်းပျက်ယွင်းစေသော အကြောင်းများရှိပါသည်။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏လက်အောက်ခံဖြစ်သူ (သို့) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ၊ ထိုနိုင်ငံသားတို့ခံစားခွင့် အခွင့်အရေးနှင့်ညီမျှသောခံစားခွင့်များ ရရှိခံစားသူများ၊ နိုင်ငံခြားတိုင်းပြည်တစ်ခု (သို့) ဘာသာတရားတစ်ခု (သို့) အခြားအဖွဲ့အစည်းများ၏ဘဏ္ဍာငွေကြေးပေါ်တွင် အမှီပြုနေသောအဖွဲ့အစည်းတစ်ခုနှင့် ပတ်သက်သက်ဆိုင်သူ၊ အဖွဲ့ဝင်ဖြစ်သူ၊ အခြားသူများအား မဲပေးရန် (သို့) မဲမပေးရန် လှုံ့ဆော်သူ (သို့) ထိုသို့သောအဖွဲ့ အစည်းတစ်ခု၏ အဖွဲ့ဝင်ဖြစ်သူ (သို့) သာသနာ့ဝန်ထမ်းများ၊ အခြားအရည်အသွေးမပြည့်မှီသောသူများမှာ နိုင်ငံတော်၏ ငွေကြေး (သို့) အခြားဥစ္စာပစ္စည်းများ သုံးစွဲနေသော(တပ်မတော်သားများအတွက် ချွင်းချက်ထားပါသည်) အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ကိုင်နေသူ ဝန်ထမ်းများ (သို့) အရပ်ဘက်ဝန်ထမ်းများ။ အကယ်၍ အာဏာပိုင်များက အရည်အချင်းမပြည့်မှီဟု ဆုံးဖြတ်ပါက ရွေးကောက်ပွဲဆိုင်ရာ ချိုးဖောက်မှုတစ်ခုခုအား ကျူးလွန်ပါက ထိုသူသည် မဲဆန္ဒပေးရန် အရည်အချင်း ပျက်ယွင်းပါသည်။

အခြားသော အရည်အသွေးများနှင့် အရည်အသွေးပျက်ယွင်းမှုများမှာ မထူးခြားပါ။ အခြားတိတိကျကျရှိသော သတ်မှတ်ချက်များမှာ စစ်အစိုးရက မကြိုက်နှစ်သက်သော ပစ်မှတ်ထားသောသူများ ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းတစ်ဦး၏ မိဘနှစ်ဦးလုံး နိုင်ငံသားများဖြစ်ရမည်ဆိုသော လိုအပ်ချက်နှင့် ကိုယ်စားလှယ်လောင်းသည် မြန်မာနိုင်ငံတွင် အနည်းဆုံး ဆယ်နှစ် အခြေတကျနေထိုင်ခဲ့သူဖြစ်ရမည် ဆိုသည်မှာ နိုင်ငံတကာလက်ခံထားသော စံချိန်စံညွှန်းများအနေဖြင့် ပြင်းထန်၊ ကြောင်းကျိုးတကျမရှိပဲ ဆန့်ကျင်နေခဲ့ပြီး (ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၏ ဆုံးဖြတ်ချက်များအား ထင်ဟပ်သော ) နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်တစ်ခုအား ငြင်းဆန်ခြင်း ဖြစ်ပါသည်။ ၎င်းမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ဦးဆောင်အဖွဲ့ဝင်များနှင့် နိုင်ငံရပ်ခြားရောက်နေကြသော အခြားသူများ ဖြစ်ပါသည်။ သာသနာ့ဝန်ထမ်းများအား အရည်အချင်းပျက်ယွင်းသတ်မှတ်ခြင်းမှာလည်း အခြေခံဒီမိုကရေစီအခွင့်အရေးများကို ချိုးဖောက်မှုတစ်ခုပင် ဖြစ်ပါသည်။(၎င်းအချက်၏ မူလအစမှာ ၁၉၄၇ ခုနှစ်က သံဃာတော်အချို့၏ ဆန္ဒနှင့် တစ်စုံတစ်ရာပတ်သက်နေသော်လည်း) သာသနာ့ဝင်များသည်လည်း မဲပေးခွင့်အခွင့်အရေးကို ငြင်းပယ်ခံရပါသည်။ (၉/၂(က)) ကျယ်ပြန့်၍ မသေချာသော အရည်အသွေးမပြည့်မှီမှု နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ နိုင်ငံခြားတိုင်းပြည်တစ်ခု၏ အစိုးရတစ်ရပ် (သို့) ဘာသာရေးအဖွဲ့အစည်း (သို့) အခြားအဖွဲ့အစည်းများ၏ ငွေကြေး (သို့) အခြားပိုင်ဆိုင်မှုတစ်ခုခုအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူထားသော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များ ဖြစ်ပါသည်။(c. 4,s 33 (g)) ၎င်းပိုင်ဆိုင်မှုများ၏ ပေးရင်းအကြောင်းရင်း၊ လက်ခံရင်းအကြောင်းရင်းများကို ထည့်သွင်းမစဉ်းစားပါ။ ဒုတိယတစ်မျိုးမှာ ဘာသာတရားတစ်ခုအား နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အလွဲသုံးစားပြု၍ အခြားသူများအား မဲပေးရန် (သို့) မဲမပေးရန် လှုံ့ဆော်သူတစ်ဦးဦး (သို့) ထိုသို့သော ပြုလုပ်နေသောအဖွဲ့အစည်း၏ အဖွဲ့ဝင် (နိုင်ငံရေးရည်ရွယ်ချက်များဖြင့် ဘာသာရေးဟာ အလွဲသုံးစားပြုသည် ဆိုသည်မှာ ဘာပါလဲ) အဆိုပါပြဋ္ဌာန်းသတ်မှတ်မှုများအား စစ်အစိုးရအား ဆန့်ကျင်သူများအား ထိုးနက်တိုက်ခိုက်ရန် အသုံးပြုနိုင်ပါသည်။ ၎င်းပြဋ္ဌာန်းသတ်မှတ်ချက် အားလုံးသည် လူထုရေးရာများတွင် ပါဝင်လာသောအခါ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးချိုးဖောက်မှုတစ်ခု ဖြစ်ပေါ်လာပါသည်။

သမတ(သို့) ဒုတိယသမတလောင်းများအတွက် အရည်အသွေးများမှာ ပို၍ပင် ပြင်းထန်တင်းကြပ်ပါသည်။ (သမတဆိုင်ရာ အခန်းကဏ္ဍတွင် ဆွေးနွေးထားပါသည်။ )

ဤသို့သော နည်းလမ်းများဖြင့် စစ်အုပ်စုက အချို့သောအရေးအကြီးဆုံးပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မှုအား ပိတ်ပင်တားဆီးထားခဲ့ပြီး ပြည်သူများနှင့် စေ့စပ်ပြေငြိမ်းရန်နှင့် တိုင်းပြည်၏ နိုင်ငံရေးစံနစ်အား ပြုပြင်ပြောင်းလဲရန်အတွက် အစိုးရအပေါ် သစ္စာရှိမှုနှင့် ယုံကြည်မှုအပေါ် ပြင်းပြသော သံသယစိတ်ရှိခဲ့ပါသည်။

ပုံမှန်အားဖြင့် ရွေးချယ်တင်မြှောက်ခံရသော လွှတ်တော်အမတ်တစ်ဦး၏သက်တမ်းမှာ ငါးနှစ် ဖြစ်ပါသည်။ သို့ရာတွင် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲဆန္ဒရှင်များ အနက် အနည်းဆုံး ၁%တို့က တာဝန်မှ ပြန်လည်ရုတ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေပါ အကြောင်းရင်းများနှင့် ညီညွတ်ပါက တရားစွဲဆိုမှု လုပ်ထုံးလုပ်နည်း

အတိုင်း ဆောင်ရွက်ရမည်။ အကယ်၍ ကော်မရှင်က တိုင်ကြားချက်မှန်ကန်ကြောင်း တွေ့ရှိရပါက အဆိုပါ အဖွဲ့ဝင်အား ထုတ်ပယ်ဖယ်ရှားပစ်ရမည်။ ဤသည်မှာ အစိုးရနှင့်အဆင်မပြေသော လွှတ်တော်အမတ် တစ်ဦးအား ထုတ်ပယ်ပစ်ရန် အလွယ်ကူဆုံးနည်းလမ်း ဖြစ်ပါသည်။ နိုင်ငံရေးမှားယွင်းဖောက်ပြန်မှုအတွက် အကာအကွယ်ပေးထားမှု လွန်စွာ နည်းပါးပါသည်။ (ကော်မရှင်၏ ဆုံးဖြတ်ချက်များအတွက် အယူခံ မရှိပါ)

ကော်မရှင်မှာ နိုင်ငံရေးပါတီများ၏ စည်းမျဉ်းစည်းကမ်းများအတွက် အရေးကြီးသော အခန်းကဏ္ဍ တွင် ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက မြန်မာနိုင်ငံအား "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီ" ဟု ဖွင့်ဆိုပါသည်။(အခြေခံ မူ ၃) သို့အတွက် နိုင်ငံရေးပါတီများအား ထိန်းချုပ်ထားသော စည်းမျဉ်းစည်းကမ်းတွင် ဤအချက်မှာ ရှင်းလင်းပါသည်။ နိုင်ငံရေးပါတီများသည် "ပြည်ထောင်စု မပြိုကွဲရေး" "တိုင်းရင်းသွေးစည်းညီညွတ်မှု မပြိုကွဲရေး" နှင့် "အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဦးတည်ချက်များ အား လိုက်နာရမည်ဖြစ်ပြီး ၎င်းစံများသည် မှတ်ပုံတင်မှုကို ခွင့်ပြုရန် (သို့) ဆိုင်ငံ့ထားရန် စဉ်းစားဆုံးဖြတ် ရာတွင် အဓိကစဉ်းစားချက်ဖြစ်များ ဖြစ်ပါသည်။ အကယ်၍ ပါတီတစ်ခုခုသည် အစိုးရအား ဆန့်ကျင် တိုက်ခိုက်နေသော သူပုန်အုပ်စုများ(သို့) အစိုးရက အကြမ်းဖက်မှုများ ကျူးလွန်နေသည်ဟု ကြေငြာထား သောသူများ (သို့) အဖွဲ့အစည်းများ (သို့) အစိုးရက တရားမဝင်ဟု ကြေငြာထားသော အဖွဲ့အစည်းများနှင့် ဆက်သွယ်(သို့) ထောက်ပံ့မှုပြုပါက ရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်မှုကို ပယ်ဖျက်နိုင်သည် (၁၀/၄)။ မှတ်ပုံတင်ခြင်း၊ ပယ်ဖျက်ရန်အတွက် အခြားသော အကြောင်းရင်းများမှာ နိုင်ငံခြားတိုင်းပြည်တစ်ခု၏ အစိုးရ (သို့) ဘာသာရေးအဖွဲ့အစည်း (သို့) အဖွဲ့အစည်းတစ်ခုခု (သို့) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ ဘဏ္ဍာ ငွေကြေး၊ ရုပ်ဝတ္ထုပစ္စည်း နှင့် အခြားထောက်ပံ့ကူညီမှုများကို တိုက်ရိုက်သော်၎င်း ၊ သွယ်ဝိုက်၍သော်၎င်း၊ လက်ခံခြင်းနှင့် ပါတီက နိုင်ငံရေးရည်ရွယ်ချက်နှင့် ဖောက်လွဲဖောက်ပြန်ပြုလုပ်လျှင် မှတ်ပုံတင်မှုကို ပယ်ဖျက် နိုင်ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေက မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီတစ်ခုက တာဝန်ယူသော ကိုယ်စား လှယ်လောင်းကိုသာ ရွေးကောက်ပွဲ ဝင်ခွင့်ပြုသည်ဟုလည်း သတ်မှတ်ထားခြင်း မရှိပါ။("စည်းကမ်းပြည့်ဝ သော ပါတီစုံဒီမိုကရေစီ"က ပြဆိုကောင်းပြဆိုနိုင်သော အယူအဆ) အကယ်၍ ဤသို့ ဖြစ်လာပါက ကော်မရှင်၏မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်းတို့အပေါ် ထိန်းချုပ်မှုမှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သူ (သို့) အုပ်စုပေါ်တွင် အရေးကြီးသော သက်ရောက်မှု ရှိနေပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေက သမတ (သို့) ဥပဒေပြုအဖွဲ့အတွက် မဲပေးပုံစံ စံနစ်ကိုလည်း ရှင်းရှင်း လင်းလင်း သတ်မှတ်ဖော်ပြမှု မရှိပါ။(ဘက်လိုက်မှုများနှင့် အကျိုးရလဒ်ကို ကြိုတင်ခန့်မှန်းရန် ခက်ခဲစေ သည်) မဲပေးမှုစံနစ်က မတူကွဲပြားသော ရလဒ်များကို ရရှိစေနိုင်ပါသည်။ ဥပမာအားဖြင့် လူနည်းစုများ (သို့) အမျိုးသမီးများအား အားပေးကူညီခြင်း (သို့) အနောက်အယှက်အဟန့်အတားပြုခြင်း၊ ဤအကြောင်းများ ကြောင့် ရွေးကောက်ပွဲစံနစ်များက တိုင်းရင်းသားလူမျိုးစုံနိုင်ငံတစ်ခုအတွက် ကြီးမားစွာအရေးပါမှုကို ဖြစ်စေပြီး မဲပေးမှုစံနစ်၏ အခြေခံစည်းမျဉ်းဥပဒေသများကို တိုးများလာ(တစ်ခါတစ်ရံ အသေးစိတ်) သိသလို အမှန်တကယ်မလွတ်လပ်သော ရွေးကောက်ပွဲစံနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲလာကြ ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပါတီများနှင့် ရွေးကောက်ပွဲများအတွက် တရားဥပဒေနှင့် ညီညွတ်သော လုပ်ငန်းဘောင်(ရွေးကောက်ပွဲကော်မရှင်မှာ အမှန်အားဖြင့် သမတ၏ သတ္တဝါကြီးတစ်ကောင်သာ ဖြစ်ပါသည်)က အစိုးရဆန့်ကျင်သူများ၏ နိုင်ငံရေးလှုပ်ရှားမှုများကို ဥပဒေပြင်ပသို့ ဖယ်ရှားပစ်ရန် ကြီးမား သော အခွင့်အလန်းများကို ခွင့်ပြုထားခဲ့ပါသည်။ ဤသည်မှာ ဒီမိုကရေစီကို မွေးဖွားစမှာပင် လည်မြိုညှစ် သတ်နေခြင်းသာ ဖြစ်ပါသည်။

<u>ဥပဒေပြုအဖွဲ့များ</u>

စာတမ်းက ဥပဒေပြုအာဏာပိုင်များနှင့် စတင်ခဲ့သည်မှာ ၎င်းတို့သည် အရေးအကြီးဆုံးဖြစ်နေ၍ မဟုတ်ပါ။ အရေးမကြီးပါ။ သို့သော်လည်း ၎င်းတို့၏ ဖွဲ့စည်းမှုနှင့်အာဏာမှာ ကျွန်ုပ်တို့အား နိုင်ငံရေးစနစ်၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် လှုပ်ရှားနိုင်မှုစွမ်းအင်အားကို နားလည်နိုင်စေရန် အကူအညီဖြစ်စေပါသည်။

ဥပဒေပြုအဖွဲ့များမှာ အဆင့်အမျိုးမျိုးတွင် တည်ရှိနေပါသည်။ ပြည်ထောင်စု ပြည်နယ်များ (သို့) ဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုန်နယ်များ၊ (သို့) တိုင်းများ၊ မြို့တော်နယ်မြေပိုင်နက်နှင့် အခြား ပြည်ထောင်စု နယ်မြေပိုင်နက်များ၊ ၎င်းတို့အားလုံးတွင် တူညီသော သက်တမ်းရှိပါသည်။ ၎င်းအဆင့်များ အားလုံး ၅ နှစ် သက်တမ်းအား တစ်ပြိုင်နက်တည်း တာဝန်ထမ်းဆောင်ကြပါသည်။ စိတ်ဝင်စားစရာ အကောင်းဆုံးမှာ ပြည်ထောင်စုဥပဒေပြုအဖွဲ့ ဖြစ်ပါသည်။ ၎င်းမှာ နှစ်ရပ်ပေါင်းအား တစ်စုတစ်စည်းတည်း ပြည်ထောင်စုလွှတ်တော်အဖြစ် သိနားလည်ထားကြပါသည်။ လွှတ်တော်တစ်ရပ်က ပြည်သူ့လွှတ်တော်ဟု ခေါ်သော ပြည်သူလူထု နှင့် မြို့နယ်များကို ကိုယ်စားပြုပြီး၊ အခြားလွှတ်တော်တစ်ရပ်မှာ ပြည်နယ်များနှင့် ဒေသကြီးများကို ကိုယ်စားပြုသော အမျိုးသားလွှတ်တော်တစ်ရပ်မှာ ပြည်နယ်များနှင့် ဒေသကြီးများကို ကိုယ်စားပြုသော အမျိုးသားလွှတ်တော်ဖြစ်ပါသည်။ သို့ရာတွင် ပုံမှာ အနည်းငယ်ပို၍ ရှုပ်ထွေးပါသည်။ လွှတ်တော်တစ်ရပ်စီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းပေးသော တပ်မတော် ကိုယ်စားပြု အဖွဲ့ဝင်အချို့ ပါဝင်ပါသည်။ ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင် ၄၄၀ အနက် ၁၁၀ ဖြစ်ပြီး အခြားလွှတ်တော်တစ်ရပ်တွင် အများဆုံးရှိသည့် အဖွဲ့ဝင် ၄၄၀ အနက် ၅၆ ယောက်ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်၏အဖွဲ့ဝင်မှာမူ ရှုပ်ထွေးပါသည်။ ဒေသနှင့် ပြည်နယ်တစ်ခုစီတွင် တပ်မတော်အဖွဲ့ဝင် ၄ ဦး ခန့်ထားရပြီး (တပ်မတော်မှာ အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် ၎င်းမည်သို့လုပ်ဆောင်ရသည်ကို မရှင်းလင်းပါ။ ပြုမူဆောင်ရွက်ပုံနည်းလမ်းများအတွက် ဥပဒေတစ်ခု ချမှတ်ပေးမည်ဟု မှန်းဆရပါသည်) ပြည်နယ်နှင့် ဒေသတစ်ခုစီမှ အဖွဲ့ဝင် ၁၂ ဦး ရွေးချယ်တင်မြောက်ရပါမည်။ ၎င်းအရေအတွက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(သို့) ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦး အပါအဝင် ဖြစ်ပါသည်။

အချို့သော ပြဋ္ဌာန်းသတ်မှတ်ချက်များမှာ လွှတ်တော်နှစ်ရပ်၏ မတူကွဲပြားသော လုပ်ငန်းဆောင် တာများနှင့် သက်ဆိုင်ပါသည်။ (ဥပမာအားဖြင့် တရားစွဲဆိုဆောင်ရွက်မှုအများစုမှာ လွှတ်တော်တစ်ရပ်၏ အဖွဲ့ဝင်များက တင်သွင်းခြင်းဖြစ်ပြီး အောင်မြင်အောင် ဆောင်ရွက်ရပါသည်) လွှတ်တော်တစ်ရပ်စီအတွင်း တသီးတခြားစီ မဲဆန္ဒယူပြီး လွှတ်တော်နှစ်ရပ်ကြားမှ သဘောတူညီမှုများ၏ ဆုံးဖြတ်ချက်ကို ထိန်းချုပ်သည့် စည်းမျဉ်းဥပဒေများ ရှိပါသည်။(တင်သွင်းဥပဒေများနှင့်သာ ဆက်စပ်နိုင်ပါသည်) သို့ရာတွင် ပြည်ထောင်စု လွှတ်တော်မှာ ၎င်း၏ ကိုယ်ပိုင်တစ်ဦးချင်း ပူးပေါင်းဆောင်ရွက်မှု ရှိပါသည်။ ၎င်းတွင် ဥက္ကဋ္ဌတစ်ဦးနှင့် ၎င်းခေါင်းဆောင်များအား ရည်ညွှန်းဖော်ပြမှု ရှိပါသည်။ အထွေထွေရွေးကောက်ပွဲပြီးလျှင် ပြည်ထောင်စု လွှတ်တော်အား ပြည်သူ့လွှတ်တော်ပထမအစည်းအဝေး၏ ၁၅ ရက်အတွင်း ခေါ်ယူရပါမည်။ အဦးအစမှာပင် လွှတ်တော်နှစ်ရပ်စလုံးမှ အတူတကွ ကိုင်တွယ်ဆောင်ရွက်ရမည့် ပြဿနာများစွာ ရှိမည်ဟု ထင်ရပါသည်။ (ဥပမာအားဖြင့် သမတက ဝန်ကြီးများ(သို့) တရားသူကြီးချုပ်အား ဥပဒေချိုးဖောက်မှုစွဲချက်များ တင်သွင်း လာသည့်အခါ)။ သမတက အရေးပေါ်အခြေအနေတစ်ရပ် ကြေငြာရန် စဉ်းစားလာသောအခါ ပူးပေါင်း ဆောင်ရွက်မှု သဘာဝရှိသည့် ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေး (အစည်းအဝေးအား ခေါ်ယူကျင်း ပရမည့်သူမှာ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ ဖြစ်သည်နှင့်အညီ)မည် ဖြစ်ပါသည်။ သမတအမည်စာရင်း တင်သွင်းမှု ထောက်ခံအတည်ပြုသော အခါသမယမျိုးနှင့် ရသုံးငွေစာရင်းပြုစုခြင်း၊ ဆုံးဖြတ်ခြင်းများ အပါအဝင် အခြားသောအခါသမယမျိုး ဖြစ်ပါသည်။ အချို့သော ဥပဒေတင်သွင်းမှုများကိုလည်း ပြည်ထောင် စုလွှတ်တော်တွင်သာ စတင်ရမည်ဟုလည်း ဖော်ပြထားပါသည်။

ဤနမူနာများတွင် ပြည်ထောင်စုလွှတ်တော်မှာ နှစ်ရပ်ရှိသော လွှတ်တော်မှ တစ်ရပ်သာရှိသော ဥပဒေပြုအဖွဲ့အဖြစ် ပြောင်းလဲလာသည်ဟု ယူဆရပါသည်။ မူကြမ်းရေးဆွဲရေးကောင်စီ၏ စာသားစကား လုံးများမှ မည်သည့်အချိန်တွင် ရည်ညွှန်းမှုတစ်ခုအား ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းဆောင်တာ များ(သို့) လုပ်ထုံးလုပ်နည်းများအဖြစ် ဖန်တီးပြုလုပ်မည်ကို အစဉ်သဖြင့် ရှင်းရှင်းလင်းလင်း မရှိခဲ့ပါ။ ပူးတွဲအစည်းအဝေး (သို့) သီးခြားအစည်းအဝေးဟုလည်း ရှင်းလင်းမှု မရှိပါ။ အဆုံးနိဂုံးတွင် ကွဲပြားမှုမှာ အနည်းဆုံးဥပဒေပြုမှုတွင် များစွာအရေးမပါလှပါ။ စာတမ်းက အောက်တွင်ဖော်ပြမည့်အရာအတွက် ဥပဒေ တင်သွင်းမှုတစ်ခုတွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲပါက ထိုကိစ္စအား အဖွဲ့ဝင်တစ်ဦးလျှင် တစ်မဲ ကျဖြင့် လွှတ်တော်တစ်ရပ်တည်းအဖြစ် စည်းဝေး၍ ၎င်းတို့ဘာသာ ဖြေရှင်းရပါမည်။ ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်ပိုမိုများပြားသည်နှင့်အညီ ဤလုပ်ထုံးလုပ်နည်းက လွှယ်ကူသွားစေပါသည်။ သို့ရာတွင် မတူကွဲပြား

မှုများကို ဤနည်းဖြင့် ဖြေရှင်းခြင်းအား ဥပဒေပြုမှု လုပ်ထုံးလုပ်နည်းတွင်သာ အသုံးပြုသည်ဟု ယူဆရပါသည်။ ထို့ကြောင့်ပင် အချို့သော သီးခြားလုပ်ငန်းဆောင်တာများအတွက် ပြည်ထောင်စုလွှတ်တော်က လွှတ်တော်တစ်ရပ်အဖြစ် (သို့) နှစ်ရပ်အဖြစ် စည်းဝေးသည့်ကိစ္စမှာ အရေးမကြီးလှပါ။

ဥပဒေပြုလွှတ်တော်၏ ဖွဲ့စည်းတည်ဆောက်မှုမှာ ဦးတည်ချက်အတော်များများအား ရယူရန် ဖော်ဆောင်ထားခြင်း ဖြစ်ပါသည်။ တပ်မတော်တစ်ခုတည်းသာ လွှတ်တော်တစ်ရပ်စီအတွက် လေးပုံတစ်ပုံသောအဖွဲ့ဝင်များနှင့် လွှတ်တော်နှစ်ရပ်စလုံးတွင် ကိုယ်စားပြုထားပါသည်။ ဒီမိုကရေစီအခြေခံစည်းမျဉ်းဥပဒေသများနှစ်ကြိမ်နှစ်ခါ ယုတ်လျော့နေပါသည်။ လက်နက်ကိုင်တပ်များအတွက် အထူးကိုယ်စားပြုခြင်းနှင့် ရွေးချယ်တင်မြှောက်မှုအခြေခံဖြင့် မဟုတ်ပဲ အမည်စာရင်းတင်သွင်းခြင်းဖြင့် ခိုင်မာစိတ်ချရပါသည်။ တပ်မတော်ကိုယ်စားလှယ်များအနေဖြင့် စစ်ဦးစီးချုပ်၏ ညွှန်ကြားချက်များအရသာ ဆောင်ရွက်မည်မှာ သေချာပါသည်။ ၎င်းတို့မှာ လက်နက်ကိုင်တပ်များ၏ တပ်ဖွဲ့ဝင်များဖြစ်နေကြသဖြင့် စစ်တပ်၏ထိန်းချုပ်မှုများအား နာခံကြရမည် ဖြစ်ပါသည်။ ၎င်းတို့သည် ၎င်းတို့၏ အခြားအဖွဲ့ဝင်များထက်ပို၍ ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုကိုအသုံးပြုနိုင်သည့် စုစည်းညီညွတ်သောအဖွဲ့အစည်းတစ်ခုအဖြစ် လှုပ်ရှားဆောင်ရွက်နိုင်စွမ်းရှိသည့် တစ်ခုတည်းသောအုပ်စု ဖြစ်နိုင်ပါသည်။ ၎င်းအပြင် တပ်မတော် (သို့) ကာကွယ်ရေး (သို့) လုံခြုံရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ကိုင်တွယ်သည့်ကော်မတီတစ်ခုတွင် လိုအပ်ပါက တပ်မတော်မှ တပ်ဖွဲ့ဝင်မဟုတ်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သော်လည်း ၎င်းတို့အဖွဲ့ဝင်များသည်သာ သီသန့်ပါဝင်နေပါလိမ့်မည်။ ဤသည်မှာ လက်နက်ကိုင်တပ်ဖွဲ့များထံမှ သေချာတိကျသော တာဝန်ယူမှုရှိစေရန် ကြိုးစားအားထုတ်မှုတွင် ဥပဒေပြုလွှတ်တော်အတွက်ကြီးမားသော အားနည်းချို့ယွင်းမှု ဖြစ်နေပါလိမ့်မည်။

ဗမာလူမျိုးများနှင့်လူနည်းစု တိုင်းရင်းသားများအကြား ထိန်းညှိရန်အတွက် ဗမာများက လွှတ်တော်နှစ်ရပ်စလုံးအား လွှမ်းမိုးထားပါလိမ့်မည်။ လက်နက်ကိုင်တပ်ဖွဲ့များတွင်လည်း ဗမာများသာ လွှမ်းမိုးနေသဖြင့် တပ်မတော်ကိုယ်စားလှယ်အများစုအားလည်း ဗမာများထဲမှပင် ဆွဲထုတ်ရွေးချယ်ပါလိမ့်မည်။ သို့အတွက် ၎င်းတို့၏ ထောက်ခံအားပေးမှုအရ ဟန်ချက်မှာ တိမ်းစောင်းနေပါလိမ့်မည်။ ပြည်သူ့လွှတ်တော်တွင်း လူဦးရေအခြေခံမှာလည်း ဗမာများသာ အားသာ(၃၃၀သော လူထုမဲဆန္ဒနယ်များမှာ မြို့နယ်များနှင့် မည်သို့ ဆက်စပ်မည်ကို မရှင်းလင်းသော်လည်း)ပါသည်။ အမျိုးသားလွှတ်တော်တွင်လည်း ပြည်နယ်နှင့်ဒေသများမှ အညီအမျှ ကိုယ်စားပြုမှု ရှိပါမည်။ သို့သော်လည်း ဗမာများအတွက် အထူးအလေးသာမှုကို ပေးအပ်နိုင် ခြေရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကိုယ်စားလှယ်တစ်ဦးစီအပါအဝင် ဖြစ်ပါလိမ့်မည်။(၎င်းဒေသ များအား တိုင်းရင်းသားပြည်နယ်များမှ ဖယ်ထုတ်ပစ်လိမ့်မည်ဟု မျှော်လင့်ရသဖြင့်) သို့ရာတွင် ထိန်းညှိမှုကို ချုပ်ကိုင်ကြမည့်သူများမှာ တပ်မတော်သားအဖွဲ့ဝင် ဖြစ်သဖြင့် ဗမာများဘက်သို့သာ ယိမ်းယိုင် ထောက်ခံကြမည်မှာ သေချာပါသည်။

ပြည်ထောင်စုလွှတ်တော်မှ ဆုံးဖြတ်ချက်ချရန်အတွက် ချမှတ်ထားသော စည်းမျဉ်းဥပဒေများသည်လည်း ဒီမိုကရေစီအင်အားစုများနှင့် လူနည်းစုများ၏ ပါဝင်ဆောင်ရွက်မှု၊ ထိန်းညှိမှုကို ယိမ်းယိုင် တိမ်းစောင်းစေပါသည်။ ၎င်းစည်းမျဉ်းဥပဒေသသည် နိုင်ငံ၏သမတ ရွေးချယ်တင်မြှောက်မှုအတွက် Electoral College အဖြစ် ဆောင်ရွက်ပါသည်။ သို့ရာတွင် ဤရည်ရွယ်ချက်အတွက် အုပ်စု သုံးခု ကွဲထွက်သွားစေပါသည်။ ပြည်နယ်နှင့်ဒေသကြီးများ၏ ကိုယ်စားလှယ်များ၊ မြို့နယ်များမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်နှစ်ရပ်စလုံးမှ တပ်မတော်ကိုယ်စားလှယ်များ ဖြစ်ပါသည်။ အုပ်စုတစ်ခုစီက လွှတ်တော်မှ (သို့) လွှတ်တော်ပြင်ပမှ သူတစ်ယောက်အား ဒုတိယသမတအဖြစ် ရွေးချယ်တင်မြှောက်ပါလိမ့်မည်။ လွှတ်တော်များက အတူတကွ စည်းဝေးစပြီးသည့်နောက်တွင် ဒုတိယသမတများထဲမှ တစ်ဦးကို သမတအဖြစ် ရွေးချယ်တင်မြှောက်ပါလိမ့်မည်။ (သမတက ဒုတယသမတနှစ်ဦးအား တာဝန်ရှိမှုများကို ချမှတ်ပေးပါလိမ့်မည်) ဤစံနစ်က လက်နက်ကိုင်တပ်ဖွဲ့များအား ၎င်းတို့၏အဆင့်မှ အနည်းဆုံးကိုယ်စားလှယ် လောင်းတစ်ဦးအား အမည်စာရင်းတင်သွင်းခွင့် အခွင့်အရေးအား ပေးအပ်ထားခဲ့ပါသည်။ သို့မဟုတ် အနည်းဆုံး ဒုတိယသမတတစ်ဦး ခန့်ထားရန် အမည်စာရင်းတင်သွင်းခွင့် အခွင့်အရေးရရှိစေခဲ့ပါသည်။

နောက်ဆုံးဆုံးဖြတ်ချက်တို့ကို လွှတ်တော်နှစ်ရပ်၏အဖွဲ့ဝင်များက ပူးတွဲချမှတ်ကြရသဖြင့် အများဆုံးအားလုံး၏ အခြေခံသဘောအရ အဓိပ္ပါယ်ရသည်မှာ ဗမာများညီညွတ်သွေးစည်းကြလျှင် ၎င်းတို့၏ကိုယ်စား

လုပ်မှာ သမတဖြစ်လာပါလိမ့်မည်။ အကယ်၍ ဒီမိုကရေစီသဘောအရ ဗမာများသည် လူနည်းစု အဖွဲ့ဝင်များနှင့် အလုပ်အတူတကွ မလုပ်နိုင်ပါ။ တပ်မှတာဝန်ယူကြီးကြပ်သော ကိုယ်စားလှယ်က အနိုင်ရပါလိမ့်မည်။ ဖြစ်ရပ်နစ်ခုစလုံးတွင် မည်သည့်လူနည်းစု အဖွဲ့ဝင်မှ သမတ ဖြစ်လာရန်မျှော်လင့်စရာမရှိပါ။

## ပြည်နယ်နှင့် ဒေသဆိုင်ရာ ဥပဒေပြုလွှတ်တော်များ

ပြည်နယ်(သို့) ဒေသတစ်ခုစီတွင် တစ်ရပ်သာ ပါဝင်သည့် ကိုယ်ပိုင်ဥပဒေပြုလွှတ်တော်များ ရှိကြပါသည်။ ရွေးချယ်တင်မြှောက်ခံအဖွဲ့ဝင် နှစ်မျိုး ရှိပါသည်။ မြို့နယ်တစ်ခုစီမှ နှစ်ဦးစီနှင့် ပြည်နယ်(သို့) ဒေသ၏ အနည်းဆုံး ၁%ရှိသော တိုင်းရင်းသားလူမျိုးစုတစ်ခုစီမှ တစ်ဦး (၎င်းတွင် ပြည်နယ်(သို့)ဒေသ (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှိနှင့်ပြီး မဟုတ်ခဲ့လျှင်) ရွေးချယ်တင်မြှောက်ခံ မဟုတ်သော အဖွဲ့ဝင်များအား စစ်ဦးစီးချုပ်က အမည်စာရင်း တင်သွင်းသောသူများထဲမှ ရယူမည်။ ၎င်းတို့၏ အရေအတွက်မှာ ရွေးချယ်တင်မြှောက်ခံအဖွဲ့ဝင်များ စုစုပေါင်း၏သုံးပုံတစ်ပုံ (သို့မဟုတ် စုစုပေါင်းအဖွဲ့ဝင်အားလုံး၏ လေးပုံတစ်ပုံ ) ရှိမည်။

## ပြည်ထောင်စုနယ်မြေပိုင်နက်ဥပဒေပြုလွှတ်တော်

နေပြည်တော်နှင့်ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သမတက ခန့်အပ်ဖွဲ့စည်းသော နေပြည်တော်ကောင်စီ ရှိစေသည်။ သို့ရာတွင် ၎င်းအနေဖြင့် နေပြည်တော်လုံခြုံရေးကိစ္စရပ်များအတွက် ညှိနှိုင်းဆောင်ရွက်ရန် စစ်ဦးစီးချုပ်အမည်စာရင်းတင်သွင်းသော တစ်ဦး (သို့) တစ်ဦးထက်ပိုသော တပ်မတော်အဖွဲ့ဝင်များထဲမှ ရယူရမည်။ ပြည်နယ်(သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် ကိုယ်စားပြုရသော ဥပဒေပြုအာဏာများအတွက် ပြည်ထောင်စုနယ်မြေပိုင်နက်ဥပဒေပြုလွှတ်တော်ကို ပြည်ထောင်စုလွှတ်တော်မှ ဖော်ဆောင်မည်။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုန်(သို့)တိုင်း ဥပဒေပြုလွှတ်တော်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇုန်/တိုင်းဟုခေါ်သော အဖွဲ့တွင် ဇုန်/တိုင်းအတွင်း ဖြစ်ရှိလာသော ကိစ္စရပ်များအတွက် အခြေခံဥပဒေအရ (သို့) အမျိုးသား (သို့) ပြည်နယ်/ဒေသလွှတ်တော်၏ဥပဒေအရ ကိုယ်စားပြု၍ ဥပဒေပြဋ္ဌာန်းခွင့်ရှိသည်။ ၎င်းက စီမံအုပ်ချုပ်မှုအာဏာဖြင့် ဥပဒေပြုမှုလုပ်ငန်းဆောင်တာများအား ပေါင်းစပ်သည်။ ၎င်းတွင် အမျိုးအစားနှစ်မျိုး(သို့)သုံးမျိုးမှ အဖွဲ့ဝင်အနည်းဆုံးဆယ်ဦး ပါဝင်သည်။ နေရာဒေသတစ်ခုအတွင်းရှိ မြို့နယ်များမှ ပြည်နယ်/ဒေသလွှတ်တော်အတွက် ရွေးချယ်တင်မြှောက်ထားသူများ၊ လုံခြုံရေးနှင့် နယ်စပ်ဒေသ သုံးရာအတွက် တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး တစ်စုစီမှ ကိုယ်စားလှယ်တစ်ဦး(၎င်းတို့ကိုယ်ပိုင်ပြည်နယ် (သို့) ဒေသများမရှိပဲ ပထမအမျိုးအစားနှစ်ခုမှ အဖွဲ့ဝင်များက ရွေးချယ်လိုက်သော အနည်းဆုံးလူ ၁၀၀၀၀ ပါဝင်သည့်) နှင့် ပထမအမျိုးအစားများမှ ရွေးချယ်လိုက်သော အခြားသင့်လျော်သူများ(အနည်းဆုံးဆယ်ဦးဖြစ်စေရန်)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုန် (သို့) တိုင်းအတွက် တပ်မတော် ကိုယ်စားလှယ်အရေအတွက်မှာ စုစုပေါင်းအရေအတွက်၏ လေးပုံတစ်ပုံ ရှိရမည်။

## စီမံအုပ်ချုပ်သူများနှင့် သမတ

ပြည်ထောင်စု၏စီမံအုပ်ချုပ်မှုအာဏာများသည် သမတမှ ဆင်းသက်သည်။ သမတ၏အာဏာများနှင့် တာဝန်ရှိမှုများအား ဆက်စပ်ရသည်မှာ စီမံအုပ်ချုပ်မှုစနစ်အား အတန်းအစားခွဲခြားရသည်ထက် ပို၍ လွယ်ကူပါသည်။ သမတကို အထက်တွင် ဖေါ်ပြထားခဲ့သည့်အတိုင်း Electoral College တစ်ခုအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက်သည်။ သို့သော်လည်း သူ(သို့)သူမမှာ ပုံမှန်ပါလီမန်စနစ်တွင် ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံမှုမရှိပါ။ သူ(သို့)သူမအား လွှတ်တော်၏ သုံးပုံနှစ်ပုံသော ဆန္ဒစွဲဆိုချက်နှင့် လွှတ်တော်၏ ကြားနာမှု လိုအပ်သော တရားစွဲဆိုမှုဖြင့်သာ ထုတ်ပယ်ဖယ်ရှားခွင့်ရှိသည်။ သို့မဟုတ်ပါက သမတတွင် လွှတ်တော်အားလုံးနှင့် တပြိုင်နက်တည်း စတင်သော ၅ နှစ်သက်တမ်းရှိသည်။(နောက်ထပ် သက်တမ်းသစ်တစ်ခု အရွေးချယ်ခံနိုင်သည်) စည်းမျဥ်းဥပဒေသနှင့်

အားဖြည့်ထားသည့်သမတ၏ စီမံအုပ်ချုပ်မှုက သမတသည် ၎င်းဆန္ဒနှင့်အညီ ဝန်ကြီးများအား ခန့်အပ်ခွင့်၊ ဖြုတ်ချခွင့်ရှိပြီး ဝန်ကြီးများသည် ဥပဒေပြုအဖွဲ့၏အဖွဲ့ဝင်များမဟုတ်သည်ကို ပြဆိုနေပါသည်။ တစ်ဖက်တွင်လည်း "တာဝန်ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်း" အပါအဝင် တရားစွဲဆိုတင်သွင်းနိုင်မှု၏ အကြောင်းရင်းများမှာ ပါလီမန်စနစ်တစ်ခု၏ အရှိန်သြဇာဖြစ်သော်လည်း သုံးပုံနှစ်ပုံသော မဲဆန္ဒမှာမူ ကိုက်ညီမှု မရှိပါ။

သမတ (နှင့် ဒုတိယသမတ) ရွေးချယ်တင်မြှောက်ခြင်း လုပ်ထုံးလုပ်နည်းအား ဖော်ပြထားသော်လည်း ဤရာထူးနေရာများအတွက် အရည်အချင်းများ မဟုတ်ပါ။((၃/၄)တွင် ဖော်ပြထားသည်) ကိုယ်စားလှယ်လောင်းတစ်ဦးသည် ပြည်ထောင်စုနှင့် နိုင်ငံသားဖြစ်မှုပေါ်တွင် သစ္စာရှိရမည်ဖြစ်ပြီး နှစ်ဦးစလုံးမြန်မာနိုင်ငံတွင် မွေးဖွား၍ မြန်မာအမျိုးသား မိဘများမှ မြန်မာနိုင်ငံတွင် မွေးဖွားသည့် မြန်မာနိုင်ငံသားတစ်ဦးဖြစ်ရမည်။ သို့ရာတွင် ထိုကဲ့သို့သော ကိုယ်စားလှယ်လောင်းသည်လည်း ၎င်း၏ဇနီး ခင်ပွန်း၊ မိဘများ(သို့) သားသမီးများနှင့် သားသမီး၏အိမ်ထောင်ဘက်များသည် နိုင်ငံခြားတိုင်းပြည်တစ်ခုအား ထောက်ပံ့သစ္စာခံရသူများ၊ ထိုနိုင်ငံသားများ (သို့) ထိုနိုင်ငံသားတို့ ခံစားရသောအခွင့်အရေးများနှင့် ညီမျှသောအခွင့်အရေးများ ခံစားရသူများဖြစ်နေပါက အရည်အချင်းပျက်ယွင်းနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာက လက်ခံထားသောကျင့်ဝတ်များကို အခြေခံအရ ချိုးဖောက်ခြင်းတစ်ခု ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းမှာ အနည်းဆုံးအသက် ၄၅ နှစ်ရှိရမည်ဖြစ်ပြီး ရွေးကောက်ပွဲကာလအထိ တိုင်းပြည်အတွင်းတွင် နှစ်ပေါင်း ၂၀ ဆက်တိုက်နေထိုင်ခဲ့သူ ဖြစ်ရမည်။ ဤပြဋ္ဌာန်းသတ်မှတ်ချက်များက တိတိကျကျသတ်မှတ်ထားသော လူပုဂ္ဂိုလ်များ (သို့) လူအမျိုးအစားများအား ဝေဖန်ထောက်ပြရန် ပုံစံချထားသော ထူးခြား ကျယ်ပြန့်သည့်ပိုက်ကွန်တစ်ခုတို့ ဖြစ်ပေါ်စေပါသည်။ ၎င်းတို့သည် လူထုရေးရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ရွေးချယ်တင်မြှောက်ခွင့်၊ လူထုဆိုင်ရာ ရာထူးနေရာတစ်ခုအတွက် ဝင်ရောက်အရွေးကောက်ခံခွင့် စသည့်လူ့အခွင့်အရေးများကို ထင်ထင်ရှားရှား ဆန့်ကျင်နေပါသည်။

တရားစွဲဆိုတင်သွင်းမှုသည် သမတ (သို့) ဒုသမတများအား ထုတ်ပယ်ဖယ်ရှားရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။ တရားစွဲဆိုတင်သွင်းရန် အကြောင်းရင်းများမှာ နိုင်ငံတော်အား သစ္စာဖောက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာ ပျက်ပြားခြင်း၊ သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ရာထူးနေရာအတွက် အရည်အချင်းပျက်ယွင်းခြင်း၊ ပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်း။ (၃/၁၆) ရွေးချယ်တင်မြှောက်ခံရန် အရည်အချင်းကင်းမဲ့သွားသော သမတ(သို့) ဒုတိယသမတတို့မှာ မည်သည့်အတွက်ကြောင့် ရာထူးအား အလိုအလျောက် (ကမ္ဘာ့ဥပဒေသဟု ဆိုနိုင်သည့်)လက်လွှတ်ဆုံးရှုံးပြီး မဖြစ်သည်ကိုမူ ရှင်းလင်းမှု မရှိပါ။ ၎င်းအပြင် ၎င်းအား သူ(သို့)သူမ အနေဖြင့် အမှန်တကယ် လုံလောက်သည့် နိုင်ငံရေးဆိုင်ရာ ထောက်ခံမှု ရရှိနှင့်ပြီး အရည်အချင်းအရ ပြည့်မီခြင်း မရှိတော့သော်လည်း ထုတ်ပယ် ဖယ်ရှားခြင်းမှ လွတ်သွားနိုင်သော တရားစွဲဆို တင်သွင်းမှုတစ်ခု၏ လုပ်ငန်းစဉ်အတွင်းသို့ ရောက်ရှိသွားစေပါသည်။ အလားတူပင် သုံးပုံနှစ်ပုံမဲလိုအပ်သော တရားစွဲဆိုတင်သွင်းမှုမှာလည်း တာဝန်ကျေပွန်အောင် မထမ်းဆောင်ခြင်း၊ (သို့) အရည်အချင်း ပျက်ယွင်းမှုတို့အား ကိုင်တွယ်ရန်ကရိယာတစ်ခု ဖြစ်နိုင်သည်ဟု မယူဆနိုင်ပါ။

တရားစွဲဆိုတင်သွင်းမှုအတွက် လုပ်ကိုင်ဆောင်ရွက်မှုများကို လွှတ်တော်တစ်ရပ်က စတင်ဆောင်နိုင်သော်လည်း ၎င်းလွှတ်တော်၏အဖွဲ့ဝင် လေးပုံတစ်ပုံအောက် လျော့နည်း၍ မရပါ။ ၎င်းပြင် စွဲချက်များအား အဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံက ထောက်ခံခြင်းမရှိပါက အခြားလွှတ်တော်တစ်ခုက ကြားနာရန် ဆက်လက်တင်ပြ၍ မရနိုင်ပါ။ အကယ်၍ အခြားလွှတ်တော်တစ်ရပ်က သမတ(သို့) ဒုတိယသမတ တက်ရောက်နားထောင်ခွင့်ရှိသော စုံစမ်းစစ်ဆေးမှုများအပြီးတွင် စွပ်စွဲချက်များ ခိုင်လုံမှန်ကန်သည်ဟု ဆုံးဖြတ်ပြီး ထိုရာထူးနှင့် မသင့်တော်တော့ဟု ဆုံးဖြတ်လိုက်ပါက ထိုနိဂုံးကောက်ချက်ကို ထုတ်ပယ်ဖယ်ရှားလိုက်ကြောင်း အသိပေးကြေငြာနိုင်သော ပြည်ထောင်စုလွှတ်တော်ခေါင်းဆောင်ထံသို့ တင်ပြရမည်ဖြစ်သည်။

## ပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေက သမတသည် ပြည်ထောင်စုတစ်ခုလုံး၏ အမြင့်ဆုံးဂုဏ်ထူးဆောင် ရာထူးတစ်ခုကို ရယူ၍ ပြည်ထောင်စု၏ ဦးစီးခေါင်းဆောင်အဖြစ် အမျိုးသားနိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုသည်ဟု

ဖော်ပြထားပါသည်။ သူ(သို့)သူမသည် နိုင်ငံတော်ကို စီမံအုပ်ချုပ်မှုဦးစီးခေါင်းဆောင် ဖြစ်သည်။ (နိုင်ငံတော် ဆိုသော ဝေါဟာရသည် ပြည်ထောင်စုတစ်ခုတည်းသာမဟုတ်ပဲ တိုင်းပြည်တစ်ခုလုံးကို ဆိုလိုသည်။) ပြည်နယ်များ၊ ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွက် သီခြားစီမံအုပ်ချုပ်သူများ ရှိကြသည်။ သို့ရာတွင် ၎င်းတို့အားလုံးသည် သမတ၏ တစ်ခုလုံးဆိုင်ရာ အခွင့်အာဏာအောက်တွင် တည်ရှိသည်။

ပြည်ထောင်စုအစိုးရတွင် သမတ၊ ဒုတိယသမတနှစ်ဦးနှင့် သမတက ခန့်အပ်ထားပြီး သမတက ထုတ်ပယ်ဖယ်ရှားနိုင်သော ဝန်ကြီးများရှိသည်။ သို့ရာတွင် ၎င်း၏သဘောဆန္ဒသည်ကာကွယ်ရေး၊ လုံခြုံရေး နှင့် ပြည်ထဲရေးနှင့် နယ်စပ်ဒေသရေးရာကိစ္စများနှင့်ပတ်သက်၍ တာဝန်ရှိသော ဝန်ကြီးများနှင့် ပတ်သက်ပါက အကန့်အသတ်ရှိပါသည်။ ၎င်းတို့ကို ခန့်ထားမှုမှာ တပ်မတော်စစ်ဦးစီးချုပ်၏ အမည်စာရင်း တင်သွင်းပေးမှုအရ ဆောင်ရွက်ရပါသည်။ (ဤသည်မှာ အင်္ဂလိပ်ဘာသာပြန်ဆိုမှုအရ ပြီးပြည့်စုံစွာ မရှင်းလင်းပါ။ စစ်ဦးစီးချုပ်က ခန့်အပ်ထားသူများထက်ပို၍ အမည်စာရင်းတင်သွင်းရမည် (သို့) မတင်သွင်းရ။) သို့သော်ပိုမို ကောင်းမွန်သည့်ဖတ်ရှုနားလည်မှုမှာ သမတသည် တင်သွင်းလာသောအမည်စာရင်းမှ ရွေးချယ်ရမည်။ (စစ်ဦးစီးချုပ်က ရာထူးနေရာတစ်ခုအတွက် အမည်တစ်ခုထက်ပို၍ တင်သွင်းပေးရမည်ဟု မြန်မာလို ဆိုလိုပါသည်။(c.53.232 (b)(2)) ထိုတပ်မတော်ဝန်ကြီးများထဲမှ တစ်ဦးဦးအား ထုတ်ပယ်ဖယ်ရှားရန် အတွက် သမတက စစ်ဦးစီးချုပ်နှင့် ညှိနှိုင်းဆွေးနွေးရမည်။ သို့သော်ထိုသို့ ထုတ်ပယ်ဖယ်ရှားရန် စတင် ဆောင်ရွက်မှုမှာ သမတ၏တာဝန်ရှိမှု (သို့) စစ်ဦးစီးချုပ်၏ တာဝန်ရှိမှုဆိုသည်မှာ ရှင်းလင်းမှု မရှိပါ။ (v/5(h))

ဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများအား ပြည်ထောင်စုလွှတ်တော်မှ ထောက်ခံအတည်ပြုပေးရမည်။ သို့သော် သမတတင်သွင်းလိုက်သော အမည်စာရင်းမှာ ရာထူးနေရာအတွက် ရှိရမည့်အရည်အချင်း မပြည့် မှီပါက ထောက်ခံမှုကို ငြင်းပယ်နိုင်သည်။(ပြည်ထောင်စုလွှတ်တော်အဖွဲ့ဝင် ရွေးချယ်မှုကဲ့သို့ (v/2(c)) ချွင်းချက်အားဖြင့် ဝန်ကြီးများသည် အနည်းဆုံးအသက် ၄၀ နှစ်၊ ဒုတိယဝန်ကြီးမျးသည် အသက် ၃၅ နှစ်ဆိုသည့် အသက်ကန့်သတ်ချက်) အမှန်အားဖြင့် အခြားသောရာထူးနေရာများအတွက် ထောက်ခံမှုနှင့် ပတ်သက်သော စည်းမျဉ်းဥပဒေသများမှာ ပြည်ထောင်စုနှင့် ပြည်နယ်ဒေသကြီးအဆင့် နှစ်ခုစလုံးအတွက် တူညီသောကန့်သတ်မှုပုံသဏ္ဍာန်အတိုင်းပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဥပဒေပြုမှုအတွက် စိစစ်မှုသည် သမတအတွက် သီးခြားအရေးမပါ (သို့) အဟန့်အတားတစ်ခု မဟုတ်ပါ။

သမတအနေဖြင့် ဘဏ္ဍာရေးနှင့် ရသုံးငွေစာရင်းလုပ်ငန်းစဉ်များအတွက် ဒုတိယသမတနှစ်ဦးအား တစ်ဦးမှာ ပြည်ထောင်စုနှင့် အခြားတစ်ဦးမှာ အခြားပြည်နယ်နှင့် ဒေသများအတွက် တာဝန်ချထားပေးရန်မှ လွဲ၍ ဝန်ကြီးဌာနဆိုင်ရာတာဝန်ချထားမှုများ ပြုလုပ်ရမည်။

## သမတ၏အာဏာများနှင့်တာဝန်ရှိမှုများ

နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုအာဏာအားလုံးမှာ သမတတွင် တည်ရှိသည်။ ဒုတိယသမတများနှင့် ဝန်ကြီးများသည် သမတက ပေးအပ်ထားသော လုပ်ငန်းဆောင်တာများကို ထမ်းဆောင်နေကြသော်လည်း ၎င်းမှာ သူတို့၏ အကြံဉာဏ်ပေးမှုများ၏ ကန့်သတ်မှုမရှိပဲ ထိုသူတို့၏တာဝန်ထမ်းဆောင်မှုအတွက် ညွှန်ကြားမှုများ ပေးအပ်နိုင်ပါသည်။ တစ်နည်းအားဖြင့် ဝန်ကြီးအဖွဲ့တွင် စုပေါင်းတာဝန်ရှိမှု မရှိပါ။ (ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသုံးပြုမထားသည့် အသုံးအနှုန်း)။ စီမံအုပ်ချုပ်သူ(ဝန်ကြီး)သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သမတ၏ပင်မတာဝန်ရှိမှု ဖြစ်ပါသည်။ ဤအကျုံးဝင်သော အာဏာအားလုံး၏ နယ်ပယ်အတွင်း သမတအား အောက်ဖော်ပြပါ အချို့သော အထူးအာဏာများ ပေးအပ်ထားပါသည်။ သို့ရာတွင် အရေးအကြီး ဆုံး ဝန်ကြီးဌာနများထဲမှ ဝန်ကြီးဌာနသုံးခု (ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်ထဲရေးနှင့် နယ်စပ်ဒေသ ရေးရာ)တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမတ၏ ထိန်းချုပ်မှုအား ကန့်သတ်မှုအချို့ ရှိပါသည်။ လက်တွေ့ ဆောင်ရွက်မှုတွင် ပို၍ပင် အကန့်အသတ် ရှိနိုင်ပါသည်။ (နောက်ပိုင်းတွင် ဆွေးနွေးရန်)

သမတက အတော်များများသော အရေးပါသည့်အဖွဲ့များတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ အထူးအရေးကြီးသော အဖွဲ့နှစ်ခုမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပြည်ထောင်စုနှင့် ပြည် နယ်များ/ဒေသကြီးများ (၎င်းတို့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်တာများအား နောက်ပိုင်းတွင် ဆွေးနွေးမည်)၏ ရသုံးငွေ စာရင်းများအပေါ် အကြံဉာဏ်ပေးရန်အတွက် ဘဏ္ဍာရေးကော်မရှင်တို့ ဖြစ်သည်။ သမတက

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို ခန့်ထားပြီး ပြည်ထောင်စုနှင့် အခြားအဆင့်များအတွက် အဓိကအရာရှိများ(သံတမန်များ၊ တရားသူကြီးများ၊ ပြည်သူ့ဝန်ထမ်းဌာနများ၏ အကြီးအကဲများ၊ ရှေ့နေချုပ် နှင့် ပြည်ထောင်စုနှင့် ပြည်နယ်/ဒေသကြီးများဆိုင်ရာ စာရင်းစစ်ချုပ်များအား သက်ဆိုင်ရာလွှတ်တော်များ၏ ထောက်ခံမှုဖြင့်)အား ခန့်ထားသည်။ ၎င်းသည် စစ်ဦးစီးချုပ်ခန့်ထားမှုတွင်လည်း ပါဝင်ဆောင်ရွက်သည်။ ၎င်းခန့်ထားသူ အများစုအားလည်း တရားစွဲဆိုတင်သွင်းခြင်းနှင့် နှုတ်ထွက်ရန်တောင်းဆိုခြင်းများဖြင့် ထုတ်ပယ်ဖယ်ရှားနိုင်သည်။ ဆိုလိုသည်မှာ အဆိုပါရာထူး ရယူထားသူများမှာ ရာထူးသက်တမ်းကာလအတွက် တကယ်တန်းလုံခြုံစိတ်ချရမှု မရှိပါ။ သမတအဆင့် နေရာပေးအပ်ခြင်းခံရပြီး ၎င်းက စိတ်လိုလက်ရတင်သွင်းလိုက်သော တရားစွဲဆိုတင်သွင်းမှုတစ်ခုကို ပြည်ထောင်စုလွှတ်တော်က ပယ်ချမည်ကို စိတ်ကူးပုံဖော်ကြည့်ရန် ခက်ခဲလှပါသည်။

သမတတွင် ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်များစေလွှတ်ခြင်း၊ နိုင်ငံများအကြား သဘောတူစာချုပ်များ ဖန်တီးခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်းအပါအဝင် နိုင်ငံခြားရေးရာကိစ္စများအတွက် အခွင့်အာဏာများစွာရှိပါသည်။ စစ်ရေးဆိုင်ရာအာဏာများ ကိုင်စွဲအသုံးပြုရပါသည်။ သမတသည် အရေးပေါ်အခြေအနေကြေငြာခြင်းနှင့် ၎င်းကာလအတွင်း စီမံအုပ်ချုပ်ခြင်းများတွင် အဓိကအခန်းကဏ္ဍမှ လှုပ်ရှားဆောင်ရွက်ရပါသည်။ (အရေးပေါ်ပြဋ္ဌာန်းသတ်မှတ်ချက်များကို နောက်အပိုင်းတွင် ဆွေးနွေးထားပါသည်။) သမတက ၎င်းကြိုက်နှစ်သက်သောအချိန်တွင် ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောနိုင်ပြီး လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူရန် တောင်းဆိုနိုင်သည်။ ၎င်းအနေဖြင့် ဗီတိုမသုံးပဲ ဆိုင်ငံ့ထားခွင့် အာဏာရှိသော အချို့သောအကြောင်းအရာများအတွက် ပြည်သူ့ လွှတ်တော်က ပြဋ္ဌာန်းလိုက်သော ဥပဒေများကို လက်မှတ်ရေးထိုးနိုင်သည်။ ဘဏ္ဍာရေးကော်မရှင်နှင့်တွဲ၍ ၎င်းက ရသုံးငွေစာရင်းလုပ်ငန်းစဉ်များတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည်။ (ပြည်ထောင်စုနှင့် လက်အောက်ခံအမျိုးသား တည်ရှိမှုများအကြား ဆက်ဆံရေးအပိုင်းတွင် ဆွေးနွေးထားသည်။)

သမတက ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်း၊ ပြေအေးခွင့်လွှတ်မှု၊ ပေးအပ်မှုများအပြင် လွတ်ငြိမ်းချမ်းသာပေးရပါသည်။ လွတ်ငြိမ်းချမ်းသာမှုမှာ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီရဲ့ ညွှန်ကြားမှုအရ ဆောင်ရွက်ရပါသည်။

<u>ပြည်နယ်များ၊ ဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပတ်သက်သည့် သမတ၏ အာဏာများ</u>

စီမံအုပ်ချုပ်ခွင့်အာဏာများအား ပြည်ထောင်စု၊ ပြည်နယ်များ၊ ဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအကြား ခွဲဝေထားရှိပါသည်။ (၅/၁(ခ))။ အခြေခံစည်းမျဉ်းဥပဒေသများတွင် အဆင့်တစ်ခုစီက ဥပဒေ (သို့) စီမံအုပ်ချုပ်မှုအရ ကိုယ်စားပြုထားသော ကိစ္စရပ်များအတွက် (သို့) ဥပဒေပြုရန် အခွင့်အာဏာနှင့်ပတ်သက်သောကိစ္စရပ်များပေါ်တွင် စီမံအုပ်ချုပ်မှုအခွင့်အာဏာအား အသုံးပြုသည်။ သို့သော်ပြည်နယ်များ၊ ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် "စီမံအုပ်ချုပ်မှု အခွင့်အာဏာ"ဆိုသည်မှာ ဘာပါလဲ။

ပြည်နယ်များနှင့် ဒေသကြီးများ၏အစိုးရတွင် အခြေခံအားဖြင့် ဝန်ကြီးချုပ်နှင့် အခြားဝန်ကြီးများ ပါဝင်ပါသည်။ ဝန်ကြီးအဖွဲ့၏ပမာဏမှာ ပြည်နယ်/ဒေသကြီးလွှတ်တော်၏ ထောက်ခံမှုဖြင့် ပြည်နယ်ဒေသကြီးများ၏ အဖွဲ့ဝင်များထဲမှ သမတက အမည်စာရင်းတင်သွင်းသည်။ အခြားဝန်ကြီးများမှာ အမျိုးမျိုးသောနေရာများမှ ခေါ်ယူခန့်ထားပါသည်။ ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းမှုများ (တိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသော လွှတ်တော်အဖွဲ့ဝင်များအပါအဝင်)၊ တပ်မတော်မှ စစ်ဦးစီးချုပ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဦးဆောင်အာဏာပိုင်များ၊ ပြည်ထောင်စုသမတက ပုံမှန်ခန့်အပ်မှုများနှင့် ဝန်ကြီးချုပ်အား အကြံဉာဏ်ရယူ၍ ဝန်ကြီးဌာနများ ခွဲဝေခန့်ထားခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များအတွက် မည်သူ့အား တာဝန်ခံအဖြစ်ထားရှိမည် (အသက်အရ လိုအပ်ချက်များကို ၎င်းအနေဖြင့် လျှော့ချနိုင်သောသူမျိုး)။ လုံခြုံရေးနှင့် နယ်စပ်ဒေသများဆိုင်ရာအတွက် ဝန်ကြီးများအား စစ်ဦးစီးချုပ်အမည်စာရင်းတင်သွင်းမှုဖြင့် ခန့်အပ်သော တပ်မတော်သားများ ဖြစ်ရမည်။ အကယ်၍ အခြားဝန်ကြီး

ဌာနများအတွက် တပ်မတော်သားအဖွဲ့ဝင်များ တိုး၍ ခန့်အပ်ရန်လိုအပ်လျှင် စစ်ဦးစီးချုပ်၏ခွင့်ပြုမှု လိုအပ်ပါသည်။

ပုံမှန်တရားစွဲဆိုတင်သွင်းမှု လုပ်ထုံးလုပ်နည်းအပြင် ဝန်ကြီးချုပ် (သို့) ဝန်ကြီးတစ်ဦးအား တာဝန်ကျေပွန်အောင် မထမ်းဆောင်နိုင်မှုအတွက် သမတက ထုတ်ပယ်၊ ဖယ်ရှားပစ်နိုင်သည်။ (အကယ်၍ ဝန်ကြီးမှာ စစ်ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်အဖွဲ့ဝင်ဖြစ်ပါက၊ စစ်ဦးစီးချုပ်နှင့် ညှိနှိုင်းပြီး) ဤသို့သောနည်းများဖြင့် သမတသည် ပြည်နယ်(သို့)ဒေသ စီမံအုပ်ချုပ်ရေးကို ထိန်းချုပ်နိုင်ပါသည်။

## သမတ၏တာဝန်ရှိမှု

သမတသည် လွှတ်တော်အဖွဲ့ဝင်တစ်ဦးမဟုတ်ပဲ လွှတ်တော်အတွက် တိုက်ရိုက်တာဝန်မရှိပါ။ သို့ရာတွင် ပြည်ထောင်စုအစိုးရအနေဖြင့် ပြည်ထောင်စုလွှတ်တော်မှ ပြဌာန်းလိုက်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပေးရမည်ဖြစ်ပြီး ပြည်ထောင်စု၏ရေးရာကိစ္စ တစ်ခုလုံးအား ထိုလွှတ်တော်သို့ အစီရင်ခံတင်ပြရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအတွက် ဘဏ္ဍာငွေကြေးချပေးရန် လွှတ်တော်၏ထိန်းချုပ်မှုမှာ အလွန်အားနည်းပါသည်။ အကြောင်းမှာ အကယ်၍ တောင်းခံထားသော ငွေကြေးအား ခွင့်မပြုပါက အစိုးရအနေဖြင့် လွန်ခဲ့သည့်နှစ်က ချပေးခဲ့သည့် သုံးငွေပမာဏနှင့်ညီမျှသော ငွေကြေးအား ရရှိထိုက်သည်ဟူသော အထူးခြားဆုံးစည်းမျဉ်းဥပဒေသတစ်ခု (ဖွဲ့စည်းပုံအခြေခံဥပဒေများစုမှာ အစိုးရအား ရသုံးငွေကြေး၏ခွင့်ပြုချက်ပေါ် မူတည်၍ လွန်ခဲ့သောနှစ်ကခွင့်ပြုငွေ၏ တစိတ်တပိုင်းနှင့် ညီမျှသောငွေကိုသာ ခွင့်ပြုပါသည်။) (ရသုံးငွေကြေးပြင်ဆင်မှုနှင့် ထောက်ခံခွင့်ပြုမှုနှင့် ပတ်သက်သော ဆွေးနွေးချက်အား ကြည့်ပါ)။ လက်တွေ့အားဖြင့် သမတသည် တပ်မတော်၏များပြားသော သြဇာသက်ရောက်မှုအောက်တွင် ရှိနေပါသည်။ (အောက်ရှိတပ်မတော်အခန်းကဏ္ဍတွင် ကြည့်ပါ)

တရားရုံးများသည် သမတ၏ ပြုမူဆောင်ရွက်ပုံနှင့် ပတ်သက်၍ မေးခွန်းထုတ်(သို့)စိစစ်၊ စစ်ဆေး၍ မရပါ။ စီမံအုပ်ချုပ်ပြုအာဏာခွဲဝေခြင်း(၅)အတွက် အခန်းအခြေခံစည်းမျဉ်း ၁၄ က သမတအား အလွန်ကျယ်ပြန့်သော အကာအကွယ်ပေးမှုများ ပေးအပ်ထားပါသည်။ " သမတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ (သို့) တည်ဆဲဥပဒေတစ်ခုခုအရ ၎င်း၏အာဏာများနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်သုံးစွဲရာတွင်၎င်း၊ ၎င်းဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများနှင့် တာဝန်များ လုပ်ကိုင်ဆောင်ရွက်ရာတွင်၎င်း၊ လွှတ်တော်တစ်ရပ်ရပ်အတွက် တာဝန်မရှိစေရ။"

သမတ၏တာဝန်ရှိမှုအား ချုပ်ကိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ တရားစွဲဆိုတင်သွင်းခြင်းအားဖြင့်သာ ဖြစ်ပါသည်။ (၎င်းအတွက် စည်းမျဉ်းဥပဒေသများအား အထက်တွင် ဆွေးနွေးထားသည်)။ ၎င်းသည် ဥပဒေနှင့်ညီညွှတ်သော တရားဝင်ရာထူးနေရာ ဖြစ်သည်။ လက်တွေ့တွင် ပြည်ထောင်စုလွှတ်တော်အဖွဲ့ဝင်များက စွဲချက်တင်သွင်းခြင်း (သို့) သမတအား ကန့်ကွက်ဆန့်ကျင်မဲပေးခြင်းမှာ အလွန့်အလွန်ဖြစ်နိုင်စရာ မရှိနိုင်ပါ။ (လက်နက်ကိုင်တပ်များက ၎င်းအား ထုတ်ပယ်ပစ်လိုခြင်းမရှိပါက)

## တပ်မတော်နှင့် စစ်ဦးစီးချုပ်

လက်နက်ကိုင်တပ်များမှာ တိုင်းပြည်အား အုပ်ချုပ်နေသည့်ယန္တရား၏ ပြီးပြည့်စုံမှုအတွက် လိုအပ်သော အမြဲတမ်းအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ အခြေခံမှုများက တပ်မတော်၏ အရေးကြီးသောအခန်းကဏ္ဍအား အောက်ပါအတိုင်း ပြဆိုပါသည်။

(က) ၎င်းသည် ခိုင်မာအားကောင်းခေတ်မှီပြီး လက်နက်ကိုင်တပ်အသုံးပြုခွင့်၏ မူလပိုင်ရှင်ဖြစ်သည်။

(ခ) လက်နက်ကိုင်တပ်များနှင့် ပတ်သက်သည့်ရေးရာကိစ္စအားလုံးအတွက် လွတ်လပ်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး၏ ပါဝင်ဆောင်ရွက်မှုကို ကိုင်တွယ်ထိန်းချုပ်ခွင့် ရှိသည်။

(ဃ) ၎င်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ အမျိုးသားသွေးစည်းညီညွတ်မှု မပြိုကွဲရေးနှင့် နိုင်ငံတော် အချုပ်အခြာအာဏာ အခွန့်ရှည်ရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိပြီး၊

( င ) ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်။

တပ်မတော်နှင့်သက်ဆိုင်သည့် အာဏာအများစုသည် စစ်ဦးစီးချုပ်တွင် ရှိသည်။ (၎င်းအား လက်နက်ကိုင်တပ်များ၏ စစ်သေနာပတိချုပ်အဖြစ် အဓိပ္ပါယ်သတ်မှတ်သည်) (၁/၉) စစ်ဦးစီးချုပ် သို့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသောအာဏာများကို စစ်ဆေးခြင်းသည် မြန်မာနိုင်ငံ၏နိုင်ငံရေး နှင့်လုံခြုံရေးစနစ်ရှိ တပ်မတော်၏ အခန်းကဏ္ဍအား ရှင်းလင်းပီသစွာ တွေ့မြင်စေသည်။

သူ့ (ကျွန်ုပ်တို့အနေဖြင့် ဤရာထူးနေရာအား ကြိုတင်သိမြင်နိုင်စွမ်းရှိသည့် အနာဂတ်ကာလ အတွက် မည်သည့်အမျိုးသမီးမှ ရရှိနိုင်စရာမရှိဟု စိတ်ချစွာ ယူဆသည်)အား အထက်တွင်ဖော်ပြထားသည့် အနည်းဆုံးအဖွဲ့ဝင် ၁၁ ဦးအနက် ၆ ဦးမှာ စစ်ဦးစီးချုပ်အမည်စာရင်း တင်သွင်းသူများရှိသည့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက တလေးတစားခန့်အပ်သည်။ (သမတသည် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံတင်ပြမှုအရ လုပ်ဆောင်ရပါသည်) ၎င်းရာထူးနေရာတစ်ခုတည်းသာ နိုင်ငံတော်အစိုးရအတွင်းလွှတ်တော်၏သဘောတူထောက်ခံမှု မလိုအပ်သော ရာထူးနေရာဖြစ်ပါသည်။ ၎င်းရာထူးသည်သာ အရည်အချင်းသတ်မှတ်ဖော်ပြမထားသော တစ်ခုတည်းသောရာထူး ဖြစ်ပါသည်။ ၎င်းရာ ထူးသည်သာ ရာထူးသက်တမ်းကာလကန့်သတ်မထားသလို ရာထူးရယူထားသော ပုဂ္ဂိုလ်အား ထုတ်ပယ် ဖယ်ရှားပစ်ရန် လုပ်ထုံးလုပ်နည်း တစ်စုံတစ်ရာမရှိသော ရာထူးနေရာဖြစ်ပါသည်။

စာတမ်းက လွှတ်တော်အမျိုးမျိုးမှ အဖွဲ့ဝင်အနည်းဆုံး လေးပုံတစ်ပုံရှိကြသော တပ်မတော်မှ ခန့်အပ်ထားသော စစ်ဦးစီးချုပ်၏ အခန်းကဏ္ဍကို ရှင်းလင်းဖော်ပြပြီး ဖြစ်ပါသည်။ ၎င်းအဖွဲ့ဝင်များသည် နိုင်ငံ တော်သမတ ရွေးချယ်တင်မြှောက်မှုအခန်းကဏ္ဍတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြပြီး အနည်းဆုံး ဒုတိယသမတတစ်ဦးအား အာမခံပါသည်။ တပ်မတော်ကိုယ်နှိုက်က လွှတ်တော်၏ စိစစ်၊ စစ်ဆေးမှုမှ အကာအကွယ်ရယူထားသည့်အချိန်တွင် အဆိုပါအဖွဲ့ဝင်များမှာ ထိုအဖွဲ့အစည်းများ၏ လုပ်ကိုင် ဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ချက်များအတွက်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ စစ်ဦးစီး ချုပ်၏ အမည်စာရင်းတင်သွင်းမှုအားဖြင့် တပ်မတော်က အဆင့်အားလုံး၏ အဓိကဝန်ကြီးဌာနရာထူးများ အများစုအား ကိုင်စွဲထားပါသည်။ (မြို့တော်နယ်မြေပိုင်နက်နှင့် အခြားသော အင်အားကောင်းသော ပြည် ထောင်စုနယ်မြေပိုင်နက်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အပါအဝင်)။ ၎င်းဝန်ကြီးများအား စစ်ဦးစီး ချုပ်၏ ခွင့်ပြုချက်မပါပဲ ထုတ်ပယ်၊ ဖယ်ရှား၍ မရပါ။ အကြောင်းမှာ ဝန်ကြီးဌာနများထဲမှ နယ်စပ်ဒေသရေးရာ (အဆင့်များအားလုံး၌)များနှင့် ပတ်သက်သော ဝန်ကြီးဌာနတစ်ခုမှာ တပ်မတော်၏ပါဝင်မှု ရှိနေပြီး တိုင်းပြည်၏နယ်စပ်ဒေသမှ တိုင်းရင်းသားလူမျိုးများအတွင်း နက်ရှိုင်းစွာ ထိုးဖောက်ဩဇာလွှမ်းမိုးမှု ရှိပါလိမ့် မည်။

ပြည်ပနှင့်ပြည်တွင်းလုံခြုံရေးအတွက် အထွေထွေတာဝန်ရှိမှုအရ တပ်မတော်က အခြားအဖွဲ့ အစည်းများ၏ ကျယ်ပြန့်သော လုပ်ရှားမှုနယ်ပယ်များအား တာဝန်ယူနိုင်စွမ်းရှိပြီး လုပ်ငန်းများကိုလည်း ညွှန်ကြားမှု လုပ်နိုင်ပါသည်။ (အခြေခံစည်းမျဉ်းဥပဒေသက လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စများတွင် လူထု၏ ပါဝင်ဆောင်ရွက်မှုအား ကိုင်တွယ်ဆောင်ရွက်မှုဟု ဆိုပါသည်) ကြီးမားသော ရင်းမြစ်အခွင့်အလမ်းများ ရှိမည်မှာ သေချာပါသည်။ လုံခြုံရေးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်စောင့်ရှောက်ရန်ဟူသော ဟန်ဆောင်ဖုံးကွယ်မှုဖြင့် တပ်မတော်သည် ပြည်သူလူထု၏ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကန့်သတ်ပိတ်ပင်နိုင်ခဲ့ပါသည်။

## <u>တပ်မတော်၏ကိုယ်ပိုင်အုပ်ချုပ်မှု</u>

ပုံမှန်အခြေအနေအတွင်း၌ပင်လျှင် တပ်မတော်မှာ ကြီးမားသောအာဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် များ ရရှိထားခဲ့ပါသည်။ ၎င်းအပြင် များစွာသောအခြေခံဖွဲ့စည်းပုံ၊ အခြေခံဥပဒေဆိုင်ရာ အခြေခံစည်းမျဉ်း ဥပဒေသများမှ ကင်းလွတ်ခွင့် ရခဲ့ပါသည်။ ၎င်းတွင် လက်နက်ကိုင်တပ်များနှင့် ပတ်သက်သည့်ရေးရာ

ကိစ္စများအားလုံးအတွက် လွတ်လပ်စွာ ကိုင်တွယ်ထိန်းချုပ်ခွင့် ရရှိခဲ့ပါသည်။ ၎င်းတို့အတွက် အထူးသီးခြား တရားရေးရာ စီမံအုပ်ချုပ်မှုစံနစ်တစ်ခု ရှိပါသည်။ သို့သော် စစ်ဖက်ဆိုင်ရာတရားရေးနှင့် ပတ်သက်သည့် ကိစ္စရပ်အားလုံးအတွက် နောက်ဆုံးဆုံးဖြတ်ချက်များမှာ စစ်ဦးစီးချုပ်နှင့် သက်ဆိုင်ပါသည်။ တရားရုံးချုပ်မှာ တပ်မတော်အတွက် တရားစီရင်ပိုင်ခွင့် မရှိပါ။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအားဖြင့် တပ်မတော်က လွတ်ငြိမ်းချမ်းသာခွင့်များပေးအပ်မှုကို ဆုံးဖြတ်ပါသည်။

တပ်မတော်သားအဖွဲ့ဝင်များသည် ဥပဒေပြုအဖွဲ့ (သို့) စီမံအုပ်ချုပ်မှုနေရာများတွင် ခန့်အပ်ခံရသော အခါတွင်လည်း အခြားလူထုရေးရာဝန်ထမ်းများ လုပ်ဆောင်ရသည့်အတိုင်း နှုတ်ထွက်မှု မပြုကြပါ။ ၎င်းတို့က စစ်စည်းမျဉ်းစည်းကမ်းများကို ဆက်လက်လိုက်နာကြသည့်အတွက် ၎င်းတို့၏ စစ်တပ်အထက်အရာရှိများ ထံမှ အမိန့်ကိုသာ နာခံကြပါသည်။ ၎င်းတို့အား လက်နက်ကိုင်တပ်ဖွဲ့များကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ ဩဇာအာဏာသက်ရောက်စေရန် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် စီမံအုပ်ချုပ်မှု ဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုထဲသို့ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ ၎င်းတို့၏ တာဝန်ရှိမှုမှာ လက်နက် ကိုင်တပ်များအတွက်သာဖြစ်ပြီး လူထုအတွက်မဟုတ်ပါ။

## စစ်ဦးစီးချုပ်က သမတထက်ပို၍ အာဏာရှိနိုင်သည့်လမ်းကြောင်းများ

စစ်ဦးစီးချုပ်က လက်နက်ကိုင်တပ်များအပေါ် လုံးဝထိန်းချုပ်ထားပြီး သမတထက်ပို၍ လွှတ်တော် များအပေါ် ထိန်းချုပ်မှု ပြုလုပ်နိုင်သော်လည်း သမတမှာ သူလုံးဝထိန်းချုပ်၍ မရသော နိုင်ငံတော်ယန္တရားကို တာဝန်ယူဆောင်ရွက်ရပါသည်။ စစ်ဦးစီးချုပ်တွင် သမတရွေးချယ်တင်မြှောက်မှုအပေါ် အရေးပါသည့်ဩဇာ လွှမ်းမိုးမှု ရှိနေသည့်အချိန်တွင် သမတမှာ နှိုင်းယှဉ်မှုအရ စစ်ဦးစီးချုပ်အား ခန့်အပ်မှုတွင် အရေးမပါလှသည့် အခန်းကဏ္ဍတွင်သာ ရှိနေပါသည်။ စစ်ဦးစီးချုပ်က သမတနှင့် ဆန့်ကျင်၍ တရားစွဲဆိုတင်ပို့မှု လုပ်ငန်းစဉ် များကို အလျင်အမြန်လုပ်ဆောင်နိုင်သော်လည်း သမတမှာ စစ်ဦးစီးချုပ်အား ထုတ်ပယ်၍ မရနိုင်ပါ။ (စစ်ဦးစီး ချုပ်က လွှတ်တော်တစ်ခုစီ၏ အနည်းဆုံးအဖွဲ့ဝင်၏လေးပုံတစ်ပုံကို ထိန်းချုပ်ထားနိုင်သဖြင့်)။ သမတအနေ ဖြင့် ၎င်း၏ အချို့သောလုပ်ကိုင်ဆောင်ရွက်မှုများအတွက် စစ်ဦးစီးချုပ်၏ ထောက်ခံမှုလိုသော်လည်း စစ်ဦးစီး ချုပ်အတွက်မူ သမတ၏ထောက်ခံမှု မလိုပါ။ စစ်ဦးစီးချုပ်သည် ဝန်ကြီးအဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက် မှုများတွင် အဓိကအခန်းကဏ္ဍတစ်ခု ရရှိထားပါသည်။ အရေးပေါ်အခြေအနေ၏ တတိယအမျိုးအစား (အောက်တွင် အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်)တွင် စစ်ဦးစီးချုပ်က အာဏာအားလုံးအား ရယူထား ပါသည်။ (သမတ၏အာဏာများပင် အပါအဝင်)

## တရားစီရင်ရေး

တရားစီရင်ရေးတွင် သာမန်တရားရုံးများဟု ခေါ်နိုင်သော တရားရုံးများ၊ စစ်ခုံရုံးများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးများ ပါဝင်ပါသည်။ သာမန်တရားရုံးများ၏အမြင့်ဆုံးမှာ နိုင်ငံတော် တရာရုံးချုပ် (၎င်းသည် ပြည်ထောင်စုအဆင့်တွင် တစ်ခုတည်းသော သာမန်တရားရုံး) ဖြစ်ပါသည်။ ပြည်နယ်နှင့်ဒေသ တစ်ခုစီတွင် ဗဟိုတရားရုံးတစ်ခုစီရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ မြို့နယ်များနှင့် ခရိုင်များတွင် ဆိုင်ရာ တရားရုံးများ ရှိကြပါသည်။

နိုင်ငံတော်တရားရုံးချုပ်တွင် တရားသူကြီးချုပ်နှင့် ခုနစ်ဦးမှဆယ့်တစ်ဦးအထိ ရှိသော တရားသူကြီး များ ပါဝင်ပါသည်။ သမတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီမှုဖြင့် တရားသူကြီးချုပ်အား ခန့်အပ် ပြီး အခြားတရားသူကြီးများအား တရားသူကြီးချုပ်ထံမှ အကြံဉာဏ်ရယူပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီမှုဖြင့် ခန့်အပ်ပါသည်။(၆/၂(၈)) အမည်စာရင်းတင်သွင်းခံရသူတွင် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ အရည်အသွေးများ(သမတ၏ ဆန္ဒသဘောထားအရ အမည် စာရင်းတင်သွင်းခံရသူတွင် တရားဥပဒေဆိုင်ရာ ကျွမ်းကျင်မှု၌ သိက္ခာထင်ရှားရှိသည်ဟု အကဲဖြတ်ချက် အပါအဝင်)မရှိမှသာ ပြည်ထောင်စုလွှတ်တော်မှ ငြင်းပယ်နိုင်ပါသည်။(၆/၃(၄)) ၎င်းတရားသူကြီးများ၏ ပုံမှန်သက်တမ်းမှာ ၎င်းတို့ အသက် ၇၀ နှစ်အထိ ဖြစ်ပါသည်။ သို့သော် အကယ်၍သမတက စွဲဆိုစွဲချက် တင်သွင်းမှု ရှိလာပါက ပို၍ စောစီးစွာ ထုတ်ပယ်ခံရနိုင်ပါသည်။ (ဤကိစ္စမျိုးတွင် ပြည်ထောင်စုလွှတ်တော်

သက်သက်ကသာ စွဲချက်များကို ကြားနာပါသည်) (သို့) ပြည်ထောင်စု လွှတ်တော်တစ်ရပ်ရပ်က တင်သွင်းလာပါက (ဤကိစ္စမျိုးတွင် အခြားလွှတ်တော်တစ်ရပ်က စွဲချက်များကို ကြားနာပါသည်)။ စွဲဆိုတင်သွင်းမှုအတွက် အကြောင်းရင်းများတွင် "အကျင့်ပျက်ယွင်းမှု" နှင့် "တာဝန်ကျေပွန်အောင်မထမ်းဆောင်နိုင်မှု" အပါအဝင် ဖြစ်ပါသည်။ အပုဒ် ၆/၆ က သမတအနေဖြင့် တရားသူကြီးတစ်ဦးအား နုတ်ထွက်ရန်ပြောဆိုနိုင်သည်ဟု ဖော်ပြသော်လည်း နုတ်ထွက်ရန် စေခိုင်းသော အမိန့်အား စွဲဆိုတင်သွင်းသော သမတ၏ စွဲချက်များကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှသာ ထုတ်ပေးနိုင်ပါသည်။ သို့မဟုတ်ပါက ၎င်းမှာ တရားရေးဆိုင်ရာ အခြေခံစည်းမျဉ်းဥပဒေသ ချိုးဖောက်မှုတစ်ခုသာ ဖြစ်ပါလိမ့်မည်။

ဗဟိုတရားရုံးများတွင် တရားသူကြီးချုပ်တစ်ဦးနှင့် သုံးဦးနှင့် ခုနစ်ဦးကြားရှိသော တရားသူကြီးများ ရှိပါသည်။ (၆/၁၀)။ ၎င်းတို့အား ခန့်အပ်မှုများကို ပြည်နယ်/ဒေသလွှတ်တော်များက ထောက်ခံရပါမည်။ တရားသူကြီးချုပ်ခန့်အပ်မှုတွင် သမတက ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်နယ်(သို့)ဒေသ ဝန်ကြီးချုပ်၏ အကြံဉာဏ်ကို ရယူပြီး ဝန်ကြီးချုပ်က အမည်စာရင်း တင်သွင်းရပါမည်။ ၎င်းတို့၏ သက်တမ်းမှာ ၎င်းတို့အသက် ၆၅ နှစ်ပြည့်သည်အထိ ဖြစ်ပါသည်။ နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးများကဲ့သို့ပင် တရားစွဲဆို တင်သွင်းမှုအရ အချိန်မတိုင်မီ ထုတ်ပယ်ခံရနိုင်ပါသည်။ ဗဟိုတရားရုံးတရားသူကြီးချုပ်မှာ စွဲဆိုမှုစွဲချက်များကို သမတက တင်သွင်းရမည်ဖြစ်ပြီး အခြားသော တရားသူကြီးများအတွက် ဝန်ကြီးချုပ်က တင်သွင်းရပါမည်။ စွဲချက်များကို ပြည်နယ်/ဒေသဆိုင်ရာ လွှတ်တော်က ကြားနာရပါမည်။

နိုင်ငံတော်တရားရုံးချုပ်တွင် နိုင်ငံအချင်းချင်းကြား သဘောတူစာချုပ်များ၊ အဆင့်အမျိုးမျိုးရှိ အစိုးရချင်း အငြင်းပွားမှုများ (အကယ်၍ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စတစ်ရပ်နှင့် မပတ်သက်လျှင်)နှင့် အခြားဥပဒေအရ ပြဋ္ဌာန်းဖော်ပြထားသော ကိစ္စများနှင့်ပတ်သက်၍ သီးသန့် မူလတရားစီရင်မှု ရှိပါသည်။ ဗဟိုတရားရုံးများတွင် မူလတရားစီရင်မှုရှိသကဲ့သို့ အောက်တရားရုံးများမှ စီရင်ဆုံးဖြတ်ချက်များအပေါ် အယူခံတရားစီရင်မှုနှင့် ဥပဒေနှင့်အညီ ပြန်လှန်စစ်ဆေး၊ သုံးသပ် တရားစီရင်မှုများလည်း ရှိပါသည်။ (c.Vs. တရားစီရင်ရေးအာဏာခွဲဝေမှု c.1(e)) အခြားသောတရားရုံးများ၏ ဖွဲ့စည်းပုံနှင့် တရားစီရင်မှုများအား ဥပဒေအရ အဆုံးအဖြတ်ပြုသည်။

စစ်ခုံရုံးများနှင့်ပတ်သက်၍ ၎င်းတို့မှာ တပ်မတော်၏စီမံအုပ်ချုပ်မှုအောက်သို့ ကျရောက်သွားပြီး စစ်ဦးစီးချုပ်၏အဆုံးအဖြတ်သည် စစ်တပ်တရားစီရင်မှု၏ နောက်ဆုံးအဆင့်ဖြစ်သဖြင့် ဖော်ပြခဲ့ပါသည်။ (၇/၁၀နှင့်၁၁)

## <u>ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး</u>

စူးစမ်းမှုအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် ပတ်သက်သည့် အခြေအနေသတ်မှတ်ချက်များမှာ သာမန်တရားရုံးများမှ ဖွဲ့စည်းပုံအခြေခံ၏ မတူကွဲပြားသော အပိုင်းများတွင် တည်ရှိနေပါသည်။ (၎င်းတို့မှာ ဖွဲ့စည်းပုံအခြေခံ၏ နိဂုံးပိုင်းတွင် တွေ့ရပြီး နောက်ဆုံးအခန်း(၁၅)၏ ခေါင်းစဉ်အရ "အထွေထွေပြဋ္ဌာန်းသတ်မှတ်ချက်များ") (မြန်မာဘာသာမူတွင် ၎င်းတို့မှာ တရားစီရင်ရေးအပိုင်းတွင် ရှိသော်လည်း) ခုံရုံး၏အခြေခံတာဝန်ရှိမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်ဆိုနားလည်ခြင်း ဖြစ်ပါသည်။ ပို၍ တိတိကျကျဆိုရလျှင် ၎င်း၏လုပ်ငန်းဆောင်တာများမှာ -

- (က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ဆိုနားလည်ခြင်း
- ( ခ ) လွှတ်တော်အမျိုးမျိုးက အတည်ပြုပြဋ္ဌာန်းလိုက်သော ဥပဒေများ (သို့) စီမံအုပ်ချုပ်မှုအာဏာပိုင်များ၏ ပုဒ်မများမှာ ရှေ့နောက်ညီညွတ်မှု ရှိ/မရှိ စိစစ်စစ်ဆေးရန်
- ( ဂ ) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်၍ အစိုးရများအကြား အဆင့်အမျိုးမျိုးရှိ အငြင်းပွားမှုများကို ဆုံးဖြတ်ရန်
- (ဃ) ပြည်ထောင်စုနှင့် အခြားအစိုးရများ၏ အာဏာအသီးသီးပေါ်တွင် အငြင်းပွားမှုများကို ဆုံးဖြတ်ရန်
- ( င ) အစိုးရများ၏ အခြားအဆင့်များမှ ပြည်ထောင်စုဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်မှုပေါ်တွင် အငြင်းပွားမှုများကို ဆုံးဖြတ်ရန်

( စ ) သမတ၏တောင်းဆိုမှုအရ ပြည်ထောင်စုနယ်မြေပိုင်နက်များနှင့် ဆက်စပ်သော ကိစ္စရပ်များအား ကိုင်တွယ်ဆောင်ရွက်ရန်နှင့်

(ဆ) ဥပဒေအရ သတ်မှတ်ဖော်ပြထားသော အခြားအလုပ်များကို တာဝန်ယူဆောင်ရွက်ရန်၊

၎င်းခုံရုံးမှ ဆုံးဖြတ်ချက်များမှ အယူခံမှု မရှိပါ။

အခြားသောတရားရုံးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်ဆိုနားလည်မှုအပေါ် တရားစီရင်ဆုံးဖြတ်မှု မရှိပါ။ သို့သော် ၎င်းတို့၏ တကယ်တန်းတာဝန်ရှိမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအား အားဖြည့်ပေးရန် ဖြစ်ပါသည်။ အကယ်၍ တရားရုံးတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းသတ်မှတ်ချက်ပေါ်တွင် လုပ်ကိုင်ဆောင်ရွက်ရာတွင် အငြင်းပွားစရာ ပေါ်ထွက်လာပါက ထိုတရားရုံးက ၎င်း၏ကြားနာမှုအား ရပ်ဆိုင်း၍ ၎င်းကိစ္စကို ဖွဲ့စည်းပုံအခြေခံတရားရုံးသို့ စီရင်ဆုံးဖြတ်ရန် လွှဲပြောင်းပေးပို့ရမည်။ (တရားရုံးက ဆက်စပ်နေသည့် အခြေအနေနှင့် စပ်လျဉ်းသည့် ၎င်း၏နားလည်မှုကိုလည်း ပေးပို့သင့်/မသင့်ဆိုသည်မှာ မရှင်းလင်းပါ။ (င. ၆၊ ၃၂၃ - ၃၂၄) (၁၅/၂၁) ယူဆစရာရှိသည်မှာ ပြန်ဆိုနားလည်မှုအား အမှုဖြစ်စဉ်ကို ကိုင်တွယ်ရာတွင် အသုံးချနိုင်ပေးပို့ပြီး ဆုံးဖြတ်ချက်ကို အမှုအားလုံးအတွက် အသုံးပြုပါသည်။ (င. ၆၊ ၃၂၃ - ၃၂၄)

ဖွဲ့စည်းပုံအခြေခံဥပဒေပြန်ဆိုနားလည်မှုနှင့် ပတ်သက်သည့်ကိစ္စတစ်ခုကို အာဏာပိုင်အချို့က တရားရုံးသို့ လွှဲပြောင်း၊ ပေးပို့နိုင်ပါသည်။ သမတ၊ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌများနှင့် ၎င်း၏ လွှတ်တော်နှစ်ရပ်၊ တရားသူကြီးချုပ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်နယ်နှင့် ဒေသများဆိုင်ရာ ဝန်ကြီးများ၊ ပြည်နယ်/ဒေသဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌများ နှင့် အနည်းဆုံး ၁၀% ရှိသော ပြည်ထောင်စုလွှတ်တော်များ၏ အဖွဲ့ဝင်များ(၁၅/၂၃ နှင့် ၂၃) အဖြစ်နိုင်ဆုံးမှာ ဤရည်ညွှန်းဖော်ပြမှုမှာ အကြံပြုတွေးထင်ယူဆမှု သဘာဝဖြစ်ပြီး ၎င်းကိစ္စမှာ တရားယှဉ်ပြိုင်မှု၏အဆက်အစပ်မှ ပေါ်ထွက်လာခြင်း မဟုတ်သလို သီးခြားအခြေအနေ အဝန်းအဝိုင်းတစ်ခုနှင့် ဆက်စပ်မှုလည်း မရှိပါ။

<u>ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဖွဲ့စည်းမှု</u>

ဥက္ကဋ္ဌအပါအဝင် တရားရုံးတွင် အဖွဲ့ဝင် ၉ ဦး ပါရှိပါသည်။ သမတနှင့် ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်စလုံး၏ ဥက္ကဋ္ဌများက လူသုံးဦးစီအား ပြည်ထောင်စုလွှတ်တော်၏ ထောက်ခံအတည်ပြုမှုရယူရန် အမည်စာရင်းတင်သွင်း(၎င်းအမည်စာရင်းမှပင် ဥက္ကဋ္ဌအမည်စာရင်းတင်သွင်းမှုကို သဘောတူထောက်ခံသည်) အရည်အသွေးများမှာ တရားသူကြီးချုပ်အတွက် သတ်မှတ်ထားမှုနှင့် အသက်နှင့် အသိပညာပိုမိုလိုအပ်မှု (သို့) နိုင်ငံရေး၊ စီမံအုပ်ချုပ်မှု၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများအား နားလည်မှုများ မှလွဲ၍ အတူတူပင်ဖြစ်သည်။ (၁၅/၁၀)

အဖွဲ့ဝင်များမှာ ငါးနှစ်တာကာလအတွက်သာ ခန့်အပ်ခံရခြင်းဖြစ်ပြီး သမတနှင့် ပြည်ထောင်စုလွှတ်တော်သက်တမ်းနှင့် အတူတူကုန်ဆုံးမည် ဖြစ်ပါသည်။ (၁၅/၁၅) ၎င်းတို့မှာ နောက်သက်တမ်းတစ်ခုအတွက် အရွေးခံခွင့် ရှိ/မရှိ ပြောဆိုမထားပါ။ အဖွဲ့ဝင်တစ်ဦးအား အကြောင်းပြချက်အရ စွဲဆိုတင်သွင်းမှုဖြင့် ဖယ်ရှားပစ်နိုင်ပြီး၊ တရားသူကြီးချုပ်အတွက် သတ်မှတ်ထားသော အလားတူလုပ်ထုံးလုပ်နည်းများအရ ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေက တရားစီရင်ရေး၏ လွတ်လပ်မှုကို အာမခံပါ။ တရားသူကြီးများ ခန့်အပ်မှုမှာ နိုင်ငံရေးမြင့်မားလွန်းပြီး ၎င်းတို့၏သက်တမ်းအတွက် စည်းမျဉ်းဥပဒေသများမှာ တရားမျှတပြီး ဘက်လိုက်မှုမဲ့သော တရားရေးစီမံအုပ်ချုပ်မှုအတွက် လိုအပ်သောလုံခြုံမှုအား ၎င်းတို့ကို မပေးအပ်နိုင်ပါ၊ တရားစီရင်ရေး၏ လွတ်လပ်မှု(သို့) တရားသူကြီးများ၏ပင်စင်နှင့်ပတ်သက်၍ တစ်စုံတစ်ရာဖော်ပြမှု မရှိပါ။ အဆိုပါကိစ္စရပ်များ (သို့) တရားရုံးများ၏ဖွဲ့စည်းမှုနှင့် စီစဉ်အုပ်ချုပ်မှုများအတွက် တာဝန်ရှိသော လွတ်လပ်သည့် ကော်မရှင် မရှိပါ။

စစ်ခုံရုံးများနှင့် ပုံမှန်တရားရုံးစံနစ်အကြား ဆက်သွယ်မှုကို မဖော်ပြသလောက်ပင် ဖြစ်ပါသည်။ စစ်တရားစီရင်မှု ကိစ္စရပ်အားလုံးအား တပ်မတော်နှင့် စစ်ဦးစီးချုပ်အား လွှဲအပ်ထားပါသည်။ ပုံမှန်ကျင့်သုံးမှုမှာ စစ်ခုံရုံးများကို စစ်တပ်သဘာဝရှိသည့် ရာဇဝတ်ပြစ်မှုများအတွက်သာ ကန့်သတ်ထားလေ့ရှိပြီး

စစ်ခုံရုံး၏ တရားစီရင်မှုမှာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ကျူးလွန်ကြသော ရာဇဝတ်ပြစ်မှုများအတွက်သာ သီးသန့်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ မည်သို့မျှ မပြောဆိုပါ။ အပြည်ပြည်ဆိုင်ရာအရ ဦးတည်ချက်မှာ စစ်တပ်တပ်ဖွဲ့ဝင်များသည် တိုင်းပြည်မှ အခြားအရပ်သားများကဲ့သို့ပင် တရားမျှတသော တရားရင်ဆိုင်ဖြေရှင်းမှုမျိုး တပ်ဖွဲ့ဝင်မဟုတ်သူများ တူညီသော အာမခံမှု ရရှိခံစားရမည်ဖြစ်ပြီး နိုင်ငံသားများ၏လူ့အခွင့်အရေးအား စစ်တပ်တပ်ဖွဲ့ဝင်များက ချိုးဖောက်သည်ဟု စွပ်စွဲမှုများအတွက် စစ်ခုံရုံးမဟုတ်ပဲ သာမန်ခုံရုံးများနှင့်ပင် တရားရင်ဆိုင်ဖြေရှင်းသင့်သည်ကို ဦးတည်ပါသည်။ ကိုလံဘီယာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆိုးဝါးသောလူ့အခွင့်အရေး ချိုးဖောက်မှုများသည် "လုပ်ငန်းတာဝန်နှင့်စပ်ဆိုင်သော ပြုမူဆောင်ရွက်မှု" မဟုတ်ပဲ သာမန်တရားရုံးများဖြင့်ပင် တရားရင်ဆိုင် ဖြေရှင်းရမည်ဟု ကိုင်စွဲထားခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက စစ်ခုံရုံးများ၏ တရားသူကြီးများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆိုထားခြင်း မရှိပါ။ အရပ်ဖက်ဆိုင်ရာ အခြေခံလက္ခဏာများကို စစ်တပ် ရာဇဝတ်တရားစီရင်ရေးစံနစ်များအတွင်းသို့ စတင်သွတ်သွင်းလာမှု၏ အရေးပါမှုကို အပြည်ပြည်ဆိုင်ရာအရ လက်ခံအသိအမှတ်ပြုမှု တိုးများလာနေပြီ ဖြစ်ပါသည်။ လုပ်ဆောင်ရန်ရှိသည့် လုပ်ငန်းစဉ်များကို ပုံမှန် ကာကွယ်စောင့်ရှောက်မှုအား အာမခံရပါမည်။ လူထုရှေ့တွင် ကြားနာခြင်း၊ ရှေ့နေငှားရမ်းပြီး မျှတစွာခုခံချေပခွင့်နှင့် အရည်အသွေးရှိသော လွတ်လပ်၍ ဘက်မလိုက်သည့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းခွင့် ရရှိရပါမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား အခြားတရားရုံးများမှခွဲခြားထားခြင်းမှာ မကြာမတင် က လူအများသဘောကျ၊ လက်ခံလာခဲ့ကြသော ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးများသို့ တစ်စုံတစ်ရာ ပေးဆပ်ရန် ရှိကောင်းရှိနိုင်ပါသည်။(၎င်း၏ အများနှင့်သက်ဆိုင်သော ဥပဒေအစဉ်အလာများ ရှိသော်လည်း မြန်မာနိုင်ငံမှာ အရပ်ဘက်ဥပဒေနှင့် အုပ်ချုပ်သောနိုင်ငံများလောက် မလိုအပ်သောနိုင်ငံတစ်ခု ဖြစ်နိုင်ပါသည်) သို့ရာတွင် ပူပင်စရာမှာ တရားရုံး၏ဖွဲ့စည်းတည်ဆောက်ပုံ ဖြစ်ပါသည်။ ၅ နှစ်တာကာလသက်တမ်းမှာ အလွန်တိုတောင်းပါသည်။ သက်တမ်းကို ကန့်သတ်ထားခြင်း၏အကြောင်းရင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားစီရင်ဆုံးဖြတ်မှုမှာ နိုင်ငံရေးဆိုင်ရာ တွေးတောစဉ်းစားမှုများမှ လုံးဝလွတ်ကင်းနိုင်မည်မဟုတ်ပါ။ တရားရုံးအနေဖြင့် ပြောင်းလဲနေသော နိုင်ငံရေးအင်အားစုများနှင့် စိတ်ကူးတွေးမြင်မှုများအား တုန့်ပြန်ထင်ဟပ်နိုင်ရန် ကာလအပိုင်းအခြားအရ ပြန်လည်မွမ်းမံသင့်ပါသည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ စံသက်တမ်းမှာ ဆယ်နှစ်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြားပြဿနာတစ်ခုမှာ တရားသူကြီးများအားလုံးမှာ ခန့်ထားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ သက်တမ်းမှာ ကုန်ဆုံးမှုရှိပါသည်။ တိုင်းပြည်အများစုတွင် ခန့်ထားမှုများမှာ အချိန်ကွဲပြားစေရန်စီစဉ်ထားရှိကြသည့်အတွက် နိုင်ငံရေးဆိုင်ရာ ဟန်ချက်ညီမှုနှင့် အတွေ့အကြုံဖွဲ့စည်းမှုတို့အတွက် အစဉ်မပြတ်သည့်အခြေခံလက္ခဏာ ရှိပါသည်။ မြန်မာနိုင်ငံတွင် ငါးနှစ်တာသက်တမ်းမှာ တရားသူကြီးများအတွက် လွတ်လပ်မှုနှင့် အတွေ့အကြုံအတွက် တိုတောင်းလွန်းပါသည်။ ၎င်းတို့၏ သက်တမ်းနှင့် သမတ၏သက်တမ်း ဆက်စပ်မှုက သမတ၏လုံးဝလွှမ်းမိုးမှုသို့ ရှေ့ရှုကောင်း ရှေ့ရှုသွားနိုင်ပါသည်။

## <u>ပြည်ထောင်စုပြည်နယ်များ၊ ဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအကြား ဆက်ဆံရေး</u>

နိုင်ငံတော်နယ်မြေပိုင်နက်ဆိုင်ရာ ဖွဲ့စည်းမှုနှင့် ပတ်သက်သည့် အကြောင်းကို ဖော်ပြပြီးဖြစ်ပါသည်။ တိုင်းရင်းသားလူနည်းစုများက ကာလကြာမြင့်စွာကပင် စစ်မှန်သော ဖက်ဒရယ်စံနစ်အတွက် လှုံ့ဆော်ခဲ့ကြပါသည်။ လွတ်လပ်ရေးကာလက ၎င်းတို့၏ ကိုယ်ပိုင်အချုပ်အခြာအာဏာပိုင် ပြည်နယ်များအတွက် မကြည့်ကြပဲ မြန်မာနိုင်ငံနှင့် ပူးပေါင်းရန် ၎င်းတို့ တစ်ကြိမ် စည်းရုံးသိမ်းသွင်းခံခဲ့ကြရပါသည်။ ယခုစာတမ်းက အစိုးရ၏များစွာသော အဆင့်များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများကို စစ်ဆေးကြည့်ရှုပါမည်။ ထိုသို့ ပြုလုပ်ခြင်းက အမျိုးမျိုးသော အစိုးရများနှင့် လက်အောက်ခံ အမျိုးသားအဖွဲ့များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့အကြား အပြန်အလှန်အမှီအခိုပြုမှုကို ကျွန်ုပ်တို့အား ပိုမိုနားလည်စေနိုင်ပါသည်။

ဥပဒေပြုခွင့်အာဏာကို နည်းလမ်းသုံးမျိုးနှင့် ခွဲဝေပါသည်။ ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအကြား ဖြစ်ပါသည်။

စီမံအုပ်ချုပ်မှုအခွင့်အာဏာမှာ ဥပဒေပြုမှုပေါ်တွင် များစွာ ချိတ်ဆက်ပါသည်။ အဆင့်တစ်ခုစီတွင် ဥပဒေပြုမှု၊ စီမံအုပ်ချုပ်မှုနှင့် တရားစီရင်မှု အခွင့်အာဏာများ ရှိပါသည်။ ၎င်းတို့အကြားတွင် ရင်းမြစ်များခွဲဝေပြဋ္ဌာန်း ပေးအပ်မှု ရှိပါသည်။ ပြည်ထောင်စု ဥပဒေပြုလွှတ်တော်မှာ နှစ်ရပ်ရှိပြီး တစ်ရပ်မှာ ပြည်နယ်များနှင့်ဒေသများကို ကိုယ်စားပြုပါသည်။ ဤနယ်မြေပိုင်နက်ဆိုင်ရာ ပါဝင်ဖွဲ့စည်းမှုများ၏ တည်ဆောက်ပုံကဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်အခြေခံမှုများကို အခြေခံသည်ဟူသော အမြင်ကို ဖြစ်စေပါသည်။ ကျွန်ုပ်က ယခု အဆိုပါ အချက်မှန်ကန်မှု ရှိမရှိ စဉ်းစားကြည့်ပါမည်။

## ဥပဒေပြုမှုနှင့် စီမံအုပ်ချုပ်မှုအာဏာများခွဲဝေမှု

ဥပဒေပြုမှုအာဏာတွင် အမည်စာရင်း သုံးခု ရှိပါသည်။ ဖက်ဒရယ် ပြည်နယ်/ဒေသကြီး နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ပြည်ထောင်စုအာဏာတွင် ကာကွယ်ရေး နှင့် လုံခြုံရေး (လက်နက်များနှင့်ခဲယမ်းမီးကျောက်များနှင့် စစ်သည်အင်အား ခေါင်းစဉ်များအပါအဝင်)၊ နိုင်ငံခြားရေးရာ (အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ဦးနှစ်ဘက်အပြန်လှန်ဆက်ဆံရေးအပါအဝင်)၊ ဘဏ္ဍာရေးနှင့် စီမံကိန်းရေးရာ(ငွေကြေး၊ ရသုံးငွေစာရင်းလုပ်ငန်းစဉ်၊ အခွန်အရင်းအမြစ်အများစု၊ ပြည်ထောင်စုရံပုံငွေ၊ ချေးငွေများ၊ နိုင်ငံခြားအကူအညီနှင့် နိုင်ငံတော်ပိုင်ဆိုင်မှုများ အပါအဝင်)၊ စီးပွားရေး(ကုန်သွယ်ရေး၊ သွင်းကုန်ထွက်ကုန် ကော်ပိုရေးရှင်းနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများအပါအဝင်)၊ စိုက်ပျိုးရေး(လယ်ယာမြေ၊ ရေကာတာများ၊ ရေဖြန့်ဝေရေး၊ တိရစ္ဆာန်မျိုးပွားခြင်းနှင့် ရောဂါထိန်းချုပ်ရေးအပါအဝင်)၊ စွမ်းအင်နှင့်မိုင်းလုပ်ငန်း(လျှပ်စစ်ဓါတ်အား၊ ရေနံ၊ ဓါတ်ငွေ့၊ သတ္တုများ၊ သစ်တောနှင့် သားရိုင်းတိရစ္ဆာန် အပါအဝင်၊ စက်မှုလုပ်ငန်း(စက်မှုဇုန်များ၊ သိပ္ပံနှင့်နည်းပညာ၊ ဖန်တီးတီထွင်မှု၊ ပိုင်ဆိုင်မှုအခွင့်အရေး၊ အလေးချိန်နှင့်အတိုင်းအတွာများ အပါအဝင်)၊ သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး (ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ပင်လယ်ရေကြောင်းသွားလာရေး၊ ဆိပ်ကမ်း၊ လေကြောင်း၊ လမ်းပန်းနှင့် ကုန်းလမ်းပို့ဆောင်မှု၊ မီးရထား၊ စာတိုက်၊ တီဗီနှင့် ဂြိုဟ်တုဆက်သွယ်ရေးအပါအဝင်)၊ လူမှုရေးကဏ္ဍ(ပညာရေး၊ အားကစား၊ ကျန်းမာရေး၊ မီးသတ်၊ လူမှုဖူလုံရေး၊ အလုပ်သမား၊ အနုပညာနှင့် ယဉ်ကျေးမှုအပါအဝင်)နှင့် စီမံအုပ်ချုပ်မှု (အစိုးရလျှို့ဝှက်ချက်များ၊ အကျဉ်းထောင်များ၊ ကျေးလက်နှင့် မြို့ပြဒေသအုပ်ချုပ်ရေး၊ နိုင်ငံသားဖြစ်မှု၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများ အပါအဝင်)နှင့် တရားစီရင်ရေးကဏ္ဍ (တရားရေးရာ စီမံအုပ်ချုပ်မှု၊ ရာဇဝတ်နှင့် တရားမဥပဒေနှင့် ရှေ့နေများအပါအဝင်)

ပြည်နယ်များနှင့်ဒေသများတွင် ကာကွယ်ရေး၊ လုံခြုံရေးနှင့် (သို့) နိုင်ငံခြားရေးရာများနှင့်ပတ်သက်၍ အာဏာမရှိပါ။ သို့သော်လည်း ထိုသို့မဟုတ်ပါက ၎င်းတို့၏အမည်စာရင်းတွင် အမျိုးသားအမည်စာရင်းတွင် ပါရှိနေသော များစွာသောကိစ္စများ ပါဝင်လာပါလိမ့်မည်။ ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စများတွင် ၎င်းတို့၏ ရသုံးငွေစာရင်းများနှင့် ရံပုံငွေများကို ၎င်းတို့ စီမံဆောင်ရွက်ကြပြီး မြေခွန်များမြှင့်တင်နိုင်၊ အခွန်များစည်းကြပ်နိုင်သလို အဆောက်အဦများ ရေနှင့်ဘီးခွန်များ စည်းကြပ်နိုင်ပါသည်။ ၎င်းတို့သည် ပြည်နယ်(သို့)ဒေသပိုင်ဆိုင်မှုများနှင့် နိုင်ငံအတွင်း ပြည်နယ်/ဒေသရံပုံငွေများကို ထိန်းချုပ်ကိုင်တွယ်နိုင်ပါသည်။ စီးပွားရေးကဏ္ဍတွင် ၎င်းတို့၏ ဒေသ(သို့)ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော စီးပွားရေးလုပ်ရှားမှုများ၊ ကုန်သွယ်ရေးနှင့် သမဝါယမလုပ်ရှား ဆောင်ရွက်မှုများအပေါ် ၎င်းတို့၏အာဏာမှာ ပြည်ထောင်စုမှ ပြဋ္ဌာန်းပေးထားသော ဥပဒေများမှ အဓိကအားဖြင့် ရယူထားခြင်း ဖြစ်ပါသည်။ (တစ်နည်းအားဖြင့် ၎င်းတို့တွင် အဆိုပါနယ်ပယ်များအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အာဏာမရှိပါ) ၎င်းတို့တွင် စိုက်ပျိုးရေး၊ ပိုးမွှားထိန်းချုပ်ရေး၊ ဓါတ်မြေဩဇာ၊ စိုက်ပျိုးရေးချေးငွေများ၊ ရေ စသည်တို့အတွက် ပြည်ထောင်စုမှ အခွင့်အာဏာပေးအပ်ထားသော အာဏာများရှိသလို ရေချိုငါးဖမ်းလုပ်ငန်းများ အတွက်လည်း အခွင့်အာဏာရှိပါသည်။ စွမ်းအင်နှင့်သတ္တုကဏ္ဍများတွင် အငယ်စားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဝေရေး၊ ဆားနှင့် ဆားထုတ်လုပ်ရေး၊ ကျောက်မျက်သွေးခြင်း၊ ကျေးရွာပိုင် လောင်စာ၊ သစ်တောနှင့် ဥယျာဉ်စိုက်ပျိုးရေး စသည်တို့အတွက် ၎င်းတို့တွင် အာဏာ ရှိပါသည်။ ၎င်းတို့တွင်

စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေး (သို့) လူမှုရေးကဏ္ဍများ (အခြေချနေထိုင်မှုနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးမှလွဲ၍)တွင် အရေးပါသည့်အာဏာ မရှိသလောက်နည်းပါးပြီး တရားရေးကဏ္ဍတွင် အာဏာလုံးဝမရှိပါ။ (အဆင့်အမျိုးမျိုး၌ တရားရုံးများတည်ဆောက်ရမည်ဖြစ်သော်လည်း ပြည်ထောင်စုဥပဒေ အရသာဖြစ်ဖွယ်ရှိပါသည်။ )

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများနှင့်ဇုံများ၏အာဏာ တတိယအမည်စာရင်းတွင် မြို့နှင့် ရွာစီမံကိန်းရေးဆွဲခြင်း၊ ဆောက်လုပ်ရေး၊ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းရေး၊ လူထုကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ မီးဘေးကာကွယ်ရေး၊ စားကျက်မြေများ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများအတွက် ပြည်ထောင်စုက ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အခွင့်အာဏာများရှိသလို မြို့များ၊ ကျေးရွာများ၊ မြို့နှင့် ကျေးရွာဈေးများအတွက် ရေနှင့် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး အာဏာများလည်း ရှိပါသည်။

အဆိုပါအမည်စာရင်းများတွင် မပါရှိသော အာဏာများ(ကြွင်းကျန်အာဏာများ)မှာ ပြည်ထောင်စုနှင့်သာ သက်ဆိုင်ပါသည်။ ပြည်ထောင်စုတွင် ပြည်ထောင်စုနယ်မြေပိုင်နက်များအတွက် ပြီးပြည့်စုံသော ဥပဒေပြုခွင့် အခွင့်အာဏာ ရှိပါသည်။ ကျွန်ုပ်တို့ တွေ့မြင်ပြီးဖြစ်သည့်အတိုင်း အရေးပေါ်အခြေအနေများအတွင်း အာဏာအားလုံးနီးပါးမှာ သမတ(သို့)စစ်ဦးစီးချုပ်အသွင်သဏ္ဍာန်ဖြင့် ပြည်ထောင်စုထံ ပြန်လည်လွှဲအပ်ရပါသည်။

အဆိုပါ အဆင့်သုံးဆင့်က ပြဋ္ဌာန်းလိုက်သော ဥပဒေများ၏ မတူကွဲလွဲမှုများနှင့် ပတ်သက်သည့် ချမှတ်ပေးထားမှုများမှာ မရှင်းလင်းလှပါ။( ၄.၄.၄ - ဥပဒေပြုအာဏာခွဲဝေမှု ၄. ၁၅)၊ သီးခြားအရေးပါသော ကိစ္စတစ်ရပ်မှာ ပြည်နယ်များ/ဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအား ပေးအပ်ထားသော အာဏာများမှာ ပြည်ထောင်စုသို့လည်း ပေးအပ်ထားသောကြောင့် ဖြစ်ပါသည်။ ပြည်ထောင်စုအာဏာ၏ ကျယ်ပြန့်သော အတန်းအစားများက အောက်အဆင့်များအတွက် ပေးအပ်ထားသော ပိုမိုကျဉ်းမြောင်းပြီး သီးခြားဖြစ်သောအာဏာများလည်း အပါအဝင် ဖြစ်ပါသည်။ ဖက်ဒရယ်(သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အထွေထွေစည်းမျဉ်းဥပဒေသမှာ အစိုးရက ၎င်း၏ သီးသန့်အမည်စာရင်းအတွင်းမှ အကြောင်းအရာများနှင့်ပတ်သက်၍ ပြဋ္ဌာန်းခဲ့သောဥပဒေသည် ၎င်းအကြောင်းအရာအတွက် နိုင်ငံတော်တရားရုံးချုပ်နှင့် အခြားအဆင့်အစိုးရတစ်ရပ်က ဥပဒေပြဋ္ဌာန်း၍ မရနိုင်ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း အာဏာများအား ခွဲဝေလိုက်သောအခါ (တပြိုင်နက်တည်း) အကြောင်းအရာတစ်ခုအတွက် ဥပဒေတစ်ခုကို အစိုးရ၏ အဆင့်တစ်ရပ်ထက်ပို၍လည်း ပြဋ္ဌာန်းချမှတ်နိုင်ပါသည်။ အခြားသူများအတွက်လည်း မည်သည့်ဥပဒေပြုရမည်ကို အဆုံးအဖြတ်ပြုသည့် စည်းမျဉ်းဥပဒေသရှိရန် လိုအပ်ပါသည်။ ယခုရှိသည့် ပုံမှန်စည်းမျဉ်းဥပဒေသမှာ ပို၍မြင့်သောအဆင့်အတွက် ဥပဒေမှာ အဆင့်နိမ့်အပေါ်တွင်လည်း သက်ရောက်ပါလိမ့်မည်။ သို့ရာတွင် အဆင့်နိမ့်၌ ပြဋ္ဌာန်းသတ်မှတ်လိုက်သည့် ဥပဒေထက်ပို၍ မြင့်မားအရေးပါမှုကို ပေးအပ်ရန်လည်း ဖြစ်နိုင်ပါသည်။

<u>ဥပဒေများ၏သဟဇာတဖြစ်မှု</u>

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဥပဒေများအရ အဆင့်ဆင့်ရာထူးဂုဏ်ရှိန်တည်ဆောက်မှုတစ်ခုတည်ရှိမှုက ပြည်နယ်များ/ဒေသကြီးများနှင့်ပြည်ထောင်စု၏ ဥပဒေများအတွက် လမ်းဖွင့်ပေးထားပြီး ပြည်နယ်များ/ဒေသများ၏ဥပဒေများက ပြည်ထောင်စုဥပဒေများအတွက်လည်း လမ်းဖွင့်ပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အဆင့်တစ်ခုစီရှိဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သဟဇာတဖြစ်ရမည်။ သို့ရာတွင် ၎င်းတို့သည် ပြည်နယ်များ/ဒေသကြီးများ(သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အကာအကွယ်မဖြစ်စေရပါ။ ၎င်းတို့တွင် သီးသန့်အာဏာမရှိပါ။ ဥပဒေ၏ အဆင့်ဆင့်ရာထူးပေးအပ်ခံရပြီး ပြည်ထောင်စုဥပဒေနှင့် ပြည်နယ်နှင့်ဒေသ ဥပဒေကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအပေါ်တွင်လည်း သက်ရောက်မှု ရှိပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုအနေဖြင့် မည်သည့်နေရာ ဒေသအတွက်မဆို ဥပဒေပြုခွင့်ရှိပြီး၊ ပြည်နယ်များ၊ ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာမူ ၎င်းတို့အား ပေးအပ်ထားသော အမည်စာရင်းမှအပ ဥပဒေပြုခွင့်မရှိပါ။

ရရှိလာသောအကျိုးသက်ရောက်မှုမှာ ပြည်နယ်များ၊ ဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအား ပေးအပ်ထားသော ဥပဒေပြုခွင့်အာဏာမှာ(အလွန်အရေးမပါလှသော်လည်း) ပြည်ထောင်စု၏ ကိုယ်ပိုင်ထိန်းချုပ်မှုပေါ်တွင် နောက်ဆုံးမှီတည်ပါသည်။

## ဘဏ္ဍာရေးရင်းမြစ်များ၊ ပြည်ထောင်စုနှင့် ပြည်နယ်၊ ဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အကြား ဆက်ဆံရေး

စာတမ်းက မတူကွဲပြားသောအဆင့်များရှိ ဥပဒေပြုအဖွဲ့များအကြား ကွဲလွဲမှုများရှိနေသော်လည်း စီမံအုပ်ချုပ်မှုစနစ်မှာ ပေါင်းစည်းစုစည်းထားပါသည်။ တစ်နည်းအားဖြင့် အဆင့်တိုင်းရှိ စီမံအုပ်ချုပ်မှုမှာ သမတ၏ ပိုမိုအရေးပါသည့်အခွင့်အာဏာကို နာခံရပါသည်။ အခြားအခြေခံတရားတစ်ခုမှာ အဆင့်တိုင်းမှ တပ်မတော်၏ ပေါက်ပွားထားသော တည်ရှိပါဝင်မှု ဖြစ်ပါသည်။ ဤအချက်နှစ်ခု တိုင်းပြည်၏ အခြား အစိတ်အပိုင်းများမှာကဲ့သို့ တိုင်းရင်းသားလူမျိုးများ၏ ပြည်နယ်များအပေါ် ထိန်းချုပ်မှုအား ဗဟိုထိန်းချုပ်မှု ရှိလာစေပါသည်။

ပြည်ထောင်စုနှင့် လက်အောက်ခံအမျိုးသား သီးခြားတည်နေမှုများအကြား ဆက်ဆံရေးတို့နှင့် ပတ်သက်၍ သွင်ပြင်သဏ္ဌာန်များ ပြသသော်လည်း မြန်မာနိုင်ငံမှာ ဗဟိုထိန်းချုပ်မှုမြင့်မားသော နိုင်ငံတစ်ခုဖြစ် ပါလိမ့်မည်။ ၎င်းသည် နည်းလမ်းပေါင်းများစွာဖြင့် ဖက်ဒရယ်ပုံစံမှ ပျက်ယွင်းချို့ငဲ့နေပါလိမ့်မည်။ ပြည်ထောင်စုနှင့် ပြည်နယ်/ဒေသကြီးများမှာ ပူးတွဲညှိနှိုင်းအာဏာပိုင်ပုံသဏ္ဌာန် ဖွဲ့စည်းမှု မရှိပါ။ ဗဟိုက အမြဲလွှမ်းမိုးချုပ်ကိုင်ပြီး လက်အောက်ခံအမျိုးသား သီးခြားတည်ရှိမှုများ၏ အာဏာနယ်ပယ်တစ်ခုအား ကျော်နင်းဝင်ရောက်နိုင်ပါသည်။ သမတ၏အာဏာများက မြောက်များစွာသော ဆုံးဖြတ်ချက်များတွင် ပြည်နယ်များ (သို့) ဒုတိယလွှတ်တော်တစ်ရပ်၏ အခန်းကဏ္ဍနှင့် ဆန့်ကျင်နေပါသည်။ သမတက ပြည်နယ် စီမံအုပ်ချုပ်သူများကို ခန့်အပ်ပါသည်။ အစိုးရအဆင့်တိုင်းက အထက်အဆင့်တစ်ခုကို အစီရင်ခံတင်ပြရပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သဟဇာတမဖြစ်သော ရာထူးအဆင့်ဆင့်အား ဖန်တီးထားသည့်သမတအတွက် အားလုံးက တာဝန်ယူရပါသည်။ ပြည်နယ်အာဏာများမှာ များစွာ ကန့်သတ်မှုရှိပြီး အလွယ်တကူ ပယ်ဖျက် ခံရနိုင်ပါသည်။ အမျိုးသားလွှတ်တော်၏ တည်ဆောက်မှုနှင့် အာဏာများမှာ လက်အောက်ခံ အမျိုးသား သီးခြားတည်ရှိမှုများ၏ အကျိုးစီးပွားများကို အကာအကွယ်ပေး နိုင်စွမ်း မရှိပါ။ တရားစီရင်ရေးမှာ အားနည်း၍ လွတ်လပ်မှုမရှိသည့်အတွက် ပြည်ထောင်စု ပြည်နယ်စံနစ် အတွက် ခုံသမာဓိအဖြစ် ဆောင်ရွက်၍ မရနိုင်ပါ။ လက်အောက်ခံအမျိုးသား အာဏာများ၏ အလုံးစုံသော စံနစ်နှင့်တည်ဆောက်မှုများမှာ လက်အောက်ခံ အမျိုးသားအာဏာပိုင်များ ပါဝင်ဆောင်ရွက်မှုမရှိပဲ ပြည်ထောင်စု အာဏာပိုင်များ၏ ပြင်ဆင်ပြောင်းလဲမှု မခံရစေရန် ခိုင်မာမှု မရှိပါ။ လက်အောက်ခံ အမျိုးသား သီးခြားတည်ရှိမှုများ၏ အမှန်တကယ်အားနည်းမှုမှာ အရေးပေါ်အခြေအနေအာဏာကျင့်သုံးမှုတွင် ဖြစ်ပါသည်။ ၎င်းပြင် အာဏာပိုင်းခြားမှုမှာလည်း ရှင်းလင်း ပြင်းထန်ပါသည်။ စာတမ်းက ယခုဆွေးနွေးမည့် ကိစ္စဖြစ်ပါသည်။

## အရေးပေါ်အခြေအနေများ

အရေးပေါ်အခြေနေ ကြေငြာခြင်းနှင့်အာဏာကျင့်သုံးခြင်းစံနစ်မှာ အခြေခံအားဖြင့် သမတ၊ စစ်ဦးစီး ချုပ်၊ အခြားစီမံအုပ်ချုပ်မှုအဖွဲ့များနှင့် အဆင့်အားလုံး၏ လွှတ်တော်များ နှင့် ၎င်းတို့ကြား ဆက်ဆံရေး အားလုံးကို ထိခိုက်စေပါသည်။ ။ အမှန်တကယ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနစ်တစ်ခုလုံး(အခန်း၁၁)အား ထိခိုက်စေပါသည်။ အရေးပေါ်အခြေအနေအာဏာများအား ခံစားနားလည်မှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုလုံး၏ ကြောင်းကျိုးတကျရှိမှုနှင့် ရွေ့လျားအားအပေါ် နားလည်မှုအတွက် အရေးကြီးပါသည်။

အရေးပေါ်အခြေအနေ သုံးမျိုးသုံးစား ရှိပါသည်။ ကြေငြာမှု၊ ထောက်ခံမှု၊ ကာလအပိုင်းအခြားနှင့် အကျိုးဆက်များအတွက် မတူကွဲပြားသော လုပ်ထုံးလုပ်နည်းများ ရှိပါသည်။ ပထမအမျိုးအစားမှာ သမတက တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုခုတွင် စီမံအုပ်ချုပ်မှုလုပ်ငန်းဆောင်တာများကို ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် မဖြစ်နိုင်ဟု သမတက ယူဆစဉ်းစားလာသောအခါ အခြေ အနေကို ထိန်းကြောင်းကိုင်တွယ်ရန် ဖြစ်ပါသည်။ သမတက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး

ကောင်စီနှင့် ညှိနှိုင်းဆွေးနွေးပြီး (သဘောတူညီသည်ဟု ယူဆ) အရေးပေါ်အခြေအနေ ကြေငြာနိုင်သည်။ (၁၁/၁)။ ဤဖြစ်ရပ်တွင် ပတ်သက်နေသော ပြည်နယ်(သို့)ဒေသရှိ စီမံအုပ်ချုပ်မှုအာဏာအရ သူ(သို့) သူမ(သို့)အဖွဲ့တစ်ခုက အရေးပေါ်အခြေအနေကျင့်သုံးရန် သမတထံသို့ လွှဲအပ်ရပါမည်။ သမတက အဆိုပါ နေရာဒေသတွင် ဥပဒေပြုမှုအာဏာကို တိုက်ရိုက်ကျင့်သုံးပါသည်။

ဒုတိယအမျိုးအစားအရေးပေါ်အခြေအနေမှာ အသက်အိုးအိမ်စည်းစိမ်များ ဘေးအန္တရာယ်ရှိလာသည့်အချိန်တွင် ကျင့်သုံးပါသည်။ သမတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အကြံဉာဏ်ရယူပြီး (သို့) အကယ်၍ ဤသို့ပြုရန် ချက်ချင်းမဖြစ်နိုင်ပါက တပ်မတော်နှင့် အနီးကပ်ဆုံးဆက်နွယ်နေသည့် ၎င်းအဖွဲ့ဝင်များ၏ အကြံဉာဏ်ကို ရယူပြီး အရေးပေါ်အခြေအနေ ကြေငြာရပါမည်။(၁၁/၃) ဤဖြစ်ရပ်တွင် ဒေသဆိုင်ရာအာဏာပိုင်များနှင့် အရပ်ဘက်လုပ်ငန်းများ (အရေးပေါ်အခြေ အနေအကျုံးဝင်သော နေရာဒေသ)က ၎င်းတို့၏လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အခြေအနေ ပုံမှန်ပြန်လည်ဖြစ်စေရေးတွင် တပ်မတော်၏ အကူအညီကို လက်ခံရပါမည်။ သမတက လိုအပ်ပါက အရေးကြီးသော စီမံအုပ်ချုပ်မှုနှင့် တရားစီရင်ထုံးအာဏာများကို လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့အတွက် စစ်ဦးစီးချုပ်ကိုယ်တိုင် တိုက်ရိုက်ကျင့်သုံးရန် (သို့) ၎င်း၏ကိုယ်စားပြုသူများက ကျင့်သုံးဆောင်ရွက်ရန် စစ်ဥပဒေကိုလည်း ကြေငြာနိုင်သည်။

တတိယအမျိုးအစား အရေးပေါ်အခြေအနေက စစ်ဦးစီးချုပ်နှင့် တပ်မတော်အား ပိုမိုကျယ်ပြန့်သော အာဏာများ ပေးအပ်ထားပါသည်။ ထိုသို့သော အရေးပေါ်အခြေအနေကို သမတက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်း၍ အကယ်၍ ပြည်ထောင်စုမပြိုကွဲရေး (သို့) အမျိုးသားသွေးစည်းညီညွတ်ရေး (သို့) အမျိုးသားအချုပ်အခြာအာဏာပိုင်စိုးမှု ဆုံးရှုံးနိုင်သည့် ခြိမ်းခြောက်မှု ရှိလာပါက ကြေငြာနိုင်သည်။(၁၁/၈) သမတက ဥပဒေပြုမှု၊ စီမံအုပ်ချုပ်မှုနှင့် တရားစီရင်မှု အာဏာများကို နိုင်ငံတော်မူလအခြေအနေ ပြန်လည်ရောက်ရေးအတွက် လိုအပ်သော လှုပ်ရှားဆောင်ရွက်မှုများ လုပ်ဆောင်ရန် စစ်ဦးစီးချုပ်သို့ လွှဲပြောင်းပေးအပ်ရမည်။ ထိုအချိန်မှစ၍ လွှတ်တော်များ ဦးဆောင်အဖွဲ့အစည်းများ၏ ဥပဒေပြုမှုအာဏာများ ရပ်ဆိုင်းသွားပြီး သက်တမ်းကုန်ဆုံးသွားချိန်တွင် အလိုအလျောက် ပျက်ပြယ်သွားမည်။ (၁၁/၉) အလားတူပင် စီမံအုပ်ချုပ်မှု အဖွဲ့အစည်းများအားလုံး၏ အခွင့်အာဏာလည်း ရပ်စဲသွားပါသည်။ ဥပဒေပြုမှု၊ စီမံအုပ်ချုပ်မှုနှင့် တရားစီရင်မှု အာဏာအားလုံးအား စစ်ဦးစီးချုပ်အား လွှဲပြောင်းပေး (သမတနှင့် ဒုတိယသမတ ရာထူးများ တည်ရှိနေဆဲ)ရမည်ဖြစ်ပြီး ၎င်းက စီမံအုပ်ချုပ်မှုနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးရန် သင့်လျော်သောသူတစ်ဦး (သို့) အဖွဲ့တစ်ခုကို ခန့်အပ်နိုင်သည်။(၁၀/၁၀) စစ်ဦးစီးချုပ်က လူ့အခွင့်အရေး ပေးအပ်ထားမှုများကို ကန့်သတ်(သို့) ရုတ်သိမ်းနိုင်သည်။

အရေးပေါ်အခြေအနေအမျိုးအစား ၁ နှင့် ၂ တို့နှင့်မတူပဲ (ဒေသတစ်ခုအတွက် ကန့်သတ်မှုနှင့် တိကျသောကာလသတ်မှတ်မှုရှိသည့်) အရေးပေါ်အခြေအနေအမျိုးအစား ၃ က တိုင်းပြည်တစ်ခုလုံးအတွက် သတ်မှတ်ပြီး အစပိုင်းကာလအတွက် တစ်နှစ် ကြာမြင့်မည်။ ၎င်းကို အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ အကြံဉာဏ်ရယူပြီး စစ်ဦးစီးချုပ်၏ တောင်းဆိုမှုဖြင့် တစ်ကြိမ်လျှင် ၆ လတာ ကာလဖြင့် နှစ်ကြိမ်တိုးချဲ့နိုင်သည်။ အရေးပေါ်အခြေအနေကြေငြာပြီး စစ်ဦးစီးချုပ်၏အာဏာများအား ရုတ်သိမ်းလိုက်သည့်အချိန်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အရေးကြီးသောအာဏာများ ပေးအပ်သည်။ အထူးသဖြင့် လွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသွားပါသည်။(၁၁/၁၈) ၎င်းက နိုင်ငံတော်၏ "အချုပ်အခြာအာဏာကို" ကို သမတသစ် ရွေးချယ်တင်မြှောက်ပြီး အခြားသော အာဏာပိုင်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပြီးချိန်ထိ ကျင့်သုံးရသည်။ ထိုအချိန်အတွင်း ၎င်းကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပါအဝင် အစိုးရ၏အဆင့်အားလုံးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအဖွဲ့များ ဖွဲ့စည်းမည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက လွှတ်တော်များအတွက် ရွေးကောက်ပွဲများကို စစ်ဦးစီးချုပ်၏ အထူး အာဏာအား ပယ်ဖျက်ပြီး ၆လအတွင်း ကျင်းပပေးရမည်။ အရေးပေါ်အခြေအနေကာလအတွင်း အာဏာများကို ကျင့်သုံးကြသော (သို့) လုံခြုံရေး၊ တည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပြန်လည်တည်ဆောက်ရန် ၎င်းကာလပြီးဆုံး

ချိန်အထိ အာဏာကို ကျင့်သုံးခဲ့ကြရသော အာဏာပိုင် အားလုံးသည် တရားဥပဒေဆိုင်ရာလုပ်ငန်းစဉ်များမှ ကင်းလွတ်လုံခြုံမှု ရရှိမည်။ (၁၁/၉၄)

အကျဉ်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ထိုသို့သော အရေးပေါ် အခြေအနေကြေငြာမှု ဆုံးဖြတ်ချက်အပေါ်တွင် ကြီးမားစွာ ဩဇာလွှမ်းမိုးမှု ရှိမည်။ ကြေငြာလိုက်သည်နှင့် ဖွဲ့စည်းအခြေခံဥပဒေဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နေသားတကျရှိမှုများ အားလုံးရပ်ဆိုင်းသွားပါသည်။ နိုင်ငံတော်အာဏာအားလုံး(ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသော အကန့်အသတ်ရှိသည့် ကာကွယ်စောင့်ရှောက်မှုများ မရှိပဲ) စစ်ဦးစီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့မှတဆင့် တပ်မတော်လက်သို့ ရောက်ရှိသွားသည်။ တပ်မတော်၏ လုပ်ကိုင်ဆောင်ရွက်မှုများအတွက် တာဝန်ယူမှု မရှိပါ။ ဆန့်ကျင်ဘက်အားဖြင့် အရေးပေါ်အခြေအနေ ကာလအတွင်းနှင့် ကာလပြီးနောက် လှုပ်ရှားလုပ်ဆောင်ခဲ့သည်များ အားလုံးအတွက် တရားဥပဒေကြောင်း အရ လွတ်ကင်းလုံခြုံမှု ရရှိသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ၎င်းဖွဲ့စည်းတည်ထောင် ပေးလိုက်သော ရေးကောက်ပွဲကော်မရှင်မှတဆင့် ရွေးကောက်ပွဲများ ကျင်းပပေးရန် တာဝန်ရှိပြီး ။ သို့ရာတွင် လွတ်လပ်ပြီး တရားမျှတသော လုပ်ငန်းစဉ်ဖြစ်ရန် ကတိပြုမှုများ ပါရှိမည်မဟုတ်ပါ။

အရေးပေါ်အခြေအနေအားလုံးတွင် ၎င်းတို့၏ ပြီးပြည့်စုံမှုသဘောအရ အခြေခံအခွင့်အရေး အားလုံးအား ဆိုင်းငံ့ခံရနိုင်သည်။ (အထူးခြားဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခွင့်ပြုပေးအပ်မှု)

ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ရှိမှုမှာလည်း အရေးပေါ်အခြေအနေ အမျိုးအစားအရ အမျိုးမျိုး ရှိပါသည်။ အမျိုးအစား ၁နှင့် ၂ တွင် အရေးပေါ်အခြေအနေကြေငြာမှုနှင့် တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များအား ပြည်ထောင်စုလွှတ်တော်၏ ထောက်ခံမှုရယူရန် လွှတ်တော်သို့ ရက်ပေါင်း ၆၀ အတွင်း အစီရင်ခံတင်ပြရမည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အရှည်လျားဆုံး ကြားပိုင်းကာလ ဖြစ်နိုင်)။ တတိယအမျိုးအစားတွင် လွှတ်တော်၏ ထောက်ခံမှုရယူရန် တင်သွင်းရမည့် အချိန်ကာလအား တိတ်ကျကျ ဖော်ပြထားခြင်း မရှိပါ။ (သို့အတွက်ဖြစ်နိုင်သည်မှာ အသိပေးအစီရင်ခံတင်ပြမှု မပြုလုပ်မီ လွှတ်တော် သက်တမ်းမှာ ကုန်ဆုံးပြီး ဖြစ်ပါလိမ့်မည်။ )

အရေးပေါ်အခြေအနေအမျိုးအစား ၃ ကြေငြာပြီးချိန်တွင် အာဏာခွဲဝေမှု စံနစ်တစ်ခုလုံး ပြိုကွဲ သွားပါသည်။ နိုင်ငံတော်၏ အာဏာအားလုံးမှာ စစ်ဦးစီးချုပ်ထံသို့ ရောက်ရှိသွားပါသည်။ အာဏာဖြန့်ဝေမှုနှင့် တိုင်းပြည်ရှိ အမျိုးမျိုးသော အဆင့်များမှ အဖွဲ့အစည်းများ၏ အမျိုးအစားကွဲပြားမှုမှာ ထိရောက်မှု မရှိ ဖြစ်လာပါသည်။ နိုင်ငံတော်မှာ စစ်ဦးစီးချုပ်နှင့် တပ်မတော်၏ လုံးဝလွှမ်းမိုးမှုအောက်တွင် အပြီးတိုင် ဗဟိုချုပ်ကိုင်မှု ရှိလာပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေစိုးမိုးမှု ပြန်လည်ရရှိရေးအတွက် လှုံ့ဆော်ပေးနိုင်သော တက်ကြွသည့် အဖွဲ့အစည်းများ မကျန်ရှိသလောက် ဖြစ်သွားပါလိမ့်မည်။ (ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆိုလျှင် မှားယွင်းမှု)။ မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ၎င်းအား ကယ်ဆယ်ရန်ကြံရွယ်ခဲ့သော အခြေအနေသို့ ပြန်လည် ရောက်ရှိသွားပါလိမ့်မည်။

<u>ပြင်ဆင်မှုလုပ်ထုံးလုပ်နည်း</u>

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအတွက် စည်းမျဉ်းဥပဒေသများမှ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသွင်ကူးပြောင်းရေးကာလ ကရိယာတန်ဆာပလာတစ်ခုအဖြစ် မရှုမြင်ပါ။ (အခန်း ၁၂)။ ပြင်ဆင်မှု လုပ်ငန်းစဉ်အား အနည်းဆုံးလွှတ်တော်အဖွဲ့ဝင်များ၏ ၂၀%၏ ထောက်ခံမှုနှင့်အတူ ဥပဒေတစ်ခုတင်သွင်း ခြင်းဖြင့် ပြည်ထောင်စုလွှတ်တော်အတွင်း စတင်လုပ်ဆောင်ပါသည်။ ပြင်ဆင်မှုကိစ္စအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ချမှတ်ပြဋ္ဌာန်းပေးမှုများအား အတန်းအစားနှစ်မျိုးခွဲခြားပါသည်။ နှစ်မျိုးစလုံးအတွက် အတည်ပြု ပြဋ္ဌာန်းရန် အဖွဲ့ဝင်အားလုံး၏ ၇၅% ကျော်သော မဲပမာဏ လိုအပ်ပါသည်။ ၎င်းက တပ်မတော်သို့ ဗီတိုအာဏာတစ်ခု အသေအချာ ပေးအပ်ပါလိမ့်မည်။ သို့သော်လည်း အချို့သော ပြဋ္ဌာန်းချမှတ်မှုများမှာ မဲဆန္ဒပေးခွင့်ရှိသူများ၏ ထက်ဝက်ကျော်အရေအတွက်က ဆန္ဒခံယူပွဲတစ်ခုဖြင့် ထောက်ခံမှုလည်း လိုအပ်ပါ လိမ့်မည်။ လက်တွေ့အရတွင် ဤသည်မှာ အမှန်တကယ်မဲမပေးကြမည့်သူများအတွက် တင်းကျပ်သည့်

အခြေအနေတစ်ရပ် ဖြစ်ပါသည်။ သို့သော် ပြင်ဆင်မှုအား လူများစုက ထောက်ခံမှု ရှိ/မရှိ ရေတွက်သော အချိန်တွင် ၎င်းတို့၏ အရေအတွက်ကိုပါ ထည့်သွင်းရေတွက်ပါလိမ့်မည်။

ပြည်သူ့လွှတ်တော်နှင့် ဆန္ဒခံယူပွဲနှစ်ခုစလုံးတွင် မဲဆန္ဒအား နာခံရမည့် ပြဋ္ဌာန်းသတ်မှတ်ပေး မှုများမှာ ကျယ်ပြန့်သောအခြေခံ ရှိပါသည်။ နိုင်ငံတော်အခြေခံမူဝါဒများ၊ နိုင်ငံတော်တည်ဆောက်ပုံ၊ ဥပဒေ ပြုလွှတ်တော်ဖွဲ့စည်းမှု၊ စီမံအုပ်ချုပ်မှု ဖွဲ့စည်းမှု၊ တရားစီရင်မှု ဖွဲ့စည်းမှုနှင့် အရေးပေါ် အခြေတို့ ဖြစ်ပါသည်။

ပုံမှန်အားဖြင့် ရှည်ကြာလှသော ညှိနှိုင်းဆွေးနွေးမှုများနှင့် ကျယ်ပြန့်သော အကြံဉာဏ် ရယူမှုများ အပြီးတွင် သဘာဝအရ အလျင်စလို ပြင်ဆင်ခြင်းကို ဆန့်ကျင်၍ ၎င်းကို ထိန်းသိမ်းလိုသော ဆန္ဒရှိကြ ပါသည်။ ပြင်ဆင်ခြင်းကို လူ့အဖွဲ့အစည်းတွင် အရေးကြီးသည့် ထောက်ခံမှုမရကြသောအုပ်စုများက အားပေး တတ်ကြပါသည်။ သို့ရာတွင် ယခုကဲ့သို့ နက်ရှိုင်းစွာ ချုံ့ယွင်းအားနည်းချက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုနှင့် ပတ်သက်ပြီး တင်းကျပ်သောအခြေအနေများမှာ ပြည့်ဝသော ဒီမိုကရေစီ၊ ပါဝင်ဆောင်ရွက်မှုနှင့် အခွင့်အရေးများ ကာကွယ်ခြင်းတို့ကို ဟန့်တားကာကွယ်ရန် ပိုင်းဖြတ်ထားခြင်း၏ လက္ခဏာ တစ်ရပ်ဖြစ် ပါသည်။

## အသွင်ကူးပြောင်းမှုဆိုင်ရာ ပြဋ္ဌာန်းချမှတ်မှုများ

အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချမှတ်ပေးမှုများဆိုသည်မှာ ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအား အတည်ပြုခြင်းနှင့်တည်ဆဲစံနစ်ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ဝန်ထမ်းများ အား ဆက်လက်တည်မြဲစေရန် ချမှတ်ပေးသော ရွေးကောက်ပွဲအပြီး အကောင်အထည်ဖော်ဆောင်ရွက် မှုများအကြား ဖြစ်လာရမည့်အရာဖြစ်ပါသည်။ (အခန်း ၁၄) နိုင်ငံတော်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ကောင်စီက "နိုင်ငံတော်အချုပ်အခြာအာဏာ"ကို ဆက်လက်ကျင့်သုံးပြီး ပြည်ထောင်စုလွှတ်တော်၏လုပ်ငန်း ဆောင်တာများအားလုံးကို ဆောင်ရွက်ပါလိမ့်မည်။

အကယ်၍ တည်ဆဲဥပဒေနှင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ပြင်ဆင် သည့်တိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သဟဇာတဖြစ်နေလျှင် တည်ဆဲဥပဒေများနှင့် အဖွဲ့အစည်းများ အား ချမှတ်ပေးသည်မှာ ပုံမှန်ဖြစ်ပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်က စံနစ်အတွင်း ထိုကဲ့သို့သော အဓိကအပြောင်းအလဲတစ်ခုအား ချမှတ်ပေးသည့်အခါ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်သော စီမံအုပ်ချုပ်မှုအဖွဲ့ (သို့) ဥပဒေပြုအဖွဲ့တို့အတွက် ရွေးကောက်ပွဲများ၊ အချိန်ဇယားတစ်မျိုးမျိုးအပါအဝင် အသွင်ကူးပြောင်းရေးကို မည်သို့ လုပ်ဆောင်မည် ဆိုသည်ကို အချို့ အသေးစိတ်ချမှတ်ပေးမှုမှာ အသုံးဝင်ပါသည်။ ဤနေရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အား သက်ဝင်လှုပ်ရှားအောင် လုပ်ဆောင်မည့်အားလုံးသော အခွင့်အာဏာမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် ကျန်ရှိနေပါသည်။ အစိုးရက ၂၀၁၀ ခုနှစ်တွင် ရွေးကောက် ပွဲကျင်းပမည်ဟု ကတိပြုထားသော်လည်း ကောင်စီအား မည်သည့်အချိန်ဇယားနှင့်မှ ချုပ်ကိုင်ထားခြင်း မရှိပါ။ ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအား စတင်အကောင်အထည်ဖော်ရန် လုပ်ကိုင် ဆောင်ရွက်ခဲ့သမျှ အားလုံးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ပြီး အကယ်၍ နိုင်ငံရေးအခြေအနေများမှာ သင့်လျော်ကောင်း မွန်မှုမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်မှုအား ကာကွယ်ရန် ကောင်စီအနေဖြင့် ရွေးကောက်ပွဲများကို အချိန်ကြာမြင့်စွာ ရွှေ့ဆိုင်းထားနိုင်သည်ဟုလည်း ဖော်ပြထားပါသည်။

## (၅) သုံးသပ်အကဲဖြတ်ချက်

၎င်း၏ ကိုယ်ပိုင်အဆင့်အတန်းနှင့်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အောင်မြင်မှု မရှိပါ။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ အချို့ဦးတည်ချက်များမှာ နိုင်ငံနှင့်လူမျိုးသွေးစည်းညီညွတ်မှုတွင် စုပြုံနေပါသည်။ (ပြည်သူလူထု၏ ကွဲပြားမှုအား အသိအမှတ်ပြုခြင်းဖြင့်)။ တိုင်းပြည်တွင်းရှိ အုပ်စုများစွာက (တိုင်းရင်းသားလူမျိုးလူနည်းစုများ၊ ဒီမိုကရေစီရေးတိမ်းညွတ်သူ ဗမာများနှင့် ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာဝင်များ) ၎င်းပြုပြင်ပြောင်းလဲမှုဆိုသည်များတွင် ပါဝင်ဆောင်ရွက်လိုသည်မှာ ဖြစ်နိုင်ပါသည်။ နိုင်ငံတော်၏ နယ်မြေပိုင်နက်ဆိုင်ရာ ပြန်လည်ဖွဲ့စည်းတည်ဆောက်မှုမှာ ကာလကြာမြင့်စွာကပင် ၎င်းတို့၏

ယဉ်ကျေးမှုနှင့် နယ်မြေအခွင့်အရေးများအား လုံလောက်သော အသိအမှတ်ပြုမှု ရရှိရန် ကြိုးပမ်းအားထုတ်နေခဲ့ကြသော တိုင်းရင်းသားလူမျိုးစု အုပ်စုများအား ကျေနပ်နစ်သိမ့်စေနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်အစိုးရကို ဖြစ်ပေါ်လာစေလိမ့်မည်မဟုတ်ပါ။ ဗုဒ္ဓဘာသာနှင့် ဗမာဘာသာစကားအတွက် စိတ်ကူးပုံဖော်ထားသော အထူးနေရာဒေသမှာ လူနည်းစုများအတွက် ပလပ်ဖယ်ရှားခံရမှုကို ဆက်လက်ဖြစ်ပေါ်စေပါလိမ့်မည်။ အခြားဦးတည်ချက်တစ်ခုဖြစ်သည့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစံနစ်မှာလည်း အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ကိုယ်စားပြု အဖွဲ့အစည်းများ၏ အစိတ်စိတ်အမွှာမွှာဖြစ်နေသည့် သဘာဝနှင့် နိုင်ငံတဝှမ်းလုံး လွှမ်းမိုးထားသည့် ပြည်ထောင်စုစီမံအုပ်ချုပ်မှုတို့ဖြင့် ဆုပ်ဖမ်းမရနိုင် ဖြစ်နေဆဲဖြစ်ပါသည်။ အာဏာမှာ သမတနှင့် စစ်ဦးစီးချုပ်တို့တွင်သာ မြင့်မြင့်မားမားစုစည်းနေသဖြင့် နိုင်ငံရေးပါတီများ ဖွံ့ဖြိုးတိုးတက်နိုင်သည့်စံနစ်တစ်ခုမှာ ဖြစ်နိုင်ဖွယ်မရှိပါ။ (သမတရွေးချယ်တင်မြှောက်ပွဲများမှာ ကိုယ်ကိုယ်တိုင် ဆွဲဆန့်ထားသော အဆင့်ဆင့်ရာထူးရှိ အုပ်စုငယ်ကလေးများအကြားရှိ သဘောတူညီမှုကိစ္စတစ်ခုသာဖြစ်ပြီး အလုံးစုံမဲပေးခွင့်၏ အကျိုးရလာဒ်ကြောင့်မဟုတ်ပဲ စစ်ဦးစီးချုပ်အားလည်း ၎င်း၏ ရင်းနှီးကျွမ်းဝင် သူများကသာ စိတ်ကြိုက်ရွေးယူခဲ့ခြင်းဖြစ်သည်) လောကပါလတရားများ၏ အမြင့်မားဆုံးနှင့် တန်ဘိုးအထိုက်ဆုံး တန်ဘိုးဖြစ်သည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း မျှော်လင့်မှု တစုံတရာလည်း မရှိပါ။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတို့ကို ငြင်းပယ်ခြင်း (အမှန်တကယ်မှာ ထိုကောင်းသောတရားများကို ကြောက်ရွံ့၍)အား အခြေခံဥပဒေမူကြမ်း၏ အခြေခံမူတိုင်းတွင် ရေးသားထည့်သွင်းထားခြင်းသာ ဖြစ်ပါသည်။ တရားစီရင်ရေးတွင် လွတ်လပ်ခြင်းကင်းမဲ့ခြင်းသည် အာဏာကို အမိကကိုင်စွဲထားသူနှစ်ဦးအား တရားဥပဒေကြောင်းမှ လုံခြုံကင်းလွတ်ခွင့် ပေးထားလိမ့်မည်ဖြစ်ပြီး တရားမျှတခြင်း၏ သွင်ပြင်တိုင်းအား ငြင်းဖျက်ခြင်းပင် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ရယူနိုင်မည် တစ်ခုတည်းသော ဦးတည်ချက်မှာ လက်နက်ကိုင်တပ်များ၏ အခွင့်ထူးခံအနေအထားသာ ဖြစ်ပါသည်။ သို့သော်လည်း ဤဦးတည်ချက်အား အခြားသော ဦးတည်ချက်များဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ ပါတီစုံဒီမိုကရေစီ၊ အာဏာခွဲဝေပိုင်းခြားမှု ၊ ကိုယ်ပိုင်အစိုးရ၊ တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းကို ငြင်းပယ်ခြင်းဖြင့်သာ ရယူနိုင်ပါလိမ့်မည်။

အရေးပေါ်အခြေအနေများအတွက် တိုးများစွာ ပြဋ္ဌာန်းချမှတ် မူကြမ်းရေးဆွဲထားသော လမ်းညွှန်အခင်းအကျင်းဖြစ်သည့် အပြည့်အဝ ပေါက်ကွဲ၊ သွေးစွန်းပြီး လျှော့ချ၊ ပြေငြိမ်းမှုမရှိသော စစ်တပ်အုပ်စိုးမှုက မူကြမ်းရေးဆွဲသူများပင်လျှင် ၎င်းတို့အနေဖြင့် အမှန်တကယ် ပင်ကိုယ်ဦးတည်ချက်များအား သဘောတူထောက်ခံသည်ဟု ယူဆရင်း ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေစံနစ်မှာ အဆိုပါ အခြားဦးတည်ချက်များအား အောင်မြင် ရယူနိုင်မည်ဟု ယုံကြည်မှု မရှိကြပါ။

ဤအငြင်းပွားမှုများကို ကျွန်ုပ်အား အသေးစိတ်ရှင်းလင်းခွင့် ပေးစေချင်ပါသည်။ အခြေခံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူများ မူကြမ်းရေးဆွဲခြင်း၊ လုပ်ငန်းစဉ်မှာ နက်ရှိုင်းစွာ ချို့ယွင်းအားနည်းခဲ့ပါသည်။ ပြည်သူလူတုက ၎င်းတို့အမှန်တကယ်လိုလားသော အနာဂတ်အမျိုးအစားကို စဉ်းစား ဆွေးနွေးသောလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ခွင့် မရခဲ့ပါ။ အစီအစဉ်များနှင့် ခြေလှမ်းများကို စစ်တပ်ကသာ ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် အဆင်ပြေအောင် ရေးဆွဲခဲ့ကြပြီး ဒီမိုကရေစီအင်အားစုများနှင့် လုပ်ထုံးလုပ်နည်းများအပေါ် မလိုလား မနစ်သက်မှုများဖြင့် ပြသထားသည့်အတိုင်း ဒီမိုကရေစီမှာ ၎င်းတို့၏ အစီအစဉ်များတွင် မပါဝင်ပါ။ ဤလုပ်ငန်းစဉ်ကို အမျိုးသားအထွေထွေတွေးမြင်ယူဆမှု (သို့) အမျိုးသား ဖော်ဆောင်သတ်မှတ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချရန် ကြိုးစားမှုမျိုး မလုပ်ခဲ့ပါ။ ဒီမိုကရေစီရေး၊ လူထုထောက်ခံအားပေးမှုနှင့် လုပ်ငန်းစဉ်အတွင်း တိုင်းရင်းသားလူမျိုးများ ပါဝင်လာစေရန် လုပ်ဆောင်မှုမျိုး လွန်စွာ နည်းပါးလှပါသည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစုံနှင့် တိုင်းရင်းသားလူမျိုးစုံ စရိုက်လက္ခဏာများအား ရည်ညွှန်းပြောဆိုဖော်ပြမှုများ ရှိသော်လည်း ၎င်းတို့၏ မတူကွဲပြားမှုများအား လုံလောက်ကောင်းမွန်သော အသိအမှတ်ပြုမှုမျိုး မရှိခဲ့ပါ။

အခြေခံယူဆချက်မှာ စစ်တပ်အင်အားသည် တိုင်ပြည်အား တစုတစည်းတည်းရှိစေရန် လိုအပ်သည်။(အမျိုးသားနိုင်ငံမဟုတ်) အင်အားသုံးအကျပ်ကိုင်ခြင်း၊ စည်းရုံးသွေးဆောင်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးမှု မရှိခြင်းတို့မှာ အခြေခံချဉ်းကပ်ဆောင်ရွက်မှု ဖြစ်နေဆဲ ဖြစ်ပါသည်။ ၎င်းတို့၏ အဆုံးစွန်ဆုံးသော အခန်း

ကဏ္ဍဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်သူဆိုသည်မှာ ပြည့်ဝသော အရေးပေါ်အခြေအနေ အာဏာများ၏ " မြင့်မြတ်ကောင်းမွန်မှု" ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသာ ဖြစ်ပါလိမ့်မည်။

လက်နက်ကိုင်တပ်များအား ပေးအပ်ထားသော အခန်းကဏ္ဍမှာ အမျိုးသားပေါင်းစည်းညီညွတ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ခြင်းများအား အစဉ်တစိုက်ခြိမ်းခြောက်နေပါလိမ့်မည်။ စစ်တပ်တွင် တိုင်းရင်းသားလူမျိုးများ၏ ဒေသများသို့ စစ်ဆင်ရေးဆင်နွှဲခြင်းနှင့် ဒီမိုကရေစီရေးအား ဖိနှိပ်ချေမှုန်းရေး အစဉ်အလာတစ်ခု ရှိနေခဲ့ပါသည်။ ယခုလက်ရှိအစိုးရ၏ စစ်ဝါဒီဆန်သော အစဉ်အလာများ၊ ဒီမိုကရေစီဆန့်ကျင်ရေး သဘောထားအမြင်များမှာ ဆက်လက်တည်ရှိနေရန် အလားအလာရှိပါသည်။ မြန်မာလူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်စွဲမြဲနေသော စစ်တပ်ဩဇာလွှမ်းမိုးမှုမှာ အတိတ်နှင့်ပစ္စုပ္ပန်ကာလ ချန်လှပ်ဖယ်ထုတ်ဘက်လိုက်မှုများနှင့် လက်တွေ့လုပ်ရပ်များအား ပြောင်းလဲသွားစေရန် လုပ်ဆောင်နိုင်ဖွယ်ရာမရှိပါ။ တပ်မတော်၏ တိုင်းပြည်လုံးအပေါ် ညောင်ပင်လောင်းရိပ်ထိုးထားမှု အောက်တွင် ဒီမိုကရေစီ အလေ့အထများ မကြီးထွား မဖွံ့ဖြိုးနိုင်ပါ။ လက်နက်ကိုင်တပ်ဖွဲ့များအား ပေးအပ်ရန် ဖွဲ့စည်းပုံအ ခြေခံဥပဒေမူကြမ်းက ဟန်ပြဖော်ဆိုနေသော အတုအယောင်တရားဝင်ဖြစ်မှု (နိုင်ငံတော်၏ ဗဟိုချက်မ အစိတ်အပိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်သူအဖြစ်)သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအစဉ်ချမှတ်မှုများ၏ အလည်ဗဟိုတွင် ရှိနေပါသည်။ နိုင်ငံရေးလုပ်ငန်းစဉ်၏ အရေးကြီးသော အခန်းကဏ္ဍတွင် လှုပ်ရှားဆောင်ရွက်နေသော်လည်း စစ်တပ်အား ဒီမိုကရေစီနှင့် တရားစီရင်ရေး အခြေခံစည်းမျဉ်းဥပဒေသများမှ ကင်းလွတ်ခွင့်ပေးထားခြင်းက ၎င်း၏နာမောင်းစမ်းလက်များ နိုင်ငံ၏အဖွဲ့အစည်းတိုင်းနှင့် ဒေသတိုင်းတွင် ရှိနေသော တိုင်းပြည်၏ အရေးအကြီးဆုံးအဖွဲ့အစည်းကြီးက အစိုးရ၏ ဦးစီးကြိုးကိုင်နေရာမှ ဒီမိုကရေစီဆန့်ကျင်ရေးအလေ့အထများ ဆောင်ယူပေးမည်ဟု ဆိုလိုပါသည်။ အရပ်ဘက် အာဏာပိုင်များနှင့် အင်အားစုများသည် စစ်တပ်အပေါ်ထိန်းချုပ်မှု လုံးဝ မရှိကြပါ။ ဆန့်ကျင်ဘက်အားဖြင့် စစ်တပ်သည် တိုင်ပြည်တွင်းမှ ဥပဒေပြုမှုနှင့် စီမံအုပ်ချုပ်မှုအဖွဲ့အစည်းများမှ ၎င်း၏ အဖွဲ့ဝင်များ၊ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအားဖြင့် အရပ်ဘက်ဆိုင်ရာအင်အားစုများအား ထိန်းချုပ်ပါလိမ့်မည်။

သမတရုံးအနေဖြင့်လည်း ဒီမိုကရေစီ (သို့) ပါဝင်ဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်ပေးရန် အလားအလာမရှိပါ။ ရွေးကောက်ပွဲစနစ်မှ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းနှင့် အနိုင်ရသူများအား ရွေးချယ်ခြင်းနှစ်ခုစလုံးတွင် သေးငယ်သော လူစုကလေးတစ်စုအား ကြီးမားစွာ အရေးပါမှု ပေးဆပ်ခဲ့ပါသည်။ စစ်တပ်အနေဖြင့် သမတအမည်စာရင်းတင်သွင်းမှု၏ အဓိကအခန်းကဏ္ဍမှ ပါဝင်မည်မှာ သေချာပါသည်။ အကယ်၍ သမတအား လွတ်လပ်သော ရပ်တည်ချက်လမ်းကြောင်းတစ်ခုမှ သိမ်းသွင်းစည်းရုံးခြင်းခံရပါက တပ်မတော်က ခန့်အပ်ထားသော ဒုတိယသမတက သမတအား ၎င်း၏ တပ်မတော်အား ဆန့်ကျင်ခုခံနိုင်စွမ်းမရှိမှုကို သမတအား သတိပေးမည်မှာ သေချာပါသည်။ ဖွဲ့စည်းပုံအခြေဥပဒေ လုပ်ငန်းဘောင်အတွင်းတွင် သမတနှင့်စစ်ဦးစီးချုပ်ကြား လှုပ်ရှားဆောင်ရွက်မှု မလုပ်နိုင်မှုက နက်ရှိုင်းသော တင်းမာမှုကို ဖြစ်စေနိုင်ပြီး တပ်မတော်အနေဖြင့်လည်း သည်းခံနိုင်စရာမရှိပါ။ ရွေးကောက်ပွဲစံနစ်က တပ်မတော်အား သမတရုံးအပေါ်ချုပ်ကိုင်နိုင်မှုကို စွမ်းဆောင်နိုင်စေပါလိမ့်မည်။ တစ်ဘက်တွင်လည်း မှန်ကန်သော ရွေးကောက်ပွဲစီမံချက်များအား လုပ်ဆောင်ရင်း အလုံးစုံမဲပေးမှုအားဖြင့် ရွေးကောက်ပွဲ၏ မြင်သာထင်ရှားသော ပါဝင်ဆောင်ရွက်ခွင့်ရှိသော လုပ်ငန်းစဉ်များက ကိုယ်စားလှယ်လောင်းများ တာဝန်ယူကြီးကြပ်သူများအဖြစ် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို တိုးမြှင့်ပေးပါလိမ့်မည်။ ပြည်သူများအားလည်း နိုင်ငံတော်အချုပ်အခြာအာဏာကို နောက်ဆုံးထိန်းသိမ်းစောင့်ရှောက်သူများအဖြစ် ကိုယ်ပိုင်အခွင့်အာဏာရှိသည်ဟူသော ခံစားမှုကို ပေးအပ်ထားပါလိမ့်မည်။

သမတအား ပေးအပ်ထားသော များပြားသောအာဏာများဖြစ်သည့် စုပေါင်းတာဝန်ယူမှုမှ ကင်းလွတ်ခွင့်၊ စစ်တပ်အပေါ် အမှီပြုမှု နှင့် ၎င်း၏ အာဏာအား မမှန်မကန် အသုံးပြုမှုအတွက် တရားဥပဒေဆိုင်ရာ ဆောင်ရွက်မှုများမှ ကင်းလွတ်လုံခြုံမှုခွင့်များက ဒီမိုကရေစီနှင့် တရားစီရင်ရေးဆိုင်ရာ အခြေခံမှုများကို ပို၍အားနည်းစေပါလိမ့်မည်။ တရားဥပဒေပြုမှုနှင့် စီမံအုပ်ချုပ်မှု အဖွဲ့များ၏ အစိတ်စိတ်အမွှာမွှာ ဖြစ်နေမှုသဘာဝက ဒီမိုကရေစီအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်မှုကို ကာကွယ်တားဆီး

မှုပြုနိုင်စရာ အများဆုံးရှိပါသည်။ တချိန်တည်းမှာပင် ဒီမိုကရေစီအရ တိမ်းညွတ်မှု ရှိသော လူနည်းစုအဖွဲ့ဝင်များ၏ အတူတကွ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်မှုကလည်း ကြီးမားပါလိမ့်မည်။

ယဉ်ကျေးမှုစုံနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြစ်သော တိုင်းပြည်၏ သဘာဝအားဖြင့် လုံလောက်သောအသိအမှတ်ပြုမှု မရှိခြင်းနှင့် လူနည်းစုများ၏ လိုအင်ဆန္ဒများအား အသိအမှတ်ပြုမှု မရှိခြင်းက ပြဋ္ဌာန်းချမှတ်မှုအချို့တွင် ထင်ရှားစွာ ပြသနေပါသည်။ စာတမ်းက တိုင်းပြည်၏ နယ်မြေပိုင်နက်ဆိုင်ရာ ပိုင်းခြားမှု၏ ရှုပ်ထွေးသော ဖွဲ့စည်းတည်ဆောက်မှုနှင့် အစိုးရ၏ အဆင့်တိုင်းမှ အဖွဲ့အစည်းများ၏ လိုအပ်သည်ထက် ပိုလွန်မှုတို့သည် နိုင်ငံတော်နှင့် စီမံအုပ်ချုပ်မှုမြင့်မားသော ဗဟိုချုပ်ကိုင်မှုသဘာဝအား ဖုံးကွယ်ရန် မရိုးမသားလုပ်ဆောင်မှုတစ်ခုသာဖြစ်ကြောင်း ပြသပြီး ဖြစ်ပါသည်။ ၎င်းက အဆိုပါ အဖွဲ့အစည်းများတည်ရှိနေကြသော လူ့အဖွဲ့အစည်းများအတွင်း စစ်မှန်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပေးနိုင်လိမ့်မည် မဟုတ်ပါ။ ၎င်းတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသော ဖွဲ့စည်းတည်ဆောက်မှုနှင့် ဆက်ဆံရေးအတွင်း ထည့်သွင်းပေးရမည်ဖြစ်ပြီး ၎င်းတို့၏ ကိုယ်ပိုင်ဒီမိုကရေစီအခင်းအကျင်း၊ အတွင်းပိုင်းမတူ ကွဲပြားမှုနှင့် လိုအင်ဆန္ဒများ အတွက် ၎င်းတို့အား ထိန်းညှိရန် အာဏာအနည်းအကျဉ်းသာ ရှိပါလိမ့်မည်။ တပ်မတော်၏ ပါဝင်တည်ရှိမှုသည် နေရာတိုင်းတွင် ရှိနေပါလိမ့်မည်။ အခြေခံဥပဒေမူကြမ်း ရေးဆွဲကြသူများ အနေဖြင့် ယဉ်ကျေးမှုစုံ ဗဟုစံနစ်ထက် နိုင်ငံရေးဆိုင်ရာထိန်းချုပ်မှု ပိုမိုပူပင်သောက ရှိကြမည်မှာ ရှင်းပါသည်။

ကိုယ်စားပြုမှု၊ နိုင်ငံတော်အဖွဲ့ အစည်းများတွင် ပါဝင်မှုနှင့် အခြားပါဝင်ဆောင်ရွက်မှု ပုံသဏ္ဍာန်များ အချိုးအစားညီညွတ်မှုမရှိခြင်းအား ယခုအချိန်တွင် သေးငယ်အရေးမပါသော လူ့အဖွဲ့အစည်းများ၏ အပါအဝင် ဖြစ်မှုအတွက် အရေးကြီးသည့် အရာတစ်ခုအဖြစ် ကျယ်ပြန့်စွာ အသိအမှတ်ပြုလာကြပြီး ဖြစ်ပါသည်။ အစိုးရ၏ အောက်ခြေအဆင့်များတွင် အမျိုးသား လူမျိုးစုများ၏ ကိုယ်စားပြုမှုနှင့် ပတ်သက်၍ အနည်းအကျဉ်းသော ပြဋ္ဌာန်းသတ်မှတ်ပေးမှုများ၏ အနက်အဓိပ္ပါယ်မှာ မရှင်းလင်းပါ။ ၎င်းတို့က အမှန်တကယ် စစ်မှန်သော ကွဲပြားခြားနားမှုများအား ဖန်တီးလာနိုင်ခြေမရှိပဲ ၎င်းတို့၏ ခေါင်းဆောင်များ၏ ပူးတွဲရွေးချယ်ခွင့် ဆီသို့သာ ဦးတည်နိုင်ခြေရှိပါသည်။ ပြည်နယ်များအတွင်း၌ပင်လျှင် လူနည်းစုများက အကယ်၍ အာဏာ တစုံတရာအား ကျင့်သုံးရမည်ဆိုပါက ပြည်ထောင်စုအာဏာပိုင်များနှင့် တပ်မတော်နှင့် အတူတကွ လုပ်ကိုင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နက်နဲစွာ အပေးအယူလုပ် ဆွေးနွေးကြရမည်ဖြစ်ပါသည်။

ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးစသော လူနည်းစုများအတွက် အရေးကြီးသည့်ကိစ္စရပ်များတွင် ဒေသဆိုင်ရာ (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လူ့အဖွဲ့အစည်းများအား အခွင့်အာဏာပေးအပ်မှု နည်းလွန်းပါသည်။ ၎င်းတို့မှာ ၎င်းတို့၏ပြည်နယ်များအတွင်း ပညာရေး (သို့) စီမံအုပ်ချုပ်ရေးများတွင် ဒေသဆိုင်ရာ ဘာသာစကားအသုံးပြုခြင်းများ ကာကွယ်တားဆီးခြင်း ခံရပါလိမ့်မည်။ ကရင်လူ့အခွင့်အရေး အုပ်စုက ဘာသာစကားကိစ္စမှာ နယ်မြေပိုင်နက်နှင့် လူထုအား ထိန်းချုပ်ထားသော သူပုန်အဖွဲ့အစည်းများ အတွက်ပင် အရေးအကြီးဆုံးကိစ္စတစ်ခုဖြစ်ကြောင်း ဖော်ပြထားခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေးက အသိအမှတ်ပြုထားခဲ့သော ၎င်းတို့ ထိန်းချုပ်ရာနယ်မြေပိုင်နက် ဥပမာအားဖြင့် "ဝ" "ကချင်" ဖြစ်ရပ်မျိုးတွင် ၎င်းတို့၌ ၎င်းတို့၏ ကျောင်းများ လုပ်ကိုင်ဆောင်ရွက်မှု ၊ ကျောင်းသင်ဘာသာဖြစ်ရပ်မျိုးတွင် ၎င်းတို့၏ လူမျိုးစုဘာသာစကား၊ ဗမာဘာသာ ၊ အင်္ဂလိပ်ဘာသာ (သို့) တရုတ်ဘာသာ စသည့် ဘာသာစကား အမျိုးမျိုးမှ ၎င်းတို့၏ ရွေးချယ်မှုနှင့်အညီ ပြုမူဆောင်ရွက်ရန် ဆန္ဒရှိပြီး ရင်းမြစ်များလည်း ရှိကြပါသည်။ ၎င်းအပြင် တိုင်းရင်းသားလူမျိုးဟု လူ့အဖွဲ့ အစည်းများမှာ ၎င်းတို့၏ ရိုးရာအစဉ်အလာနယ်မြေဖြစ်သည့် များစွာသော လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုအတွက် အချက်အခြာ ကိစ္စပေါ်တွင် ထိန်းချုပ်နိုင်မှု နည်းပါး လှပါသည်။

နောက်ဆုံးအနေဖြင့် လူ့အခွင့်အရေးများနှင့် လွတ်လပ်မှုများနှင့် ဆက်စပ်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ပြဋ္ဌာန်းချမှတ်ပေးထားမှုများမှာ များစွာ အပြစ်အနာအဆာရှိ ချို့ယွင်းနေပါသည်။ (ရည်ရွယ်ချက် ရှိရှိ)။ စာတမ်းက ဖော်ပြပြောဆိုခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဖန်တီးတည်ဆောက်ရေးနှင့်မူကြမ်းပါ ပါဝင်မှုများမှာ ယေဘုယျအားဖြင့် လက်ခံထားခဲ့ကြသော လူ့အခွင့်အရေးအခြေခံမှုများ အလေးထားမှု မရှိခဲ့ ကြပါ။ အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် အချက်အခြာဖြစ်သော တရားစီရင်ရေးမှာ

လည်း လွတ်လပ်မှု မရှိနိုင်သလို လူ့အခွင့်အရေးများကို ကာကွယ်နိုင်ခြေလည်း ရှိလိမ့်မည် မဟုတ်ပါ။ လူ့အခွင့်အရေးကော်မရှင် (သို့) လူထုတိုင်တန်းမှုကြားနာစစ်ဆေးရေးအဖွဲ့ကဲ့သို့ အခြားသော အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းပေးခြင်း (သို့) စဉ်းစားတွေးဆထားခဲ့ခြင်း မရှိပါ။ အခွင့်အရေးများအား ကန့်သတ်ပေးထားသော အသုံးအနှုန်းများမှာ ၎င်းတို့၏ လေးစားမှုကင်းမဲ့ခြင်း၏ ဖြစ်နိုင်ချေများဖြစ်ပြီး အမှန်စင်စစ်ဆိုင်းငံ့ရပ်စဲထားခြင်းသာ ဖြစ်ပါသည်။ စစ်တပ်၏ ဩဇာလွှမ်းမိုးမှုခံရသော အစိုးရဖွဲ့စည်း တည်ဆောက်ပုံမှာလည်း လူ့အခွင့်အရေးများအား ရိုသေလေးစားလာရန် ကူညီထောက်ပံ့မှု မရှိပါ။ ဤသို့အားဖြင့် မြန်မာနိုင်ငံရင်ဆိုင်နေရသော အခြေခံအကြောင်းအရာများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူထုအတွက် အောင်မြင်နိုင်ခြေမရှိဆုံး ဖြစ်ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ မှားယွင်းဖောက်ပြန်သော အခြေခံဥပဒေသများနှင့် ဖွဲ့စည်းတည်ဆောက်မှုဖြင့် ပိုမို၍ ဒီမိုကရေစီကျ သာတူညီမျှသော လူ့အဖွဲ့အစည်းတစ်ခုသို့ ကူးပြောင်းရေးအတွက် အခက်အခဲများစွာကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါသည်။